www.burmeseclassic.com

# ဂဂဂေဂေါင်

## ဘုရားပေးသောချစ်သူ

လုံးချင်းဝတ္ထုသစ်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၁၇၈၁/၂၀၀၃(၁၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၁၃၅၇/၂၀၀၄ (၁၂)

ထုတ်ဝေသူ
ဒေါ်ဝေဝေအောင်
ဝိုင်းစာပေ
၁၅၀၊ ဘိုလိမ်းလမ်း၊ မင်္ဂလာတောင်ညွန့်

ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း
ပထမအကြိမ် ၂၀၀၅ ခုနှစ် မေလ
အုပ်ရေ ၅၀၀ ၊ တန်ဖိုး (၃၀) ကျပ်

www.burmeseclassic.com

www.burmeseclassic.com

အနန္တော အနန္တငါးပါးအပါအဝင် မိဘနှစ်ပါးဖြစ်သူ ဖေဖေနှင့် မေမေအား ရှပ်နဲ့နခမ်တည်မြဲသရွေ့ သန့်ရှင်းစွာ ရှာဖွေရအပ် သောငွေဖြင့် ထောက်ပံ့ကူညီ ကျွေးမွေးပြုစုနိုင်သည့် သမီးကောင်း ရတနာဖြစ်ရပါလို၏။

ဤဝတ္ထု၊ အမည်၊ ဇာတ်လမ်းနှင့် ဝတ္ထုတွင်းပါ ဇာတ်ကောင်များ သည် စာရေးသူ၏ စိတ်ကူးယဉ်မှုသာ ဖြစ်ပါသည်။

မည်သူ့ကိုမျှ မရည်ရွယ်ပါ။

တိုက်ဆိုင်မှုရှိလျှင် ခွင့်လွှတ်ပါ။

ဝေဝေအောင်



# ၁

ဖေဖေဆုံးပါးပြီး တစ်လခွဲအကြာမှာ 'လေးလေး' မြန်မာနိုင်ငံသို့ ပြန်ရောက်လာခဲ့ပါသည်။ ကနေဒါမှာ သူ့ပညာနဲ့သူ သူ့ဝင်ငွေနဲ့သူ အခြေတကျဖြစ်တည်နေတဲ့ လေးလေး'ဦးသာကောင်း' ဟာ မြန်မာပြည်မှာ ဆွေမဲ့မျိုးမဲ့နဲ့ တစ်ကိုယ်တည်း ဖြစ်နေတဲ့တူမဖြစ်သူ 'ရှင်းသန့်ဖြူ' အတွက် တမင်စောင့်ရောက် ရအောင်လို့ ပြန်လာခဲ့ခြင်း ဖြစ်လေသည်။

'ရှင်းသန့်ဖြူ' အား ကနေဒါကို လိုက်လာဖို့ ခေါ်မေယ့်



www.burmeseclassic.com

www.burmeseclassic.com



လည်း အကြောင်းပြချက် ရေရေရာရာ မရှိဘဲ ငြင်းဆန်နေတာမို့ ဦးလေးဖြစ်သူက အလုပ်အကိုင်တွေကို စွန့်ပြီးပြန်လာရလေသည်။

ပေကတ်ကတ်နဲ့ စိတ်ထင်ရာ လျှောက်လုပ်တတ်သော 'ရှင်းသန့်ဖြူ' အတွက် 'ဦးသာကောင်း' စိတ်ပူပန်ရမယ်ဆိုလည်းမဆန်း။

အဖေတစ်ယောက်လုံး ဆုံးသွားတာတောင် ဦးလေးဖြစ်သူကို အကြောင်းမကြားဘဲ ဖုံးဖိသိုဝှက်ထားတာကို ကြည့်ပါလား။ ကိုယ့်အစ်ကို မျက်မှောက်လင့်ဘဲ ဦးနှောက်သွေးကြောပြတ်ကာ ဆုံးသွားတဲ့သတင်းကို တခြားမိတ်ဆွေတွေ ပြောပြမှ သိရတဲ့အဖြစ်ပါ။

သိသိချင်း 'ရှင်းသန့်ဖြူ' ဆီဖုန်းဆက်၍ အကျိုးအကြောင်းကိုမေး၊ စီစဉ်စရာရှိတာတွေ စီစဉ်ပေးနဲ့နောက်ဆုံးမှာတော့အလုပ်ကပင်ထွက်ကာ မြန်မာပြည်သို့ ပြန်ရောက်လာရခြင်းဖြစ်၏။

ဦးလေးဖြစ်သူကို လေဆိပ်မှာ လာကြိုနေတဲ့ 'ရှင်းသန့်ဖြူ' မှာလည်း နာရီတကြည့်ကြည့်နဲ့ စိတ်လှုပ်ရှားလို့ နေမိပါသည်။





"ထိုင်နေရတာ ပျင်းလာပြီ 'အရှင်း' ရာ… အပေါ်တက်ပြီး မုန့်သွားစားရအောင်… လေယာဉ်ဆိုက်ဖို့က နာရီဝက်လောက် လိုသေးတာပဲဟာ… ဆိုက်လာပြီးရင်လည်း ပစ္စည်းရွေးဘာရွေးနဲ့ ချက်ချင်းထွက်လာလို့ ရမှာမှ မဟုတ်ဘဲ… မုန့်သွားစားမယ် ဟာ"

သူငယ်ချင်းဖြစ်သူ 'လဲ့လဲ့' စကားကို 'အရှင်း' က ခေါင်းခါလိုက်သည်။

"မုန့်တော့စားချင်တယ်… ဒါပေမယ့် သွားတော့မသွားချင်ဘူး… နင်သွားစားမယ်ဆိုရင်တော့ ငါ့အတွက် မုန့်ဝယ်လာခဲ့ပေးဟာ… ငါ ဒီမှာပဲ ထိုင်စောင့်နေမယ်"

"ဟမ် တော်တော်ပြောတတ်ပါလား… သွားမှတော့ နှစ်ယောက်အတူတူပဲသွားမှာပေါ့… ငါတစ်ယောက်တည်း သွားရမှာကတော့ အလုပ်မဟုတ်ဘူး… လာခဲ့ဟာ ပေကတ်ပြီးထိုင်နေလို့ အကျိုးမရှိဘူး"

"မလိုက်ချင်ပါဘူး 'လဲ့လဲ့' ရာ… ငါပြောတဲ့အတိုင်းပဲ လုပ်လိုက်စမ်းပါ… နှစ်ယောက်စလုံး အကျိုးရှိတဲ့ကိစ္စကို"

"မလုပ်နိုင်ဘူး… နင်ပါ ငါနဲ့အတူလိုက်စားရင်စား မစားရင်တော့ ငါလည်း မသွားတော့ဘူး… နင့်လိုပဲ ထိုင်နေလိုက်



www.burmeseclassic.com

www.burmeseclassic.com



တော့မယ်”

“အကျင့်ပုတ်မ… ဒါကြောင့် ရုပ်ဆိုးဆိုးလူနဲ့ရမှာ”

“ဘာမှ မဆိုင်ဘူး… နင်တောင်မှ ငါ့လိုရုပ်ဆိုးဆိုးသူမျိုးရအောင် ရှာယူနိုင်လို့လား… အသက်ပဲ သုံးဆယ်ပြည့်နေပြီ… ယောကျ်ားတစ်ယောက်တောင် အဖြစ်ရှိအောင် မဆွဲဆောင်နိုင်ဘဲနဲ့များ သူများကိုကဲ့ရဲ့နေတယ်… ငါ့ကိုကိုက ရုပ်ဆိုးပေမယ့် ငါ့ကို သိပ်ချစ်တယ်… ပိုက်ဆံလည်းချမ်းသာတယ် ကြင်လည်းကြင်နာတတ်တယ်… လက်ထပ်ပြီးရင် အရာရာ ငါ့သဘောအတိုင်း ဖြစ်စေရမယ်တဲ့”

“အွပ် အွပ်”

‘အရှင်း’ က ပါးစပ်ကို တမင်ဖြဲပြီး လျှာကိုထွက်၍ အန်ချင်သလိုမျိုး အသံထွက်လုပ်ပြလိုက်ပါသည်။

‘အရှင်း’ မှာရှိသော သူငယ်ချင်းတွေအားလုံးသည် ‘လဲ့လဲ့’ ကလွဲ၍ အကုန်လုံး သူ့အိမ်ထောင်နဲ့သူ ဖြစ်နေကြပါပြီ။

‘လဲ့လဲ့’ ကိုယ့်ဘေးမှာ အဖော်ရှိနေတုန်းကတော့ ကျန်တဲ့သူငယ်ချင်းတွေ ဘယ်လိုပဲပြောပြော ဘယ်လိုပဲလှောင်လှောင် ဂရုမစိုက်ပေမယ့် အခု အခြေအနေမှာတော့ ‘အရှင်း’ တစ်ယောက်တည်း ငေါင်နေရတော့သည်။





‘လဲ့လဲ့’ ဆိုတဲ့မိန်းမကလည်း ချစ်တဲ့သူ မတွေ့ခင်တုန်းကတော့ ‘အရှင်း’ နဲ့အတူ ကျန်တဲ့သူငယ်ချင်းတွေကို အားဘောင် အာရင်းသန်သန် အနိုင်မခံ ပြန်ပြောခဲ့ပေမယ့် ချစ်သူရှိသွားတဲ့ အခါမှာတော့ ရေငုံနှုတ်ပိတ်ကာ ‘အရှင်း’ ကိုပင် အပြစ်တင်တဲ့ မျက်လုံးမျိုးတွေနဲ့ ပြန်ကြည့်နေတတ်ခဲ့ပါသည်။

တွေ့လိုက်တဲ့အခါတိုင်းမှာလည်း သူ့လိုမျိုးယောကျ်ားယူတော့ဖို့သာ တိုက်တွန်းတတ်လေတော့သည်။

‘အရှင်း’ ကတော့ ဘယ်သူတွေ ဘာပဲပြောပြော ဂရုမစိုက်ဘဲ စိတ်ချမ်းသာသလိုသာ နေမိ၏။ ဒါပေမယ့် ဖေဖေဆုံးသွားပြီးတဲ့ နောက်မှာတော့ တစ်ယောက်တည်း အထီးကျန်စွာ နေ့နေ့ရတဲ့အဖြစ်ကို အားငယ်နေမိပါသည်။

‘အရှင်း’ ကိုစာနာသနားပြီး ခင်မင်တဲ့ပတ်ဝန်းကျင်ရှိ မိတ်ဆွေတချို့နဲ့ ‘လဲ့လဲ့’ က အတူလာနေပေးမယ် လုပ်ပေမယ့် ဘယ်သူ့ကိုမှ ‘အရှင်း’ က လက်မခံချေ။

ကိုယ်နဲ့ ဘယ်လောက်ပဲခင်ခင် ဘယ်လောက်ပဲ အကျွမ်းတဝင်ရှိပါစေဦး ဆွေမျိုးအရင်းအခြာမဟုတ်တဲ့အတွက် ‘အရှင်း’ က အားနာပါသည်။

သူတို့တစ်တွေရဲ့ စေတနာကို နားလည်ကျေးဇူးတင်ရ



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် 'အရှင်း' နဲ့ ဘယ်လောက်ထိကြာကြာ အဖော်လုပ်ပြီး နေပေးနိုင်မှာမို့လို့လဲ။

ကြာလာတာနဲ့အမျှ ကိုယ့်အားနာ သူ့အားနာနဲ့ မလိုလားအပ်တဲ့ လူမှုရေးကိစ္စတွေ ဖြစ်လာမှာကိုစိုးပြီး 'အရှင်း' က ငြင်းထားလိုက်ပါသည်။

ဖေဖေနဲ့နေတုန်းက ကူဖော်လောင်ဖက် မခေါ်ခဲ့ပေမယ့် 'အရှင်း' တစ်ယောက်တည်း ဖြစ်လာတဲ့အခါကျတော့ အဖော်ရအောင်ဆိုပြီး တမင် ခေါ်ထားလိုက်ပါသည်။

ဆိုးတော့ မဆိုးပါ။ ပျင်းတဲ့အခါများဆို စကားပြောဖော်တော့ရလေသည်။

ဖေဖေ ရှိတုန်းက ဖေဖေခိုင်းတဲ့ အလုပ်ကိစ္စတချို့ကို ကူလုပ်ပေးလိုက်၊ 'အရှင်း' ရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စတွေမှာ အချိန်ဖြုန်းလိုက်နဲ့ အားရသည်ဟူ၍ မရှိခဲ့ပါ။

ဖေဖေ မရှိတော့တဲ့အခါကျတော့ 'အရှင်း' မှာ အအားကြီးအားနေရတော့သည်။ ဖေဖေရဲ့ အလုပ်ကိစ္စတွေကိုလည်းဦးဆောင်ပြီး 'အရှင်း' က မလုပ်တတ်ပေ။

သင်္ဘောသားအလုပ်ကို အေးဂျင့်ယူကာ ပို့ပေးတဲ့ ဖေဖေရဲ့အလုပ်က နိုင်ငံခြားသားကုမ္ပဏီနဲ့ အဆက်အသွယ်တွေ





မပြတ်တမ်းလုပ်နေရပါသည်။

အိမ်မေးလ်တို့ ဖက်စ်တို့ကိုလည်း 'အရှင်း' စိတ်မဝင်စား။

လုပ်လည်း မလုပ်တတ်ပါ။

ဖေဖေ ရုတ်တရက်ဆုံးသွားတဲ့အခါကျတော့ မပြတ်လပ်သေးတဲ့ လူတချို့ရဲ့ လုပ်ငန်းတွေက 'အရှင်း' ရဲ့ခေါင်းပေါ်ပုံကျလာခဲ့ရသည်။

ပြီးပြတ်နိုင်တဲ့ ကိစ္စဆိုရင်တော့ခေါင်းရှုပ်ခံပြီး 'အရှင်း' ဆက်လုပ်ပေးလိုက်ပေမယ့် လူသစ်တွေကိုကျတော့ တစ်ခါတည်းငွေပြန်အမ်းပစ်လိုက်ပါသည်။

ဖေဖေရဲ့ တပည့်တွေက သူ့ဘို့ဆက်လုပ်မယ် ပြောပေမယ့် 'အရှင်း' က ခေါင်းခါ ငြင်းဆန်ပစ်လိုက်သည်။ ဖေဖေမရှိမှတော့ ဖေဖေ့နာမည်တပ်ပြီး ဘယ်သူ့ကိုမှ ပေးမလုပ်ချင်တော့ပေ။

ကိစ္စအားလုံးကိုဖြတ်ပြီး တစ်ယောက်တည်းခပ်အေးအေးနေမယ်လို့ ဆုံးဖြတ်လိုက်စဉ် 'လေးလေး' ပြန်ရောက်ချလာပါတော့သည်။

'လေးလေး' ပြန်ရောက်လာလို့ ဝမ်းသာရပေမယ့် ပူညံလှသော 'လေးလေး' ရဲ့စရိုက်ကိုတော့ လန့်သည်။ ကျောင်းပြီး



www.burmeseclassic.com

www.burmeseclassic.com



သွားကတည်းက ဘယ်လုပ်ငန်းခွင်ထဲမှ မဝင်ဘဲ ဟိုယောင် ယောင် ဒီယောင်ယောင်နဲ့ အငြိမ်းစားလုပ်နေသော 'အရှင်း' ကို ဖုန်းနဲ့တစ်မျိုး စာနဲ့တစ်မျိုး အမြဲတမ်းဆူတတ်လေသည်။

ဖေဖေတောင် ဘာမှမပြောဘဲ လွှတ်ပေးထားတာကြောင့် အဝေးမှာရှိတဲ့ 'လေးလေး' ရဲ့ အပြောလောက်ကိုတော့ 'အရှင်း' အတွက် ရယ်တာပေါ့ ဆိုတာမျိုးပါ။

'လေးလေး' လှမ်းခေါ်ရင်လည်း မလိုက်ဘဲ ငြင်းဆန်ဖို့ ဆုံးဖြတ်ထားပြီးသားပါ။ တော်ကြာ ဟိုရောက်မှ ပြန်မလွှတ်ဘဲ အလုပ်လုပ်ခိုင်းနေလျှင် ခက်မည်။

'အရှင်း' က အလုပ် မလုပ်ချင်တာတော့ မဟုတ်။ တာဝန် တစ်ခုကို မယူချင်တာသာ ဖြစ်ပါသည်။ သူများလက်အောက် မှာ သူများရဲ့ ဩဇာကို နာခံရမှာလည်း 'အရှင်း' စိုးရိမ်သည်။ ကိုယ် စိတ်ပါပါ မပါပါ ပုံမှန်ကြီးလုပ်နေရမယ့် အလုပ်မျိုးကို 'အရှင်း' မုန်းသည်။

'အရှင်း' ရဲ့သဘောက စိတ်ပါလျှင် အားတက်သရော လုပ်မည်။ စိတ်မပါလို့ကတော့ လမ်းပင်လျှောက်ချင်သူ မဟုတ် ပါ။

ဖေဖေခိုင်းတဲ့ အလုပ်ကိစ္စတွေက ခဏတဖြုတ်မို့ 'အရှင်း'





လုပ်ရတာ ဝန်မလေးပေမယ့် 'လေးလေး' ရောက်လာရင်တော့ 'အရှင်း' ကို ဒီအတိုင်း နေခိုင်းမည် မထင်ပါ။ အလုပ်တစ်ခုခု တော့ ခိုင်းမှာသေချာနေရသည်။

သည့်အတွက် 'အရှင်း' ရင်ထဲမှာ ပျော်လည်းပျော်ကာ စိတ်လည်း ရှုပ်ထွေးနေမိပါသည်။

" 'လဲ့လဲ့' မသွားဘူးလား… နင်ကလည်း သူငယ်ချင်း အချင်းချင်းဖြစ်ပြီး အရမ်းတွက်ကပ်တာပဲ… မုန့်သွားဝယ်တာ ကျတော့ အတူတူသွားချင်တယ်… ရည်းစားနဲ့ချိန်းတွေ့တာကျ တော့ တစ်လုံးတောင်မဟာဘူး… တစ်ချိန်လုံး ခိုးခိုးပြီး ချိန်းတွေ့ နေတာ… ပက်ပင်းမိတော့ ပုန်းသေးတယ်"

"တစ်ခါပဲတွေ့တာ ပြောလို့ကို မပြီးတော့ဘူး… ပုန်းတာ မဟုတ်ပါဘူးလို့ ဘယ်နှစ်ခါပြောရမလဲ… အဲဒီတုန်းက ငါမျက် မှန်ပြုတ်ကျသွားလို့ ကုန်းကောက်တာပါဆို"

"သွားစမ်းပါ… ပလီပလာနဲ့"

"ယုံပါဟယ် နင်ကလည်း… ငါကိစ္စမှန်သမျှ နင်မသိတာ ဘာရှိလဲ… လက်ထပ်မယ့် နေ့ရာတောင် နင်ရွေးပေးတဲ့ ဟို တယ်ကိုပဲ ငါရွေးခဲ့တာပါနော်"

"ဒါဆို မုန့်သွားဝယ်လိုက်"



www.burmeseclassic.com

www.burmeseclassic.com



"မဝယ်ဘူးဟာ... နင် အကြောင်ရိုက်ပြီး လာမခိုင်းနဲ့... ဖြစ်သင့်တာက နင့်ကို အဖေါ်လုပ်ပြီး လိုက်ပေးတဲ့ ငါ့ကိုတောင် နင်က ဝယ်ကျွေးရဦးမှာ...အပြတ်ပဲပြောမယ်... အတူတူသွားရင် သွား မသွားဘူးဆိုရင်လည်း လုံးဝကို မသွားတော့ဘူး"

"နေပေါ့... ရတယ်"

'အရှင်း' တမင်ပင်ရွဲ့ကာ ထိုင်နေလိုက်မိသည်။ ဗိုက်က လည်း တကယ့်ကို မဆာပါ။

'လဲ့လဲ့' က သူ့ ဆယ်လူလာကိုထုတ်ကာ သူ့ရည်းစားနဲ့ စကားတွေ တွတ်ထိုးနေပါသည်။ မုန့်စားမယ်ဆိုတဲ့ ကိစ္စလည်း မေ့သွားပုံရပါသည်။

'အရှင်း' မှာသာ တစ်ယောက်တည်း စကားပြောဖေါ် မရှိဘဲ ပတ်ဝန်းကျင်ကို ဟိုကြည့်ဒီကြည့် ဖြစ်နေရသည်။ လေ ယာဉ်ဆိုက်တဲ့အချိန်ထိ 'လဲ့လဲ့' တစ်ယောက် ပြောလို့မပြီးတာ ကြောင့် 'အရှင်း' တစ်ယောက်တည်း အထွက်ဝမှာ ကြိုစောင့်နေ လိုက်မိပါသည်။

အခြားသူတွေ တစ်ယောက်ပြီး တစ်ယောက် ထွက်လာ သော်လည်း 'လေးလေး' ကတော့ ထွက်မလာသေးပါ။

"ဟဲ့... ပါလာပြီလား... ရှာလို့ကော တွေ့ရဲ့လား"





အကြာကြီးနေမှ 'လဲ့လဲ့' လိုက်လာကာ လာမေးတာ ဖြစ်ပါသည်။

"မတွေ့သေးဘူး... ကြာလိုက်တာ... အဲဒီ 'လေးလေး' က ဘယ်ကိုသွားသွား သိပ်လေကြောရှည်တာ... တွေ့တဲ့လူနဲ့ စကားကိုဝအောင် ပြောနေတာ"

'အရှင်း' တစ်ယောက်တည်း မကျေမနပ် ပြောနေဆဲ ပစ္စည်းတင်တဲ့ တွန်းလှည်းကိုတွန်းကာ 'လေးလေး' တစ် ယောက် ထွက်လာပါသည်။ အပေါက်ဝတွင် လက်ပိုက်ရပ် နေသော 'အရှင်း' ကို မြင်သွားကာ လက်ဇော့ရမ်းပြပါသည်။

"ပစ္စည်းတွေ များနေတာနဲ့ ကြာသွားတယ်... လှည်းတစ် စီးနဲ့တောင် မဆန့်ဘူး... နောက်တစ်စီးပေါ်မှာပါ ပစ္စည်းတွေ တင်ခဲ့ရတယ်... ကူညီမယ့်သူရှိလို့ တော်သေးတာပေါ့"

'လေးလေး' ပါလာသော ပစ္စည်းတွေကို အလုပ်သမား ကောင်လေးတင်မက 'အရှင်း' နဲ့ 'လဲ့လဲ့' ပါ ဝိုင်းကူပြီး သယ် ကြပါသည်။ တွန်းလှည်းပေါ်မှာ ကျန်နေသော အိတ်အညိုပျော့ ပျော့ကြီးတစ်လုံးကို 'အရှင်း' ဆွဲယူကာ 'လေးလေး' တို့နောက် လိုက်လာခဲ့ပါသည်။

'လေးလေး' နဲ့အတူ 'လဲ့လဲ့' က ထွက်သွားပြီမို့ 'အရှင်း'



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်း အနောက်ကနေ အမြန်မီအောင် လိုက်ဖို့ စိတ်လောကြီးနေမိလေသည်။

လက်နှစ်ဖက်လုံး အိတ်တစ်လုံးစီနှင့် ဒရွတ်တိုက်ဆွဲကာ ထွက်လာစဉ် လူတစ်ယောက်ရဲ့ စကားသံက နားထဲကို တိုးဝင်လာခဲ့ပါသည်။

ဒီအတိုင်း အနောက်ကနေ လှမ်းပြောမယ် ဆိုရင်တောင် 'အရှင်း' လှည့်ကြည့်ဖြစ်ချင်မှ လှည့်ကြည့်ဖြစ်မှာ ဖြစ်ပေမယ့် အခုတော့ 'အရှင်း' ဆွဲယူလာတဲ့ အိတ်တစ်အိတ်ကို ပြန်ဆွဲယူထားရင်းပြောတာကြောင့် စိတ်တိုသလို ဖြတ်ကနဲ လှည့်ကြည့်လိုက်မိပါသည်။

"ဒီမှာ... ဒီမှာ... မှားနေပြီ"

"ဘာလဲ... ဘာလို့ လိုက်ဆွဲနေတာလဲ... ဒီမှာ အလျင်လိုနေပါတယ်ဆိုမှ"

"ဟာ... မဆွဲလို့ ဖြစ်မလားဗျ... မဆွဲထားရင် ကျွန်တော့်အိတ် ခင်ဗျားဆီ ပါသွားမှာပေါ့"

"ဘာ... ရှင့်အိတ်လဲ... ဒါ ကျွန်မ 'လေးလေး' ရဲ့အိတ်ရှင့်... ပေါ်တင်ကြီး လူကြားထဲမှာ အချောင်ဘတ်ချင်သေးတယ်"





"ဟာဗျာ... ဒုက္ခပါပဲ"

"ဒုက္ခဖြစ်မှာပေါ့... မဟုတ်တာ ဘာလို့ လာပြောလဲ... လူကြည့်တော့ ရုပ်တည်နဲ့ ကလိမ်ကကျစ်လုပ်ချင်သေးတယ်"

'အရှင်း' စကားကြောင့် တစ်ဖက်က စိတ်တိုသွားသလို 'အရှင်း' ကို လှမ်းအော်လိုက်ပါသည်။

"ခင်ဗျား အထင်မှားနေပြီ... စကားကို ရမ်းသမ်းမပြောနဲ့"

"ရမ်းသမ်းပြောနေတာ မဟုတ်ဘူး... တည့်တည့်နဲ့ မှန်မှန်ကိုပြောနေတာ... ကဲ... ကျွန်မအိတ်ကို လွှတ်တော့... လူတွေသိအောင် ရှင့်ကို အရှက်မခွဲချင်ဘူး"

"စိတ်ပျက်တယ်ဗျာ..."

စိတ်ရှုပ်သလို ခေါင်းကုတ်နေသော ဆံပင်နီကြောင်ကြောင်နဲ့ လူကိုကြည့်ပြီး 'အရှင်း' မဲ့လိုက်မိပါသည်။

အရုပ်ကမြင့်မြင့်၊ ဝတ်ထားတဲ့ အဝတ်အစားစတိုင် ဟန်ပန်ကဖြောင့်ပေမယ့် စိတ်ခါတ်က အောက်တန်းကျတာ အံ့ဩမိပါသည်။ လူတွေရှုပ်တုန်း သူ့ပစ္စည်းထုပ်လိုလို အလစ်ဆွဲပြီး သုတ်ပြေးချင်တာ ကောင်းသလား။

အရူလည်လည် လူမျိုးကိုသာ သူ လုပ်လို့ရမည်။ 'အရှင်း'



www.burmeseclassic.com

www.burmeseclassic.com



လို မွတ်မွတ်လည်နေသော မိန်းမတစ်ယောက်ကို ဒါမျိုးလာလုပ်လို့ကတော့ အရှက်ကွဲကာ ရဲစခန်းသာ ရောက်သွားမည်။ လူတွေရှေ့မှာ ပြဿနာ ထပ်မဖြစ်ချင်တာကြောင့် အိတ်ကို ဆောင့်ဆွဲကာအပြင်ကို ခပ်သွက်သွက်လေး ထွက်လာခဲ့လိုက်ပါသည်။

"ဟာ... မသွားနဲ့လေ... ဒုက္ခပါပဲ"

"ကျွန်မ အရမ်းကို ဒေါသဖြစ်လာပြီနော်... လုံခြုံရေးလက်ထဲ ရှင့်ကို အပ်လိုက်ရမလား ပြော... အခု အိတ်ကို လွှတ်လိုက်ပါ"

'အရှင်း' အသံက အနည်းငယ် ကျယ်သွားရတာကြောင့် အနီးအနားကလူတွေ လှည့်ကြည့်လာကြပါသည်။

"ခင်ဗျား အော်စရာမလိုပါဘူး... တကယ်တမ်း လွှတ်သင့်တာ ခင်ဗျားပဲ... မှားနေပါတယ်လို့ ဒီလောက် ပြောနေတာတောင် ခင်ဗျားဇွတ်ငြင်းနေတယ်... ကျွန်တော့်ရုပ်ကိုလည်း သေချာကြည့်ဦး... လူလိမ်ရုပ်ပေါက်နေလို့လား"

"ဒီလိုပဲ ပြောပြီးလိမ်ကြတာပဲ... ကိုယ့်ကိုကိုယ် လူလိမ်ပါလို့ ဘယ်သူကမှ ပါးစပ်က ဖွင့်ပြောကြတာ မဟုတ်ဘူး"

"ခင်ဗျားလိုပဲ နေမှာပေါ့... ကိုယ့်ရုပ်မှ ကိုယ်အားမနာ"

"ဘာပြောတယ်... ဘာပြောလိုက်တယ်"





"ကြားတဲ့အတိုင်းပဲ"

မျက်နှာထား တင်းတင်းဖြင့် လေသံကပါ တင်းမာလာတဲ့ သူ့ကိုကြည့်ရင်း 'အရှင်း' မျက်နှာကို ပိုတင်းပစ်လိုက်မိပါသည်။

ပြေိုးကများ ပြဲနေရတယ်လို့ ။

"ကဲ... ရှင့်အိတ်ဆိုတာ ဘာနဲ့သက်သေပြမလဲ ပြော... ရှင် ပြောတာမှန်ရင် ကျွန်မ ဒီအိတ်ချပြီး ထွက်သွားလိုက်မယ်"

"အိတ်ကသော့ခတ်ထားတယ်... အဲဒီသော့က ဒီမှာ"

"ဒီလောက်နဲ့ မရဘူးလေ... သော့တူတွေ ရှိနိုင်တာပဲ"

'လေးလေး' တို့ကို လိုက်ရှာပေမယ့် မတွေ့တော့ပါချေ။ 'အရှင်း' ပါလာတယ်အထင်ဖြင့် ကားပါကင်ကို ဦးတည်ကာ ထွက်သွားကြပုံရပါသည်။

"စိတ်ညစ်ဖို့ ကောင်းလိုက်တာဗျာ... ကဲ... အဲဒီ ဘေးကခစ်ကို ဖွင့်ကြည့်လိုက်... ဘောင်းဘီနှစ်ထည်ပါတယ်... တစ်ထည်က နက်ပြာရောင် တစ်ထည်က အနီရောင်... အနီရောင်ဘောင်းဘီမှာ 'Arrow' ဆိုတဲ့ စာတမ်းလေးပါတယ်"

"မဟုတ်လို့ကတော့ ရှင်သေဖို့သာပြင်"

'အရှင်း' သည် 'လေးလေး' ရဲ့ အိတ်ဆိုတဲ့ အပိုင်အတွေး



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် သူ ပြောတဲ့ သားရေအိတ်ကို အမြန်ပင် ဆွဲဖွင့်ကာ လက်နဲ့နှိုက်ထုတ်လိုက်ပါသည်။ သူပြောသလိုပင် 'အရှင်း' ရဲ့လက်ထဲမှာ ဘောင်းဘီနှစ်ထည် ပါလာခဲ့ပါသည်။ အနီရောင်နဲ့ နက်ပြာရောင်ပါ။

ဘောင်းဘီနှစ်ထည်ကို တွေ့တာနဲ့ 'အရှင်း' သူ့ဆီပစ်ပေါက်လိုက်မိပါသည်။ ရှက်ဖို့ကောင်းလိုက်တာ။

"ကြည့်စမ်း... ရှင် အတော်ယုတ်မာပါလား... ရှင့် အတွင်းခံ ဘောင်းဘီတွေကို ကျွန်မကို နှိုက်ခိုင်းစရာလား... လက်တောင်နာပါပြီ"

'အရှင်း' ရဲ့ မျက်နှာက ရှက်ဒေါသဖြင့် နီရဲလို့နေရသည်။

"မှန်တာကို သက်သေပြတာလေ... နင်မို့ဆို ခင်ဗျား ဘယ်လို ယုံမှာလဲ... မယုံသေးရင် နောက်ထပ် သက်သေပြစရာ ရှိသေးတယ်... ဟိုဖက်သားရေအိတ်ကို ဖွင့်ကြည့်လိုက်အုံး... အထဲမှာ"

"အို... တော်ပြီ... တော်ပြီ... မပြောနဲ့တော့ ကျွန်မတစ်ခုပဲမေးမယ်... ရှင့်အိတ်က ကျွန်မ 'လေးလေး' ရဲ့ တွန်းလှည်းထဲ ဘာလို့ပါနေရတာလဲ"





"မေးတာလည်း မှားနေပြန်ပြီ... ခင်ဗျား ဦးလေးရဲ့ အိတ်တွေကသာ ကျွန်တော်ရဲ့ လှည်းပေါ် ပါလာတာ... သူ့အိတ်တွေကို ကျွန်တော်က ကူသယ်လာပေးတာ"

"စောစောက ဒီလိုမျိုး ပြောလိုက်ရင် ပြီးနေတဲ့ဟာ... အလကားသက်သက် ပေရှည်နေတယ်နော်... ရော့... ရှင့်အိတ်ဆွဲထားရတာ လက်တောင်လေးသေးတယ်"

"ခင်ဗျားကို ဘယ်သူက ဆွဲခိုင်းလို့လဲ"

"ကိုယ့်အိတ်မှတ်လို့ပေါ့... လူ့ငစာရဲ့... ရှင်ဟာ အရမ်းကို မုန်းစရာကောင်းတဲ့ လူတစ်ယောက်ပဲ"

'အရှင်း' သည် စောစောတုန်းက လေကြီးမိုးကျယ်ပြောပြီးမှ ကိုယ့်ဖက်ကမှားသွားတဲ့အဖြစ်မို့ ဒေါသလည်းဖြစ်၊ ရှက်လည်းရှက်ကာ ခပ်မြန်မြန်ပဲ လှည့်ထွက်ခဲ့လိုက်ပါသည်။

ဒါတောင် ဆံပင်နီကြောင်ကြောင်နဲ့ လူရဲ့ ပြုံးထေ့ထေ့ကြည့်နေသော အကြည့်ကို လှည့်မထွက်ခင် မြင်ဖြစ်အောင် မြင်လိုက်မိပါသေးသည်။

ဟွန်း... မုန်းစရာကောင်းတဲ့လူ။

အမြင်ကတ်စရာကောင်းတဲ့ လူ။



www.burmeseclassic.com

www.burmeseclassic.com



## ၂

"ချစ်စရာကောင်းလိုက်တာကွာ... အသက်အရွယ်နဲ့ မလိုက်အောင် ရှုအောင့်ပြီး ပြောနေတာ ဘယ်လိုလေးမှန်းကို မသိဘူး... သူများစကားကို နားမထောင်ဘဲ သူ ပြောချင်ရာကို ရွတ်ပြောနေတာ ရယ်ဖို့လည်းကောင်းတယ်... ဗွာလိုက်တာက လည်းကမ်းကုန်ပဲ... ဘယ်မှာနေတယ်ဆိုတာ လိုက်မကြည့်ရ တာနာတာပဲ"

"တော်ပါတော့ 'ကျော်ဇော' ရာ... ပြန်ရောက်တည်းက ဒါကိုပဲ ပြောနေတာ အခေါက်နှစ်ဆယ်လောက်ရှိပြီ... နားကို





ငြီးနေတာပဲ... မင်းအသက်အရွယ်နဲ့ဆို တည်ငြိမ်ဖို့ သင့်နေပါပြီ... နှစ်ဆယ်ကျော် ပုံစံမျိုးနဲ့ ဖျတ်ဖျတ်လူးပြနေတာ အလုပ်ကိုမဟုတ်ဘူး မင်း ဒီ တစ်ခေါက်ပြန်လာတာ အပြီးပြန်လာတာ မဟုတ်လား... မင်း အမေက ချွေးမလောင်းတွေ ရှာထားတာ တစ်ပုံကြီးပဲ... စိတ်ကြိုက်သာ ရွေးယူပေတော့"

"မယူချင်ပါဘူးကွာ... Heart မထိဘဲနဲ့တော့ ငါ့လို ကောင်ကို ဘယ်မိန်းမနဲ့မှ ပေးစားလို့ရမှာ မဟုတ်ဘူး"

"မင်း Heartကလည်း ထိကို မထိနိုင်ဘူး... အဲဒါနဲ့ပဲ ဘိုးဘွားရိပ်သာရောက်တော့မယ်... သုံးဆယ့်သုံးဆိုတဲ့ အသက်က ငယ်တော့တာမဟုတ်ဘူးနော်...အိမ်ထောင်ပြုပြီးနောက်ကျတာနဲ့အမျှ မင်းမွေးလာတဲ့ ကလေးနဲ့ မင်းနဲ့ အသက်က တော်တော်ကွာနေလိမ့်မယ်... တော်ကြာ အဖိုးနဲ့ မြေးပုံစံမျိုးဖြစ်နေရင် မကောင်းဘူး"

"မင်း ပြောသလောက်တော့ မဆိုးသေးပါဘူးကွာ... အခုပဲ မြင်တာနဲ့ Heartထိတဲ့ မိန်းကလေးကို တွေ့လိုက်ရပြီပဲ... တကယ်ပြောတာ... ငါတစ်သက် သူ့လောက် ဘယ်သူ့ကိုမှရင်မခုန်ဘူးသေးဘူး... သူ့ကိုတော့ ခုထိ မမေ့နိုင်သေးဘူး"

သူ ပြောတဲ့စကားကို 'ဝဏ္ဏ' က မယုံကြည်သလို မျက်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ပြုံးစေ့စေ့ လုပ်ပြပါသည်။ မယုံတာတော့လည်း မတတ်နိုင်ပါ။

သူကတော့ သူ့ရင်ထဲမှာ ခံစားနေရတဲ့အတိုင်း ဖွင့်ပြောပြတာပါ။ သူမလေးနဲ့ ဘုကျပြီး စကားပြောနေရတဲ့အချိန်မှာ သူ့ရင်ထဲ ဖော်မပြနိုင်သော ရင်ခုန်မှုက တငြိမ့်ငြိမ့်နဲ့ရှိနေတာကလည်း အံ့ဩစရာပါ။

သင်္ဘောသားဘဝနဲ့ ကမ္ဘာပတ်ကာ ကျင်လည်လှုပ်ရှားနေရတဲ့ဘဝကို သူ ခံ့မင်မက်မောမိပါသည်။ နိုင်ငံပေါင်းစုံရောက်ရတာကိုလည်း သဘောကျသည်။

သူကသာ သဘောကျပေမယ့် မေမေက သူ့အလုပ်ကို လုံးဝ မနှစ်မြို့ပါချေ။ ပြန်လာဖို့ကို ခဏခဏခေါ် သည်။

သူကလည်း ပြန်လာပြီးတာနဲ့ မေမေ့အနား ခဏနေကာ ပြန်လစ်သွားတတ်တာပါပဲ။

သူ ရှာလို့ရတဲ့ ဝင်ငွေကို မေမေ့ကို ပို့ပေးပြီးရင် သူ့တာဝန်ကျေပြီဟု ယူဆထားတာကြောင့် သူ ရှာလို့ ရသမျှငွေအားလုံးကို မေမေ့ဆီ ပို့ပေးတတ်ပါသည်။

မေမေ့နံဘေးနားမှာ ခိုင်းတဲ့သူ သုံးယောက်တောင် ရှိတယ်ဆိုတဲ့အတွေးဖြင့် အရာရာကို သူ စိတ်ချလက်ချ ရှိထားခဲ့လေသည်။





ဒါပေမယ့် သူ မှားသွားခဲ့ရတာက ဇရာဆိုတဲ့ အသက်အရွယ်၊ အိုမင်းကြီးရင့်လာမှုကို ဘယ်သူကမှ တားဆီးလို့ မရနိုင်ခဲ့တာပဲလေ။

သွေးတိုးနဲ့ ဆီးချိုရောဂါကြောင့် မမျှော်လင့်ဘဲ မေမေဆေးရုံတက်ခဲ့ရပါသည်။ သတင်း ကြားကြားချင်း စိတ်ပူပန်ခြင်းကြီးစွာဖြင့် မေမေ့ဆီကို ပြေးလာချင်ပေမယ့် သင်္ဘောပေါ်ရောက်နေတဲ့ သူ့ဘဝက သူ့စိတ်ထဲ ဖြစ်ချင်သလို ဖြစ်လာနိုင်တဲ့ဘဝမှ မဟုတ်တာဘဲ။

ပူပင်စိတ်ကို ရင်မှာပိုက်ပြီး သင်္ဘော ကမ်းပြန်မကပ်မချင်း အောင့်အီး၍ အလုပ်ကို ကြိုးစားလုပ်နေခဲ့ရပါသည်။

သည့်တစ်ခါမှာတော့ သူ ဝါသနာပါပြီး ပျော်မွေ့လွန်းတဲ့ သင်္ဘောသားအလုပ်ကို သူ စိတ်ပျက်ကာ ငြီးငွေ့သွားရပါသည်။မိဘရဲ့ကျန်းမာရေးနဲ့ ယှဉ်လိုက်တော့ သူ့ဝါသနာကမှုန်ဝါးပြီး သေးငယ်သွားသလိုပါ။

မေမေနဲ့ ဖုန်းအဆက်အသွယ်ရတဲ့အခါ ငိုယိုပြီး သူ့ကို တမ်းတမ်းတတ ပြန်ခေါ်နေတဲ့ မေမေရဲ့ ဝမ်းပမ်းတနည်း ရှိုက်ငိုသံက သူ့အသဲနှလုံးကို ဘယ်လိုမှ မမာကြောစေနိုင်တော့ပါ။

နူးညံ့ပျော့ပြောင်းပြီး ငြင်သာလာစေပါသည်။ သူ့အပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြန်လာဖို့ ဆုံးဖြတ်ကာ ပြန်လာခဲ့တာ ဖြစ်ပါသည်။

သူ့ရည်ရွယ်ချက်က မေမေ့အနားမှာနေကာ မေမေ့ကို ပြုစုဖို့ ဖြစ်သော်လည်း မေမေ့ရည်ရွယ်ချက်က သူ့ကို ဘယ်မှ ထွက်မသွားနိုင်အောင် အတည်တကျ အိမ်ထောင်ချပေးလိုခြင်း ဖြစ်ပါသည်။

သူနဲ့ပြန်တွေ့ပြီးတည်းက မိန်းမယူဖို့ အတင်းအကျပ် နားချနေတာ မရပ်မနားပင် ဖြစ်ပါသည်။ မေမေ ကိုယ်တိုင်ရှာဖွေထားတဲ့ ချွေးမလောင်းတွေကလည်း မနည်းမနောပါ။

ဗိုလ်ချုပ်ဈေးလိုနေရာမှာ အထည်ဆိုင်ကြီးဖွင့်ထားသော မေမေ့အတွက် မိတ်ဆွေအပေါင်းအသင်း ပေါများတာ အဆန်းတော့မဟုတ်ပါ။

ဆန်းတာက သူ့မိတ်ဆွေတွေရဲ့ သမီးပျိုတွေကို သူ့အကြောင်း တဖွဲ့တနွဲ့နဲ့ပြောပြကာ စပ်ဟပ်နေခြင်းပါပဲ။

မေမေ့လုပ်ရပ်တွေအတွက် သူ ရှက်လည်းရှက်သည်။ ဒေါသလည်း ဖြစ်မိသည်။ အချစ်မပါတဲ့ အိမ်ထောင်ရေးကို သူ လုံးဝမလိုလားပါ။

သူနဲ့ပတ်သက်ပြီး မေမေ့ဘက်က စိတ်ဆန္ဒပိုပြင်းပြလေ သူ့ဘက်က ပိုစိတ်ညစ်ရလေပါ။ ခု လောလောဆယ် သူ စိတ်





ဝင်စားတာ ကိုယ်ပိုင်စီးပွားရေး တစ်ခုခု လုပ်ကိုင်ဖို့ပါ။

ဝပ်ရှော့ကြီးကြီးတစ်ခုကို လုပ်ကိုင်ဖို့ သူ့ သူငယ်ချင်းတွေနဲ့ တိုင်ပင်ဖြစ်သည်။ သည့်အတွက် သူ့မှာ မြေနေရာလည်းရှိသည်။ ဒါကလည်း သူ ပို့ပေးတဲ့ ပိုက်ဆံတွေနဲ့ မေမေဝယ်ပေးထားခဲ့တာပါ။ ဝယ်စဉ်က ဒီလောက်တန်ဖိုး မရှိသော်လည်း ခုချိန်မှာတော့ သိန်းထောင်ဂဏန်းနားကိုပင် ပေါက်နေပါပြီ။

ဒီတော့ သူ့လုပ်ငန်းနဲ့ပတ်သက်တဲ့ 'ဝဏ္ဏ' နဲ့ ပိုတွဲဖြစ်လေသည်။ 'ဝဏ္ဏ' က ကားမောင်းသင်တန်းတစ်ခုကို ဖွင့်လှစ်ထားတာကြောင့် သူ့ဆီက စက်ပြင်ဆရာ အသိအကျွမ်းတွေ အများကြီးရနိုင်သည်။

ပြီးတော့ စက်နဲ့ပတ်သက်တာမှန်သမျှ သူကိုယ်တိုင်လည်း ကျွမ်းကျင်သည်။ သင်္ဘောပေါ်က သူ့အလုပ်က အင်ဂျင်နီယာပိုင်းဆိုင်ရာမို့ စက်နဲ့ပတ်သက်တာကို သူ နားလည်သည်။

ကိုယ်နားလည်သော အလုပ်မို့ ထိုအလုပ်ကိုပဲ လုပ်ဖို့ သူ စိတ်အား ထက်သန်နေမိပါသည်။ 'ဝဏ္ဏ'နဲ့ဆုံတုန်း အလုပ်အကြောင်းလည်း ပြောဖြစ်၊ သူနဲ့လေဆိပ်မှာ ကြုံခဲ့ဘူးတဲ့ ကောင်မလေးအကြောင်းလည်း ပြောဖြစ်နှင့် 'ဝဏ္ဏ' ကတော့



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုနှာခေါင်းပင် ရှုံ့နေပါပြီ။

အပြောသာရှိပြီး လက်တွေ့ဘာမှ ဖြစ်မလာသေးတဲ့ သူ့ကို 'ဝဏ္ဏ' လှောင်ချင်လည်း လှောင်နေမှာဖြစ်သည်။

သူကလည်း သူပင်။ သူမလေးနဲ့ ဆုံပြီးတည်းက အပြင်ထွက်တိုင်း သူမလေးနဲ့ ပြန်လည်ဆုံတွေ့ရနိုးနိုး လိုက်လံရှာဖွေမိပါသည်။

သူ ဘယ်လောက်ရှာရှာ ဒီလောက်ကျယ်ပြောသော ရန်ကုန်မြို့ကြီးထဲမှာ သူမကို ရှာရတာ အပ်ပျောက်ကို ရှာရသလိုမျိုးပါ။

ဒါပေမယ့် သူ စွဲ့မလျှော့ပါ။ ဖူးစာမှန်လျှင် သူမလေးနဲ့ သူ ပြန်ဆုံတွေ့ရဖို့ အမြဲပဲ ဘုရားမှာ ဆုတောင်းမိသည်။

မေမေကတော့ သူ ပြောတာကို ယုံကြည်ပုံမရပါ။ သူ ပေးစားမည့် မိန်းမတွေကို တမင်ရှောင်ချင်၍ အကြောင်းပြနေသည်ဟုပဲ မှတ်ထင်နေပါသည်။

"ကဲ... လေကြောရှည်နေလို့ မပြီးဘူး... နက်ဖြန် ပန်းရံသမားတွေ ရောက်လာလိမ့်မယ်... အလုပ်သမားခေါင်းဆောင်နဲ့ပဲ လွှတ်ထားလို့ရတာမဟုတ်ဘူး... ကိုယ်ကိုယ်တိုင်ကြီးကြပ်မှ ကောင်းတာ... တစ်နေ့တစ်နေ့ မရေရာ မသေချာတာကို





တွေးပြီး စိတ်ကူးယဉ်နေမယ့်အစား ‌ရေရာ သေချာတာကိုပဲ မင်းကြိုးစား လုပ်သင့်ပြီ"

'ဝဏ္ဏ' သူ့ကို ထည့်လိုက်ပြီဆိုတာ သူ သိပါသည်။ ဒါပေမယ့် သူ့ စိတ်ထဲမှာ ဒါကိုပဲ စွဲနေတာ ဘယ်လိုလုပ်ရမလဲ။

"ငါ နားလည်ပါတယ်"

သူ့မျက်နှာ အတည်ဖြင့်ပြောတော့ 'ဝဏ္ဏ' က ပေါက်ကွဲပြသည်။

"မင်းကို ပြောလိုက်ရင်ဒါပဲ... ငါ့မှာလည်း ဘယ်လိုက ဘယ်လိုဖြစ်ပြီး မင်းဆီမှာ ဝင်ကြွေးပါလာတယ်မသိဘူး... မင်း ပြန်ရောက်လာတည်းက အားရတယ်ကို မရှိဘူး... ကိုယ့်အလုပ်ကိုယ်လုပ်လိုက်... အားရင် မင်းဆီ ပြေးလာလိုက်နဲ့ မိန်းမကတောင် မျက်စောင်းထိုးချင်နေပြီ"

"မင်းမိန်းမကတော့ လွန်လွန်းပါတယ်... ကလေးပဲ သုံးယောက်တောင် ရနေပြီ ယောကျ်ားကို ခုထိ စိတ်မချနိုင်သေးဘူး... သူ့ယောကျ်ားကဖြင့် ဖင်ကကောက်ကောက်... မိုက်ကပူပူ... ပုံလာတာလည်း မဟုတ်ဘဲနဲ့များ"

"ခွေးကောင်... မင်း ဘယ်လိုပြောပြော ငါ့မှာမှ ငါ့ကို အရမ်းချစ်တဲ့သူရှိသေးတယ်... မင်းမှာ ငါ့လို မိန်းမမျိုးဆိုတောင်



www.burmeseclassic.com

www.burmeseclassic.com



မူးလို့ရှူးစရာရှိသလား... သတ္တိရှိရင် ငါ့လို မိန်းမတစ်ယောက်ကို ဖြစ်အောင်ယူပြလေ... အသက်ကဖြင့်ကြီးနေပြီ တော်ကြာ မိန်းမမရဘဲ ဘိုးဘွားရိပ်သာ ရောက်နေဦးမယ်"

'ဝဏ္ဏ' ပြောတဲ့စကားကို အပြုံးဖြင့်ပင် နားထောင်နေလိုက်မိပါသည်။ သူ စွဲလမ်းမိတဲ့ မိန်းမတစ်ယောက် ရှိလာပြီဆိုမှတော့ သူ့ ဘဝက အထီးကျန်ဆန်ဦးမှာတဲ့လား။

ခပ်စွာစွာ သူမလေး ဘယ်ကိုရောက်နေပါလိမ့်။ သူမနဲ့ ပတ်သက်တဲ့ လူကြီးကိုတော့ သူ ကောင်းကောင်းမှတ်မိပါသည်။

သူမနဲ့ပတ်သက်ရလျှင်ပတ်သက်၊ မပတ်သက်ရလည်း ထိုလူကြီးကို လိုက်ပတ်သက်လိုက်လျှင် သူမလေးနဲ့ မဆုံဘဲ ရှိနိုင်ပါ့မလား။ သူ့ဘက်ကတော့ ဘယ်သူနဲ့ပဲ တွေ့ရတွေ့ရ လှပသော နှလုံးသားဓာတ်လမ်းလေးတစ်ခု ဖန်တီးဖို့ ဆုံးဖြတ်ထားပါသည်။

"ကဲ 'ကျော်ဇော' ငါပြန်ပြီ... စိတ်ကူးယဉ်နေလို့ အကျိုးမရှိဘူးနော်... ဒီခေတ်မှာ လက်တွေ့မဟုတ်ရင် အလကားပဲ"

"အေးပါ... ခုချိန်မှာတော့ မင်း ပြောထားဦးပေါ့...နောက်တော့မှသာ နောက်ထပ်မင်္ဂလာထပ်ဆောင်ချင်မနေနဲ့"





"အေးပါ... ကြည့်ရသေးတာပေါ့.. တော်ကြာမှ အပျိုလေးမဟုတ်ဘဲ ဘုတို့ စုတို့ အမေဆိုရင် ဒုက္ခ"

"မင်းကွာ... ပါးစပ်ပုတ်နဲ့... အပျိုနဲ့ အအိုမှန်း ခွဲခြားမသိရအောင် ငါ ဒီလောက် မတုံးသေးပါဘူး"

"ဟ... မင်းစိတ်ကူးထဲမှာ အဲဒါကိုလည်း ထည့်စဉ်းစားဖို့ လိုတာကိုပြောတာ"

"နိုး... နိုး... She Like A Virgin အပျိုစင်မှ ယင်ဖိုတောင် သန်းဖူးပုံမပေါ်ဘူး"

"ယင်ဖိုတောင် မသန်းဘူးသေးရင် မင်းအသီးက မမှည့်သေးလို့... ဒါမှမဟုတ် မချိုသေးလို့"

"အေး... ငါ့ရဲ့ အချစ်မိုးရွာမှ ချိုမှာမို့ သူ ငါ့ကို စောင့်နေတာပဲ ဖြစ်ရမယ်... ငါကလည်း သူ့အတွက်ဆို ပေါက္ခရဝတီမိုးပဲ သိတယ်မဟုတ်လား... သူ့အတွက် သီးသန့်ရွာမယ့် အချစ်မိုး"

"သေစမ်းကွာ... နိုင်ငံခြားက ပြန်လာလို့ ပိုတည်ငြိမ်လာမလားအောင်းမေ့ပါတယ်... မင်းဥစ္စာက နေမြင့်လေ အရူးရင့်လေပဲ ဒီထက်အခြေအနေမဆိုးခင် ငါ ပြန်မှဖြစ်တော့မယ်"

"ကွ... ကြွ"

'ဝဏ္ဏ' သူငယ်ချင်းဖြစ်သူကို ကြည့်ကာ ခေါင်းတခါခါ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ထွက်ခွာသွားတော့သည့်အချိန် သူကတော့ Madonna ရဲ့ 'Like a Virgin' သီချင်းကို ခပ်တိုးတိုးဆိုပြီးရင်း ကျန်နေခဲ့လိုက်ပါသည်။





## ၃

ပြန်ရောက်ပြီးလို့မှ တစ်ပါတ်မကြာခင် 'လေးလေး' က စီးပွားရေးလုပ်ငန်းတစ်ခုလုပ်ဖို့အတွက် သူ့မိတ်ဆွေတွေနဲ့ တိုင်ပင်နေပါတော့သည်။

'လေးလေး' လုပ်မယ့် စီးပွားရေးလုပ်ငန်းက အနုပညာနဲ့ ပတ်သက်သော ပရိဂျူဆာလုပ်ငန်းပါ။

သီချင်းစီးရီးဘက်ကို 'လေးလေး' က စိတ်ဝင်စားသလို ရုပ်ရှင်၊ ဗီဒီယိုဘက်ကိုလည်း 'လေးလေး' က မျက်စေ့ကျပြန်ပါလေသည်။



www.burmeseclassic.com

www.burmeseclassic.com



'လေးလေး' ရဲ့ သူငယ်ချင်းဖြစ်သူ 'ဦးရဲဂင်း' က ရုပ်ရှင်၊ ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေးလုပ်ငန်းဖြင့် အောင်မြင်နေသော စီးပွားရေးလုပ်ငန်းရှင်တစ်ယောက် ဖြစ်လေသည်။

သည်တော့ 'လေးလေး' က ပရိုဂျူဆာတင်မက သီချင်းစီးရီးဘက်မှာကော ရုပ်ရှင်နှင့် ဗီဒီယိုဖြန့်ချိရေးဘက်မှာပါလိုအပ်သောစက်တွေကို သူ့နိုင်ငံခြားက မိတ်ဆွေတွေဆီမှာယူပြီး ငှားစားတဲ့ အလုပ်မျိုးကိုပါလုပ်ဖို့ စိတ်ကူးနေလေသည်။

ကိုယ်ပိုင် စတူဒီယို တစ်ခုလည်း ထောင်ဦးမတဲ့။

သူ့စိတ်ကူးနဲ့သူ တက်ကြွလှုပ်ရှားနေသော 'လေးလေး' ကို ကြည့်ကာ 'အရှင်း' စိတ်လည်းညစ်သည်။ မျက်နှာလည်း ပူနေမိပါသည်။

အသက်ငါးဆယ်စွန်းစ လူကြီးအရွယ်ဖြစ်နေတဲ့ 'လေးလေး' က လှုပ်ရှားနိုးကြွ တက်ကြွနေသလောက် 'အရှင်း' လို လူငယ်က ပျင်းရိလေးလံကာ ဘာမှ လုပ်ချင်စိတ်မရှိတာ ရှက်ဖို့ကောင်းလှပါသည်။

ဒါပေမယ့် 'အရှင်း' ဘာမှမလုပ်ချင်မှန်းသိ၍လည်း 'လေးလေး' က ဘာမှမခိုင်းပါ။ သူ့အလုပ်တွေနဲ့ ပတ်သက်၍ တိုင်ပင်တာမျိုး၊ ဖွင့်ဟအသိပေးတာမျိုးပင် 'အရှင်း' ကို မလုပ်





ခဲ့ပါ။

နေပေါ့နော်... 'အရှင်း' ကလည်း စိတ်မဝင်စားပါဘူး။

တစ်နေ့တစ်နေ့ 'လေးလေး' က သူ့အလုပ်တွေနဲ့ သူရှုပ်ယှက်ခတ်နေပေမယ့် 'အရှင်း' က ဘာမှ မလုပ်သူမို့ ဘာမှလုပ်စရာမရှိပါ။

သူငယ်ချင်းတွေအိမ် သွားလည်ရအောင်ဆိုတော့လည်း သူတို့တစ်တွေက ကိုယ့်အိမ်ထောင်နဲ့ကိုယ်ဆိုတော့ အားကြနားကြသည်ကို မရှိလှပါ။

'အရှင်း' သွားလည်၍ သူ့ကို တကူးတကဧည့်ခံနေကြရမှာစိုးတာကြောင့် 'အရှင်း' သွားမလည်ဖြစ်ပါ။

'လွဲလွဲ' နဲ့လည်း မဆုံဖြစ်တာ ကြာပါပြီ။ 'လွဲလွဲ' ရဲ့မင်္ဂလာဆောင်က အခုတနင်္ဂနွေဆိုတော့ သူလည်း သူ့အလုပ်နဲ့သူ အလုပ်ရှုပ်နေမှာ အသေအချာပါ။ ဖုန်းဆက်လိုက်တိုင်းလည်း 'လွဲလွဲ' မရှိတာသာ များနေပါသည်။

ဟမ်းဖုန်းကို ဆက်လျှင် 'လွဲလွဲ' ကို တွေ့ရမှာ သေချာပေမယ့် သူ မအားတာကိုသိနေ၍ 'အရှင်း' မဆက်ဖြစ်ပါ။

အိမ်ထဲမှာပဲ ကုပ်နေရတဲ့အဖြစ်ကို တစ်နေ့ထက် တစ်နေ့ ငြီးငွေ့လာကာ အပြင်ထွက်ဖို့ 'အရှင်း' စိတ်ကူးမိပါသည်။ စာ



www.burmeseclassic.com

www.burmeseclassic.com



သင်ရတဲ့ သင်တန်းမျိုးတွေတော့ 'အရှင်း' မတက်ချင်တော့ပါ။

လေနေခဲ့တဲ့ အချိန်တွေတုန်းက 'အရှင်း' တက်ခဲ့တဲ့ သင်တန်းပေါင်းစုံရဲ့ Certificate တွေ 'အရှင်း' မှာ တစ်ထပ်ကြီး ရှိနေသည်။

စိတ်ပျော်ရွှင်ရမယ့် အလုပ်တစ်ခုလောက် လုပ်ရရင်တော့ မဆိုးပါ။ 'အရှင်း' စိတ်ကြိုက် လွတ်လပ်စွာ ပြောဆို လုပ်ကိုင်လို့ ရမယ့် အလုပ်များရှိရင် ဘယ်လောက် ကောင်းလိုက်မလဲ။

အိမ်ထဲမှာ နေ့နေရတဲ့ ဒုက္ခကို မခံစားနိုင်တော့တာကြောင့် 'အရှင်း' 'လေးလေး' နဲ့ မျက်နှာချင်းဆိုင်ကာ ဆွေးနွေးဖို့ ဆုံးဖြတ်လိုက်ပါသည်။

'လေးလေး' က 'အရှင်း' ကို ရွဲ့ကာ ဘာအလုပ်မှ မခိုင်းပေမယ့် 'အရှင်း' ဒီလိုကြီးပဲတော့လည်း မနေနိုင်ပါ။

နောက်တစ်နေ့ လက်ဘက်ရည်ဝိုင်းတွင် 'အရှင်း' 'လေးလေး' ကို စကားစလိုက်မိပါသည်။

" 'လေးလေး' ကို ပြောစရာရှိလို့"

"ပြောလေ... ဘာပြောမှာလဲ... ဒီနေ့ ဘာဟင်းချက်ရင် ကောင်းမလဲလို့ မေးမလို့လား... 'လေးလေး' ဘာဟင်းမှ ချေးမများဘူး... 'လေးလေး' အတွက် အလုပ်သာအဓိက ထမင်း





ဟင်းက ဘာချက်ချက် 'လေးလေး' ဗိုက်ဝရင်တော်ပြီ"

'အရှင်း' စိတ်ပျက်သွားရပါသည်။ 'အရှင်း' ပြောချင်တာက တခြား 'လေးလေး' ပြောနေတာက တစ်မျိုးမို့လည်း ...

" 'လေးလေး' ကလည်း 'အရှင်း' ပြောတာ နားထောင်ပါအုံး 'အရှင်း' ပြောချင်တာလဲ အဲဒီ အလုပ်အကြောင်းပဲ ပြောချင်တာ... နောက်နေ့ကစပြီး ထမင်းဟင်းချက်တဲ့ အလုပ်ကို 'အရှင်း' မလုပ်ချင်တော့ဘူး... ငြီးငွေ့လာပြီ"

"ဟင်... ဖြစ်ရပြန်ပြီ... အရင်တုန်းကတော့ 'လေးလေး' က ညည်းကို ထမင်းဟင်းချက်ပြုတ်ခိုင်းနေလို့လား... 'မိညို' ချက်လည်း ဖြစ်နေတဲ့ဥစ္စာ... ညည်းဖာသာညည်း တမင်အကြောင်းမရှိအကြောင်းရှာပြီး ဝင်ချက်နေတဲ့ ဥစ္စာ... ပင်ပန်းတယ်ထင်ရင်လည်း မချက်နဲ့တော့ပေါ့"

"မချက်တော့ပါဘူး"

"အေးလေ... ဒါဆိုလည်း ပြီးတာပဲပေါ့... ပြဿနာမှ မရှိတာကို"

ကြည့်... 'အရှင်း' ပြောချင်တာတစ်မျိုး၊ 'လေးလေး' ပြောနေတာတစ်မျိုး။ တကယ်ဆို သမီး မီးဖိုချောင်ထဲ မဝင်ချင်ရင် ဘာလုပ်ချင်လဲ၊ 'လေးလေး' မမေးသင့်ဘူးလား။



www.burmeseclassic.com

www.burmeseclassic.com



အရင်တုန်းကတော့ အလုပ် မလုပ်ရကောင်းလား တစ်ချိန်လုံး ဆူပူလာခဲ့ပြီး ခု 'အရှင်း' လုပ်ချင်လာတော့ 'လေးလေး' က ဆူလည်းမဆူ စကားလမ်းကြောင်းလည်း မစ၊ 'အရှင်း'စိတ်ရှုပ်ထွေးလာသလို ခေါင်းကိုအကုတ် 'လေးလေး' က 'အရှင်း' ကို မကြည့်ဘဲ ဒီနေ့ထုတ် သတင်းစာကို ငုံ့ဖတ်နေပါသည်။

'အရှင်း' 'လေးလေး' ကို ဖွင့်မပြော၍ မဖြစ်တော့ပါ။ ဒီလိုဘဝကြီးကို 'အရှင်း' ပျင်းရိငြီးငွေ့လွန်း၍ သေရပါတော့မည်။ ဒါကြောင့် 'လေးလေး' ကို အသိပေးလိုက်မိပါသည်။

"မပြီးသေးဘူး 'လေးလေး' ရဲ့"

"ဟော... ပြဿနာ မရှိပါဘူးလို့ 'လေးလေး' ပြောတာ မလုံလောက်သေးဘူးလား"

"မလုံလောက်သေးဘူး... ပြဿနာမရှိပေမယ့် ပြောစရာတော့ရှိသေးတယ် 'လေးလေး' ရဲ့... 'အရှင်း' အိမ်မှာ ဒီအတိုင်းနေနေရတဲ့ဘဝကို မကြိုက်တော့ဘူး... အရမ်းပျင်းတာပဲ"

"ပျင်းတယ်ဆိုရင်လည်း သူငယ်ချင်းတွေအိမ် လျှောက်လည်လေ... 'လဲ့လဲ့' ကို အဖော်ခေါ်ပေါ့... သမီးရဲ့ကားလည်း သပ်သပ်ရှိနေတာပဲ... ဘာပြဿနာရှိလို့လဲ"

'လေးလေး' ပြောနေပုံက 'အရှင်း' ကို တမင်အရွဲ့တိုက်





ပြီး ပြောနေတဲ့ပုံစံမျိုးပါ။ 'အရှင်း' သိတာပေါ့။ ကိုယ့်ဦးလေး အရင်းကြီးပဲဥစ္စာ။

'အရှင်း' နှုတ်ခမ်းကိုစူကာ 'လေးလေး' ကို ပြန်ပြောလိုက်မိပါသည်။

" 'လဲ့လဲ့' ကိုခေါ်လို့ မရတော့ဘူး 'လေးလေး' ရဲ့... သူလည်း သူ့ကိစ္စနဲ့သူ ရှုပ်နေပြီ... ကျန်တဲ့ သူငယ်ချင်းတွေကလည်း သူ့အိမ်ထောင်နဲ့သူဆိုတော့ 'အရှင်း'ကိုဘယ်သူမှအဖော်မလုပ်နိုင်ကြတော့ဘူး"

"အဲဒီတော့"

"အဲဒီတော့ 'အရှင်း' တစ်ယောက်တည်း အဖော်မဲ့သလိုမျိုးဖြစ်နေတာပေါ့ 'လေးလေး' ရဲ့... 'အရှင်း' ပျော်အောင် 'လေးလေး' ဖန်တီးပေး"

"ဗုဒ္ဓေါ... နင့်ဖာသာနင် အဖော်မရှိတိုင်း ငါ့ကို ခေါင်းတည်ပြီး ပြဿနာ လာရှာနေတာပါလား"

'လေးလေး' က သေသေသပ်သပ်ဖြီးထားတဲ့ သူ့ခေါင်းကိုသပ်ရင်း 'အရှင်း' ကို မျက်မှောင်ကုတ်ကြည့်နေပါသည်။

"ကဲ... ပြော... သမီးက ဘာဖြစ်ချင်တာလဲ... ဘာလုပ်ချင်တာလဲ... 'လေးလေး' ကိုပြော"



www.burmeseclassic.com

www.burmeseclassic.com



"မပြောတတ်ဘူး"

"မပြောတတ်လို့ ဘယ်ရမလဲ... သမီးဘက်က ဖြစ်ချင်တာကိုပြောမှ 'လေးလေး' က ဖန်တီးပေးလို့ ရမှာပေါ့... 'လေးလေး' က အစကတည်းက သမီးကို အလုပ်တစ်ခုခုလုပ်စေချင်တာ... ဒါမှ အလုပ်ထဲကို စိတ်ရောက်ပြီး သမီးစိတ်လည်း မပျင်းတော့မှာပေါ့"

'အရှင်း' ခေါင်းညိတ်ကာ ထောက်ခံလိုက်ပါသည်။ 'အရှင်း' ရဲ့ စိတ်ထဲမှာလည်း အလုပ်တစ်ခုခုလုပ်ချင်နေပါပြီ။ ဒါပေမယ့် အဲဒီ အလုပ်ကလည်း 'အရှင်း' ရဲ့စိတ်ဓါတ်နဲ့ ကိုက်ညီဖို့ လိုသေးသည်လေ။

'လေးလေး' သွင်းပေးမယ့် အလုပ်ကိုကြည့်ပြီး 'အရှင်း' စိတ်ကြိုက် ရွေးချယ်ပါအုံးမည်။ အပိုလုပ်ပြီး ရှည်တယ်ပဲပြောပြော 'အရှင်း' ကတော့ ကိုယ်သက်သာမှ လုပ်နိုင်မယ့်သူပင်။

သူ့အတွေးကို 'လေးလေး' သာသိလျှင် ခေါင်းပုတ်အောင်ထိပ်ပုတ်မှာ သေချာသည်။ အလုပ်လည်း လိုချင်သေး အထက်စီးကလည်း နေချင်သေး။

'အရှင်း' ကတော့ ထိုစိတ်ဓါတ်က တစ်ပြားသားမှ မလျှော့ပေါင်။





" 'အရှင်း' ဘာလုပ်ရမှာလဲ"

"ရွေးချယ်လေ... သမီး ဘယ်နေရာမှာ ဘယ်လိုအလုပ်မျိုးကို စိတ်ဝင်စားနိုင်မလဲဆိုတာကိုပေါ့... 'လေးလေး' ကတော့ လုပ်ခိုင်းချင်နေတာကြာပြီ... မပြောချင်လို့သာ ပါးစပ်ပိတ်နေရတာ လူတစ်ယောက်ဟာ တာဝန်မဲ့လွန်းရင် စိတ်လေပြီး ပျက်စီးတတ်တယ်"

" 'အရှင်း' ပျက်စီးနေလို့လား... 'လေးလေး' ရဲ့"

'အရှင်း' မကျေမနပ် မေးလိုက်တာဖြစ်ပါသည်။ 'လေးလေး' က 'အရှင်း' မျက်နှာကို စိုက်ကြည့်ရင်း ဘုပြောပါသည်။

"ကြည့်... စကားပြောရင် ဘယ်တော့မဆို ကပ်သီးကပ်သပ်နဲ့ အလုပ်ခွင်မှာ ဒီလိုလေသံ ဒီလိုဟန်ပန်မျိုးနဲ့ ပြောလို့ကတော့ get out ပဲ... အလုပ်ခွင်ဆိုတာ လူပေါင်းစုံနဲ့ ဆက်ဆံနေရတာ... စိတ်တို ဒေါသဖြစ်စရာတွေဆိုတာ တစ်ပုံကြီးပဲ... အဲဒီတစ်ပုံကြီးကို သည်းငြီးခံပြီး ကိုယ့်အလုပ်ကိုယ် အောင်မြင်အောင် ဖန်တီးနိုင်ရမယ်... ဒါမှ လူတော်ဖြစ်မှာ"

"ပင်ပန်းပါတယ် 'လေးလေး' ရယ်... 'အရှင်း' အဲဒီ လောက်ကြီးလည်း လူတော်ဖြစ်မှာ မဟုတ်ပါဘူး... မဟုတ်တော့တာ



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေမှန်းသိရက်နဲ့လည်း မသိဟန်ဆောင်ပြီး မျက်နှာချိုသွေးပြ မနေချင်ပါဘူး... ဟုတ်ရင်ဟုတ်တယ်... မဟုတ်ရင် မဟုတ်ဘူးဘဲ... 'အရှင်း' ရေ့ မဟုတ်တာလာလုပ်လို့ကတော့ ထချပစ်လိုက်မိမှာပဲ"

"ဒီလို စိတ်ဓါတ်မျိုးနဲ့ အပြင်အလုပ် ဘယ်လိုလုပ်လို့ရမှာလဲ"

"လုပ်လို့ရမယ့် အလုပ်ကို 'လေးလေး' က ရှာပေးပေါ့... လောကကြီးမှာ မကောင်းတဲ့ ပတ်ဝန်းကျင်... မကောင်းတဲ့ အသိုင်းအဝိုင်းရှိသလို... ကောင်းတဲ့ ပတ်ဝန်းကျင်... ကောင်းတဲ့ အသိုင်းအဝိုင်းလည်း ရှိနေတာပဲ 'လေးလေး' ရဲ့... ဥပမာ သမီးတို့ 'လေးလေး' တို့ ပတ်ဝန်းကျင်လိုမျိုးပေါ့"

"ဒါဆိုလည်း 'လေးလေး' ရဲ့ အလုပ်မှာပဲ သမီး စမ်းလုပ်ကြည့်ပါလား... နောက်တော့မှ သမီးနဲ့သင့်တော်မယ့် အလုပ်ကို 'လေးလေး' ရှာပေးမယ်... မကောင်းဘူးလား"

"မကောင်းပါဘူး"

နည်းနည်းလေးမှပင် ဟန်မလုပ်ဘဲ ပြောချလိုက်သော စကားကြောင့် 'လေးလေး' မျက်နှာ နီမြန်းသွားပါသည်။

သူကတော့ အဆင်ပြေရာ အဆင်ပြေကြောင်း စီစဉ်ပေး





နေပါရဲ့ ပြီးစလွယ်ငြင်းထုတ်လိုက်သော 'အရှင်း' အပေါ်ဒေါသဖြစ်နေပုံလည်း ရပါသည်။

'အရှင်း' အဖို့ကတော့ 'လေးလေး' ရဲ့စကားကို တမင်ကလန်ကဆန်လုပ်နေတာ မဟုတ်ပါ။ နဂိုထဲက 'လေးလေး' လုပ်နေသော အနုပညာလုပ်ငန်းတွေမှာ 'အရှင်း' ဝင်မလုပ်ဖို့ဆုံးဖြတ်ထားပြီးသားမို့ပါ။

'အရှင်း' ရဲ့ ဗီဇနဲ့လည်း ကိုက်မှာ မဟုတ်တဲ့အလုပ်ကို 'အရှင်း' မလုပ်ချင်ပါ။ အနုပညာနယ်ပယ်ဆိုတာက အပြောချိုသလို မျက်နှာလည်းချိုမှ အလုပ်ဖြစ်တာပါ။

'အရှင်း' လို ရယ်ပြုံရမှာတောင် ခက်ခဲတတ်သော သူတစ်ယောက်အတွက် 'လေးလေး' ရဲ့ အလုပ်နဲ့ လုံးဝ မဖြစ်တာကို 'အရှင်း' သိပြီးသားမို့ 'လေးလေး' ဒုက္ခမရောက်ရအောင် ကြိုတင်ပြီး ငြင်းဖို့ စဉ်းစားထားတာပါ။

ဒါပေမယ့် 'အရှင်း' ရဲ့ သဘောကို 'လေးလေး' က နားမလည်ပါ။ ဒေါသဖြစ်သော လေသံမာမာကြီးနှင့် 'အရှင်း' ကို လှမ်းအော်ပါသည်။

"ဘာ မကောင်းတာလဲ ဒီလောက် အဆင်ပြေမယ့်အလုပ်မျိုး ရှာပေးနေရဲ့သားနဲ့... ဒီထက်ကောင်းတဲ့အလုပ် ဘယ်မှာရှိ



www.burmeseclassic.com

www.burmeseclassic.com



သေးလို့လဲ... ငါ့ကို ပြောစမ်း"

"မရှိပါဘူး... ရှိနေမှတော့ 'လေးလေး' ကို ဒီလိုလေကုန်ခံပြီးတော့ ပြောနေပါ့မလား... မဖြစ်နိုင်လို့ 'အရှင်း' ကငြင်းရတာ"

"ကဲ ငြင်းရတဲ့ အကြောင်းပြချက်ကို ရှင်းပြပါဦး"

"'လေးလေး' လုပ်နေတဲ့အလုပ်နဲ့ ဆက်ဆံပတ်သက်ရတဲ့ အသိုင်းအဝိုင်းက မျက်နှာချိုမှ အလုပ်ဖြစ်မှာ... 'အရှင်း' မျက်နှာက နဂိုက ခပ်ပုပ်ပုပ်ရယ်... စကားပြောတာလည်း ချိုချိုသာသာပြောတတ်တာ မဟုတ်ဘူး...တော်ကြာ 'အရှင်း'ကြောင့် 'လေးလေး' ပါ မျက်နှာပျက်စရာတွေ ဖြစ်လာမှာစိုးလို့ ငြင်းရတာ"

"ဒါတော့ အလုပ်လုပ်တာပဲ... အလုပ်ဖြစ်အောင် ဆက်ဆံပေါင်းသင်းတတ်ရမှာပေါ့"

"မဖြစ်ပါဘူး 'လေးလေး' ရယ်... ခုမှ 'အရှင်း' ရဲ့ စရိုက်ကိုလည်း ပြင်လို့မရတော့ပါဘူး... တခြားအလုပ်တစ်ခုခုကိုပဲ ရှာပေးပါ 'လေးလေး' ရယ်... အရမ်းပင်ပန်းတာမျိုးလည်း မဖြစ်စေချင်ဘူး... စည်းကမ်းအရမ်းတင်းကြပ်လွန်းတာမျိုးလည်း 'အရှင်း' ကမကြိုက်ဘူး... အလုပ်မှာ လွတ်လွတ်လပ်လပ် နေရ





ရင်ကျေနပ်ပြီ"

'လေးလေး' ရဲ့ သက်ပျင်းချသံက အကျယ်ကြီး ထွက်လာပါသည်။

တတ်လည်းတတ်နိုင်တဲ့ 'အရှင်း' ပါပဲ။ သူ ပြောသလိုမျိုး အလုပ်က ဘယ်မှာရနိုင်မှာလဲ။

အလုပ်လုပ်ပါတယ်ဆိုမှ ပင်ပန်းမယ်၊ အလုပ်ရှင်ရဲ့ စည်းကမ်းအတိုင်း နေတတ်ရမယ်၊ လွတ်လွတ်လပ်လပ်နေချင်တယ်ဆိုမှတော့ ဘာ အလုပ် လုပ်စရာလိုသေးတော့လို့လဲ။

"ရှိပါတယ်ဟာ... နင်ယောက်ျားပဲ ယူပြီး အိမ်နဲ့ထိုင်စားတော့"

"ဟာ... 'လေးလေး' ကလည်း ဘာတွေ ပြောနေတာလဲ... 'လေးလေး' ကို အားကိုးပါတယ်ဆိုမှ မဖြစ်နိုင်တာတွေ လျှောက်ပြောနေတယ်... မရဘူး... မရဘူး... 'အရှင်း' လုပ်ချင်တဲ့အလုပ်ကို 'လေးလေး' ရှာပေး... ရှာမပေးနိုင်ရင် 'လေးလေး' 'အရှင်း' ကိုမချစ်လို့... တကိုယ်ကောင်းဆန်လို့"

"နင့်ဥစ္စာက မဖြစ်နိုင်တဲ့ ဟာကို"

"ဖြစ်နိုင်အောင် 'လေးလေး' စီစဉ်ပေးပေါ့"

"အဲဒါဆိုလည်း နင်ယောက်ျားယူဖို့သာ စဉ်းစားတော့"



www.burmeseclassic.com

www.burmeseclassic.com



" 'လေးလေး' နော်"

'အရှင်း' မျက်နှာလေးနီရဲကာ ဒေါသထွက်လာပါသည်။ လာပြီ နောက်ဆုံးကျ ဒီဘူတာပဲ ပြန်ဆိုက်ပြန်သည်။ 'အရှင်း' ယောကျ်ားမယူချင်သေးပါဘူး။

ကိုယ့်ဖာသာ ဖူးစာပါလို့ ယူရတာထက် ဒီလိုမျိုးစပ်ဟပ်ပေးစားတာမျိုးဆို 'အရှင်း' ပိုလို့ပင် အော့နလုံးနာပါသေးသည်။ ကိုယ့်ဖာသာ အစွမ်းအစမရှိလို့ သူများက ပေးစားရတာဆိုတော့ ရှက်ဖို့ပင် ကောင်းပါသေးသည်။

အမှတ်တမဲ့ အချစ်ကိုတွေ့ရင်တွေ့ မတွေ့လို့ကတော့ 'အရှင်း' ဒီတစ်သက် အပျိုကြီးပဲလုပ်ဖို့ ဆုံးဖြတ်ထားပြီးသားပါ။

'လေးလေး' ပြောနေတဲ့ စီမံကိန်းတွေက 'အရှင်း' ရဲ့စိတ်ကူးနဲ့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်၍ နေပါသည်။

" 'လေးလေး' ပြောတာ စဉ်းစားကြည့်လေ... သမီးအသက်လည်း ငယ်တော့တာ မဟုတ်ဘူး... သမီးသူငယ်ချင်းတွေ အားလုံးလည်း အိမ်ထောင်သည်တွေ ဖြစ်ကုန်ကြပြီ... သမီးတစ်ယောက်တည်းပဲ ကွက်ကျန်နေတာ... 'လေးလေး' ကိုမညာနဲ့ မှန်မှန်ပြောပြစမ်းပါ... သမီးမှာ ချစ်သူရှိလား...ရည်မှန်းထားတဲ့လူရှိနေပြီလား"





'လေးလေး' ရဲ့ မျက်လုံးတွေက သိချင်စိတ်ဖြင့် အရောင်တလက်လက် ထွက်၍နေပါသည်။

"မရှိပါဘူး 'လေးလေး' ကလည်း ဘာတွေ လျှောက်မေးနေမှန်း မသိဘူး"

"သမီးရင်ထဲကနေ တိတ်တိတ်လေး ခိုးချစ်နေတဲ့ သူကောရှိသလားပြော... ပွင့်ပွင့်လင်းလင်းသာပြော... သမီးအတွက် 'လေးလေး' ကိုယ်တိုင် လိုက်ပြောပေးမယ်"

" 'လေးလေး' ဘာတွေ လျှောက်ပြောနေတာလဲ"

'အရှင်း' 'လေးလေး' ကို ရှက်ဒေါသဖြင့် အော်ဟစ်ရင်း မျက်လုံးထဲ မျက်ရည်တွေ ဝဲတက်လာခဲ့မိပါသည်။

'အရှင်း' ကပဲ တိတ်တိတ်လေး ခိုးချစ်တဲ့သူပဲ ရှိရအုံးမတဲ့လား။ 'အရှင်း' ရဲ့ မျက်စေ့ထဲမှာ 'အရှင်း' ကို ဆွဲဆောင်နိုင်တဲ့ ယောကျ်ားမျိုးတွေ့ကို မတွေ့ဘူးသေးပါဘူး။

အားလုံးက အပလာတွေချည်းပါ။ 'အရှင်း' ကို စိတ်ဝင်စားစေမယ့် ယောကျ်ားက မွေးကို မမွေးသေးတာပါ။

သည်အတွေးများပါသော အကြည့်ဖြင့် 'လေးလေး' ကိုအကြည့် 'လေးလေး' က သက်ပျင်းချသည်။

"သမီး ဖေဖေမရှိတဲ့နောက် 'လေးလေး' ပဲ သမီးရဲ့ ဖေဖေ



www.burmeseclassic.com

www.burmeseclassic.com



လေ ပြောစရာရှိတာ ပွင့်ပွင့်လင်းလင်းပြောမှ 'လေးလေး' လည်း သိရမှာပေါ့… သမီးမပြောရင် 'လေးလေး' ဘာသိမှာလဲ"

"သမီးချစ်ရမယ့်သူ မွေးကို မမွေးသေးတာ"

'အရှင်း' စကားကြောင့် 'လေးလေး' က ပြုံးသည်။

"ဒါတော့ မဖြစ်နိုင်ဘူး… သမီးကိုယ်က တင်းလွန်းနေတာလည်းဖြစ်မှာ တင်းလွန်းရင်လည်း ပြတ်သတဲ့… မလျော့မတင်းစောင်းကြိုးညှိလို့ဆို မဖြစ်နိုင်ဘူးလား… ဟယ်အရာမဆို သူ့ဘက်ကိုယ့်ဘက် မျှမျှတတကလေးပေါ့ သမီးရယ်"

"ဟာ… 'လေးလေး' ကလည်း ဘာတွေ လျှောက်ပြောနေမှန်းမသိဘူး"

" 'လေးလေး' ပြောတာ အမှန်တရားတွေချည်းပဲ… သမီးအရွယ်က အိမ်ထောင်ပြုရမယ့် အရွယ်ရောက်နေပြီ"

"ဘာလဲ… 'လေးလေး' က တံခွန်မရှိသော ဘုရားတို့ အလံမရှိသောရထားတို့… ထိုလင်မရှိသော မိန်းမတို့ မတင့်တယ်ဆိုတဲ့စကားတွေနဲ့ 'အရှင်း' ကို နားချဦးမလို့လား"

'အရှင်း' စိတ်ပျက်သလို ခေါင်းကို ကုတ်လိုက်မိပါသည်။

လင်မရှိပေမယ့် တစ်ယောက်တည်း နေနေတာမှ မဟုတ်တာ။ အနားမှာ ဦးလေးအရင်းကြီး တစ်ယောက်လုံး ရှိနေတဲ့ ဥစ္စာပဲ။





" 'လေးလေး' တစ်ယောက်လုံး 'အရှင်း' အနားမှာ ရှိနေတာ ဘယ်သူက လာစော်ကားရဲမှာလဲ 'လေးလေး' ရယ်"

'အရှင်း' မျက်ရည်ကျတော့ 'လေးလေး' က 'အရှင်း' ခေါင်းကိုပုတ်ကာ နားချပြန်သည်။

" 'လေးလေး' က 'အရှင်း' အနားမှာ အမြဲနေနိုင်ရင်တော့ ဟုတ်တာပေါ့… ဒါပေမယ့် မလွန်ဆန်နိုင်တဲ့ သခါရကို 'လေးလေး' တို့ ဘယ်လိုရှောင်တိမ်းနိုင်မလဲ"

'အရှင်း' မျက်ဝန်းတွင် မျက်ရည်တွေ ပို၍ပင် စီးဆင်းလာရပါသည်။

ဖေဖေ့ကို လက်လွှတ်ဆုံးရှုံးရတာကိုပင် 'အရှင်း' ခုချိန်ထိ ခံစားနေရဆဲပါ။

နောက်ထပ် 'လေးလေး' ကို ထပ်မဆုံးရှုံးပါရစေနဲ့။

" 'လေးလေး' မသေနိုင်သေးပါဘူး"

"အေးပါ… 'လေးလေး' လည်း မသေချင်သေးပါဘူး… ဒါပေမယ့် လူ့ဘဝဆိုတာ ကွေးသောလက်မဆန့်ခင် ဆန့်သောလက်မကွေးခင် အချိန်လေးဆိုတော့ ရခဲတဲ့ လူ့ဘဝအချိန်တိုတိုလေးမှာ 'အရှင်း' ကို 'လေးလေး' စိတ်ချထားခဲ့ချင်တယ်"

'အရှင်း' 'လေးလေး' ကို ဘာမှ ပြန်ပြောစရာရှိတာ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ထိုင်နေရာမှထကာ သူ့အခန်းထဲကို လျှောက်ဝင်လာခဲ့လိုက်ပါသည်။

စိတ်ထဲမှာတော့ 'လေးလေး' ရဲ့ စကားတွေအတွက် ညစ်ညူးနောက်ကျိမိပါသည်။

'လေးလေး' လည်း 'အရှင်း' လိုပဲ ဖြစ်နေမှာ သေချာပါသည်။

ဘာပဲဖြစ်ဖြစ် 'လေးလေး' ကို 'အရှင်း' မသေစေချင်သေးပါဘူး။ ဥပမာ စကားနဲ့ပဲဖြစ်ဖြစ် 'အရှင်း' နားမထောင်ချင်သေးပါ။







၄

'အရှင်း' လက်ထဲ လာထည့်သောစာအုပ်ကိုကြည့်ပြီး မျက်ခုံးကိုပင့်ကာ 'လေးလေး' အား စိုက်ကြည့်လိုက်မိပါသည်။

"ဖွင့်ကြည့်လေ 'သမီး' ရဲ့... 'လေးလေး' ကတော့ အကုန်လုံးကို သဘောကျတယ်... အရည်အချင်းပြည့်ဝတဲ့သူတွေချည်းပဲ 'လေးလေး' မိတ်ဆွေတွေရဲ့ သားတွေလည်းပါတယ်... သမီးကြိုက်တဲ့သူနဲ့တွေ့ပေးမယ်"

"ဘာတွေလဲ... ရှုပ်နေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



'အရှင်း' တစ်ယောက် 'လေးလေး' ရဲ့ ဂုပ်ရပ်တွေကို နားမလည်တာကြောင့် ပြောတဲ့အတိုင်း ဓါတ်ပုံ အယ်(လ်)ဘမ် စာအုပ်ကို ဖွင့်ကြည့်လိုက်မိပါသည်။

လက်ပိုက်ပြီး ဟန်ပါပါစတိုင်လ်ဖြင့် စိုက်ကြည့်နေသော ယောကျ်ားတစ်ယောက်၏ပုံကြောင့် အတွေးကျယ်သွားမိသည်။ မင်းသားရွေးခိုင်းမလို့များ 'အရှင်း' အား အကဲခတ်ကြည့်ခိုင်းနေ တာလား မပြောတတ်။

ဓါတ်ပုံရဲ့ ထောင့်စွန်းအောက်တွင် မွေးသက္ကရာဇ်၊အမည် အလုပ်အကိုင်၊ အရပ်အမြင့်နှင့် နေရပ်လိပ်စာတို့ကို ရေးသား ထားသည်။

ပုံနှစ်ဆယ်ကျော်ကျော်လောက်ကို 'အရှင်း' တဖြတ်ဖြတ် နဲ့ လှန်ကြည့်လိုက်မိပါသည်။ ဓါတ်ပုံတွေထဲမှာ အသက်ကြီး နေသော ယောကျ်ားတွေရဲ့ ပုံတွေလည်းတွေ့ရပါသည်။

ဒီလိုအသက်အရွယ်တွေက ဦးလေးအခန်းတို့ အဖေအ ခန်းတို့မှာ သရုပ်ဆောင်ဖို့ ထင်ပါရဲ့။

တော်တော်လည်း ပိုးစွနိုင်တဲ့ သူတွေပါပဲ။ 'အရှင်း' က တော့ ဘယ်သူ့ကိုမှ စိတ်ဝင်တစား မဖြစ်မိတာကြောင့် 'လေး လေး' ကို ပြောလိုက်မိပါသည်။





"မရွေးတတ်ဘူး...'လေးလေး' ရဲ့ အလုပ်ကိစ္စ'လေးလေး' ဟာသာရွေးလေ... မင်းသားဖြစ်လောက်တဲ့ ရုပ်ရည်မျိုးတော့ တစ်ယောက်မှ မတွေ့ဘူး... သဘော်သားလည်းပါတယ်နော်... သူတို့က သဘော်လိုက်နေတော့ ဘယ်အချိန် မင်းသားဝင်လုပ်မှာလဲ"

'အရှင်း' ရဲ့စကားကြောင့် 'လေးလေး' က တအံ့တသြနှင့် မျက်လုံးပြူးသွားလေသည်။

"ဟာ... တလွဲတွေတော့ ဖြစ်ကုန်ပါပြီ... ဘာတွေပြောနေ တာလဲ 'အရှင်း' ရဲ့... မင်းသားရွေးခိုင်းတာ မဟုတ်ဘူးလေ... စိတ် ထင်ရာတွေ လျှောက်ပြောနေတော့တာကိုး"

"ဒါဖြင့် ဘာရွေးခိုင်းတာလဲ 'လေးလေး' ရဲ့... လူကြမ်း လား"

"သေစမ်းကွာ... လူကြမ်းလည်း 'အရှင်း' ရွေးစရာလား ဒါရိုက်တာ ရွေးလိမ့်မှာပေါ့... အခု 'အရှင်း' ကို 'လေးလေး'ရွေး ခိုင်းနေတာ ဖူးစာရှင်ကို ရွေးခိုင်းနေတာ... သမီးနှစ်သက်မယ့် သူကို အဲဒီ ဓါတ်ပုံထဲက ရွေးခိုင်းနေတာ... သူတို့အားလုံး လူပျို ကြီးတွေကြီးပဲ... အကျင့်စာရိတ္တကောင်းကြတယ်... သမီးဘက် က အိမ်ထောင်ဘက်အဖြစ် ရွေးမယ်ဆိုရင် လူရွေးမမှားနိုင်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ခွေကြီးမျိုးကြီးတွေထဲကချည်းပဲ"

"ဒီထဲက သူတွေကို ဟုတ်လား"

'အရှင်း' ရယ်ရင်းမှ မေးလိုက်မိပါသည်။

"ဟုတ်တယ်... သမီးအတွက် 'လေးလေး' ကိုယ်တိုင် ရွေးလာပေးတာ"

" 'လေးလေး' ရယ်"

'အရှင်း' ရယ်ရင်းမှ ဓါတ်ပုံထဲက လူတွေကို နောက်တစ်ခေါက်ပြန်ကြည့်လိုက်မိပြန်ပါသည်။ ဒီထဲကလူတွေက 'အရှင်း' ရဲ့ အိမ်ထောင်ဘက်ဖြစ်ဖို့ ထိုက်တန်ပါရဲ့လား။

စိတ်မဝင်စားသော်လည်း 'လေးလေး' ကျေနပ်အောင်တော့ နောက်တစ်ခါ ထပ်ကြည့်မိပါသေးသည်။ ပြီးတော့မှ...

"တစ်ယောက်မှ မကြိုက်ဘူး... အကုန်လုံးမှာ ပြစ်ချက်တွေနဲ့ကြီးပဲ 'အရှင်း' ကြိုက်လောက်တဲ့ အရည်အချင်းမျိုးသူတို့မှာ လုံးဝမရှိတာသေချာတယ်"

'လေးလေး' ခေါင်းကို ခါ ရမ်းပြသည်။

"ဓါတ်ပုံကိုကြည့်တာနဲ့ လူတစ်ယောက်ရဲ့အရည်အချင်းကို အကဲခတ်လို့ မရပါဘူးဟာ... သူတို့တွေနဲ့ပဲ တွေ့ကြည့်ပါဦးလား မပတ်သက် မခင်မင်ဘူးဘဲနဲ့ ယတိပြတ်ငြင်းတာမျိုး





ကို 'လေးလေး' သဘောမကျဘူး"

"ပတ်သက်ခင်မင်မိရင် ဇာတ်လမ်းတွေ ဆက်ရှည်လာမှာပေါ့ 'လေးလေး' ရဲ့... ခေါင်းရှုပ်ရမယ့် အလုပ်ကို 'အရှင်း' မလုပ်ချင်ပါဘူး"

"ကိုယ့်ဘဝအတွက် ဒီလောက်ကန့်လေးတော့ ဦးဏှောက်သုံးရွေးချယ်ရမှာပေါ့ 'အရှင်း' ရယ်... သင့်တော်တဲ့သူ ကောင်းတဲ့သူကို သမီးတောင် အပင်ပန်းခံပြီး ရွေးချယ်စရာမလိုဘူး 'လေးလေး' က ရွေးချယ်ပေးပြီးသားပဲ... ဘယ်လောက် အဆင်ပြေလိုက်သလဲ"

"ဟင့်အင်း... 'အရှင်း' မကြိုက်ဘူး... မကြိုက်ဘူးဆိုတာလည်း 'အရှင်း' ပြီးစလွယ်ပြောတာ မဟုတ်ဘူး... တကယ့်ကို လက်မခံနိုင်လို့ ငြင်းရတာ... 'လေးလေး' ရွေးချယ်ပေးတဲ့သူတွေကလည်း စင်းလုံးချော ပြည့်စုံနေတဲ့ သူတွေမှ မဟုတ်တာ... ပုတဲ့လူနဲ့... ပိန်တဲ့လူနဲ့... ထိပ်ပြောင်တဲ့သူနဲ့... ဗိုက်ရွဲတဲ့လူနဲ့... တချို့တွေကဆို အသက်ပဲကြီးလှပြီ... 'အရှင်း' နဲ့ အတူယှဉ်တွဲရင်တောင် ရှက်စရာကြီး"

'အရှင်း' ရဲ့စကားတွေထဲမှာ အပိုတွေလည်းပါတာ 'အရှင်း' သိပါသည်။ ဒါပေမယ့် 'လေးလေး' စိတ်ကူးယဉ်နေတာ



www.burmeseclassic.com

www.burmeseclassic.com



ကို ပျက်သွားစေချင်သည်။

'အရှင်း' ရဲ့ ငြင်းဆိုချက်တွေကို 'လေးလေး' က ချက်ချင်းတော့အလျှော့မပေးပါ။ မယုံသင်္ကာလေသံဖြင့် ဆက်ကာပြောပါသည်။

"ဒီလောက်ကြီးလည်း အပြစ်ရှာပြီးငြင်းနေတာအလုပ်မဟုတ်ဘူးနော် 'အရှင်း'... နင်လည်း ငယ်တော့တဲ့ အရွယ်မဟုတ်ဘူး... ဖြစ်ချင်တာထက် ဖြစ်သင့်တာကိုပဲ စဉ်းစားသင့်တယ်... 'လွဲလွဲ' လည်း သူ့အိမ်ထောင်နဲ့သူဖြစ်သွားပြီ... တွဲစရာ သူငယ်ချင်းလည်း မရှိတော့ဘူး... ကိုယ့်သူငယ်ချင်းတွေသူ့အဖော်နဲ့သူဖြစ်သွားမှတော့ ကိုယ်လည်း အဖေါ်ရှာသင့်နေပြီပေါ့"

"အိုး... သူတို့ဖာသာ သူတို့ အဖော်ရှာတာ... 'အရှင်း' နဲ့ ဘာဆိုင်လို့လဲ... သူငယ်ချင်းမရှိလည်း ဘာဖြစ်သေးလဲ... ကိုယ့် ဖာသာကိုယ်တောင် လွတ်လွတ်လပ်လပ် သွားလို့ရသေးတယ်... ဘယ်သူကမှလည်း မကဲ့ရဲ့ဘူး... ဘယ်သူကမှလည်း မဝေဖန်ဘူး သူတို့ယောကျ်ားယူတိုင်း 'အရှင်း' လိုက်ယူရမယ်ဆိုတာ အဓိပ္ပာယ်မရှိတာ"

" 'လွဲလွဲ' က နင့်အတွက် စိတ်တွေပူနေတာ"





"စိတ်ပူရင် သူမယူဘဲ နေပါလား... အလကား အပိုတွေ"

"ဘာပိုရမှာလဲ... 'လွဲလွဲ' နင့်အတွက်ပူတာ မတော်တရော် ယောကျ်ားငယ်ငယ်နဲ့ တွေ့မှာကို စိုးရိမ် ပူပန်နေတာ...ခုခေတ် ကောင်လေးတွေကလည်မှလည်... အပြောကလည်းကောင်းမှကောင်း အဲဒါတွေကို သာယာမိသွားမှာ စိုးရိမ်နေတာ"

"အမယ်လေး 'လေးလေး' ရယ်... 'လွဲလွဲ' အကြောင်း 'အရှင်း' သိပါတယ်... သူက 'အရှင်း' ကို တုံးတယ်အတယ်ထင်နေတာ 'အရှင်း' က သူ့ထက် ကိုယ်ပိုင်ဉာဏ်ရှိတယ်... ကိုယ့်ဖာသာကိုယ် စဉ်းစားတတ်တယ်... အဲဒီ 'လွဲလွဲ'... 'အရှင်း' နဲ့ကိုတွေ့ဦးမယ် သူ့ကိုယ်သူ လင်ရသွားလို့ သိပ်တော်တယ်... အောင်းမေ့နေတယ်"

"ဟာ... 'အရှင်း' ကလည်း 'လွဲလွဲ' ကစေတနာနဲ့ ပြောတာရန်မဖြစ်ရဘူးလေ"

"ဖြစ်မှာပဲ... သူပြောတာ စေတနာနဲ့မှ မဟုတ်တာ"

'အရှင်း' သည် ခုချက်ခြင်းပင် 'လွဲလွဲ' ဆီသွားကာ ရန်ထောင်ပစ်လိုက်ချင်ပါသည်။ သူ အတို့အထောင်လုပ်လို့သာ 'လေးလေး' က သူ့ကို ခါတ်ပုံတွေ ဘာတွေ ပြတဲ့အဆင့်အထိ ရောက်လာခဲ့တာ။



www.burmeseclassic.com

www.burmeseclassic.com



ဟန်းနီးမွန်းထွက်နေ၍သာ 'လဲ့လဲ့' ကံကောင်းသွားတာမှတ်ပါ။ ဒါပေမယ့် ခရီးကပြန်လာလျှင် သွားကိုတွေ့အုံးမည်။

'လဲ့လဲ့' တင်မက ကျန်တဲ့သူငယ်ချင်းတွေကိုပါ 'လေးလေး' ကို အတို့အထောင်မလုပ်ဘို့ မှာထားရဦးမည်။

ယခုကိစ္စကလည်း 'လဲ့လဲ့' မင်္ဂလာဆောင်တွင် 'အရှင်း' နဲ့ တစ်စားပွဲတည်း ထိုင်နေတဲ့ 'လေးလေး' ကို သူတို့တစ်တွေ ချွန်တွန်းလုပ်ပြီး ပင့်ပေးလိုက်တာကစပြီး အခြေခံလာလိမ့်မည်။

'အရှင်း' ပြောထားတဲ့ အလုပ်ကိစ္စကျတော့ တစ်ယောက်မှ အကူအညီမပေးကြဘဲ ယောကျ်ားပေးစားဖို့ကိစ္စသာ အားသန်နေကြလေသည်။

'အရှင်း' တစ်ယောက်တည်း လွတ်လပ်စွာ ပျော်ရွှင်နေရတဲ့ဘဝကို နှစ်သက်သည်။ ဘာအလုပ်မှ မလုပ်ဘဲ အိမ်တွင်းအောင်းနေပြန်ရင်လည်း အပြစ်ပြောမှာစိုး၍ 'အရှင်း' ဘက်က တစ်ထစ်လျှော့ကာ အလုပ်လုပ်ဖို့ကိုလည်း ပြောပြီးပါပြီ။

ဒါကိုမှ 'လေးလေး' မကျေနပ်ဘူးဆိုလျှင် 'အရှင်း' ဒီအိမ်က ထွက်သွားလိုက်ပါတော့မည်။

" 'လေးလေး' ကို 'အရှင်း' ပြောမယ်... 'အရှင်း' စိတ်မပါဘဲ ဒီထောင်ရေးကိစ္စတွေ ဆက်ဖန်တီးနေအုံးမယ်ဆိုရင် 'အရှင်း'





အိမ်မှာမနေတော့ဘူး... မယ်သီလရှင်ပဲ ဝတ်လိုက်တော့မယ်"

"တကယ်ပြောနေတာလား"

'လေးလေး' ရဲ့မေးခွန်းက မယုံသလိုကြီး ဖြစ်နေလေသည်။ မျက်နှာထားကလည်း မချိုမချဉ်နဲ့ စိမ်ခေါ်နေတဲ့အတိုင်းပါပဲ။

" 'လေးလေး' က မယုံဘူးပေါ့... ဟုတ်လား"

"မယုံတာ မဟုတ်ပါဘူး မေးကြည့်တာပါ"

"စောင့်ကြည့်လေ... ပြီးတော့မှ 'အရှင်း' ကို တောင်းပန်ပြီး လာမခေါ်နဲ့... 'အရှင်း' တို့ ပြတ်ပြီဆို လုံးဝပဲ... ဦးလေးတစ်ယောက်ဖြစ်ပြီး ကိုယ့်တူမဘက် လုံးဝမပါဘဲ သူများစကားပဲနားထောင်နေတယ်... ရတယ်... ရတယ်... 'အရှင်း' အကြောင်း လုံးဝသိစေရမယ်"

ပြောရင်း ဝမ်းနည်းလာရတာကြောင့် 'အရှင်း' မျက်ဝန်းမှ မျက်ရည်များ စီးကျလာခဲ့ပါသည်။ ပထမတော့ ရှိုက်ကာ ရှိုက်ကာ အသံမထွက်အောင် ငိုနေမိသေးပေမယ့် ကြာလာတာနဲ့အမျှ အောင့်အီးမြိုသိပ်မထားနိုင်တော့တာကြောင့် ဟီးကနဲနေအောင် အသံပြကြီးနှင့် အော်ငိုလိုက်မိပါတော့သည်။

'အရှင်း' ဘက်က တကယ့်ကို ဝမ်းနည်းပမ်းနည်း ငိုနေ



www.burmeseclassic.com

www.burmeseclassic.com



တာတွေ့မှ 'လေးလေး' က သူဖြစ်ချင်တဲ့ ဆန္ဒတွေကို ရုတ်သိမ်းကာ 'အရှင်း' အား ကျေနပ်တဲ့အထိ ချော့မော့နှစ်သိမ့်နေပါတော့သည်။





## ၅

ကိုယ့်ကားဘေးကနေ အရှိန်ဖြင့်ကျော်ဖြတ်မောင်းသွားသော ဖင်ကောက် အဖြူရောင်ဗင်ကားလေးကို အမှတ်မထင်လှမ်းကြည့်မိရင်း 'ကျော်ဇော' ရင်ထဲ ဒိန်းကနဲနေအောင် ဆောင့်ခုန်သွားရလေသည်။

ဖြစ်နိုင်လျှင် ထိုကားနောက်ကို ချက်ချင်းပင် ထပ်ချပ်မခွာ လိုက်မောင်းလိုက်ချင်ပါသည်။

ခက်တာက ကိုယ်ယူထားတဲ့ ယာဉ်ကြောက တလွဲဖြစ်နေတာကြောင့် ဘယ်လိုလုပ်ရမှန်း မသိအောင် အခက်တွေ့နေ



www.burmeseclassic.com

www.burmeseclassic.com



ရပါသည်။

လှည်းတန်းမီးပွိုင့် ဖြစ်နေတာကြောင့် မီးနီမိတဲ့အချိန် အမြန်လိုက်လျှင် မီနိုင်ပါသေးသည်။ကိုယ်ယူထားတဲ့ အကွေ့ လမ်းကြောင်းမှ အတည့်လမ်းကြောင်းကို ပြောင်းဖို့အတွက် ကားခေါင်းကိုထုတ်လိုက်မိပါသည်။

" 'ကျော်ဇော' မင်းဘာလုပ်တာလဲ... ငါတို့သွားရမှာ ဘုရင့်နောင်လေ... မင်း ယူလိုက်တဲ့လမ်းကြော မှားနေပြီ...ကား မောင်းတာလည်း ကြာနေပါပြီကွာ... လမ်းကြောလည်းသိသင့် ပါပြီ... နေရင်းထိုင်ရင်း ဘာထဖြစ်ရတာလဲ"

'ဝဏ္ဏ' စကားကို သူပြန်ပြီး မဖြေရှင်းနိုင်သေးချေ။

ကားအရှင်းကိုစောင့်ပြီး ခပ်မြန်မြန်ပင် လမ်းကြောင်း ပြောင်းယူလိုက်ရသည်။ သူ အမီလိုက်ချင်သောကားနဲ့ အတော် ကြီးကို ဝေးကွာနေပါသေးသည်။

စိတ်မရှည်စွာဖြင့် ကိုယ်ခန္ဓာကို မြှင့်ပြီး စူးစိုက်စွာကြည့် နေမိပါသေးသည်။

"ဟာ မေးနေတယ်လေကွာ... ဘာဖြစ်တာလဲ...ဘယ်သူ့ ကိုတွေ့လိုက်လို့လဲ... ပုံစံက အသည်းအသန်နဲ့"

"မင်း မသိပါဘူးကွာ... လွတ်သွားရင် ဒုက္ခပဲ"





'ကျော်ဇော' ပုံစံက အရမ်းကို စိတ်လှုပ်ရှားနေတဲ့ ပုံစံမျိုး ပါ။

"ဘာတွေလဲကွာ... ငါ့ကို ဦးနှောက်စားနေပြန်ပြီ"

"ငါ ရှာနေတဲ့ သူလေကွာ မင်းကလည်း အထာမပေါက် လိုက်တာ"

"ဟုတ်လား... ဘယ်မှာလဲ"

ခုမှ 'ဝဏ္ဏ' သဘောပေါက်သွားကာ ပတ်ဝန်းကျင်တစ်ခု လုံးကို မျက်လုံးကစားရင်း လှည့်ပတ်ကြည့်နေပါတော့သည်။

"ကြည့်မနေနဲ့... ဒီအနီးအနားပတ်ဝန်းကျင်မှာ မရှိဘူး... သူ့ကားက ဟိုးရှေ့မှာ ရောက်နေပြီ"

"ဘယ်ကားလဲကွ"

"ဖင်ကောက် ဗင်အဖြူကွာ... မီးပွိုင့်မှာ ရပ်နေတဲ့ ဒုတိယ မြောက်ကားပဲ... တော်ပါသေးရဲ့ မီးပွိုင့်မိသွားလို့"

"မင်း ကောင်မလေးတစ်ယောက်တည်း မောင်းလာတာ လား"

"မဟုတ်ဘူး.... သူ မပါဘူး... သူ့ ဦးလေး မောင်းလာ တာ"

"ဟမ်... မင်းရှာနေတဲ့သူ မပါဘဲ သူ့ဦးလေးနောက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး မင်းက ဘာလိုက်လုပ်မှာလဲ"

"လိုက်ရမှာပေါ့ကွ… ဘာ သတင်းအစအနမှ မရတာ ထက်စာရင် သူနဲ့ပါတ်သက်တဲ့သူနဲ့ တွေ့ရကော နည်းလား"

"မင်းက ဘယ်လိုနည်းနဲ့ ပတ်သက်မှာလဲ"

"မသိသေးဘူး… ကြံဖန်ပြီးတော့ ဝွင်ဆင်ရမှာပဲ… လွှတ်သွားလို့တော့ မဖြစ်ဘူး"

မီးပွိုင့်စိမ်းသွားပြီဖြစ်၍ ကားကို အရှိန်မြှင့်မောင်းကာ ရှေ့ကားကိုမီအောင် လိုက်လာရပါသည်။ ရှေ့ကကားက အင်းစိန်ဘက်ကို မောင်းနေတာဖြစ်ပါသည်။

ရှေ့ကားရဲ့ လမ်းဆုံးအထိပဲလိုက်ပြီး မိတ်ဆက်လိုက်ရမလား။

ဒါမှမဟုတ် ဘယ်လိုနည်းနဲ့များ ပတ်သက်ဖို့ ကြံဖန်ရပါ့မလဲ။

"မင်း… ဒီအတိုင်းပဲ အနောက်ကနေ လျှောက်လိုက်နေမှာလား"

"အင်းလေ… ဒီလိုမှ မလုပ်ရင် ဘယ်လိုလုပ်မလဲ"

"လေယာဉ်ပေါ်မှာ အတူတူစီးဖူးတာလေးတစ်ခုနဲ့ တကူးတကကြီး လိုက်ပါတ်သက်တာကတော့ ကိုယ့်မှာအကြောင်း





ရှိတယ်ဆိုတာ သိသာလွန်းပါတယ်ကွာ… မထင်မှတ်ဘဲ ပြန်ဆုံရတဲ့ ပုံစံမျိုးဆို မင်းလည်း သိက္ခာရှိတာပေါ့"

"အဲဒါဆို ငါက ဘာလုပ်ရမှာလဲ"

"အဲဒါတော့ မင်းဖာသာမင်း စဉ်းစားပေါ့ကွာ… ငါလည်း ဘယ်သိပါ့မလဲ"

"မသိဘဲနဲ့များ လေဖင်ခေါင်းကျယ်ပြီး ဆရာကြီး လာလုပ်ပြနေသေးတယ်"

ရှေ့ကကားနောက်ကို မသိမသာလိုက်ရင်း ဖြစ်နိုင်ခြေရှိမယ့် အကြံဉာဏ်ကို စဉ်းစားနေမိပါသည်။

ဒီအတိုင်းကြီး မိတ်ဖွဲ့ရမယ့် အခြေအနေမျိုးကို သူကိုယ်တိုင်လည်း မနှစ်သက်ပါချေ။ မတော်တဆ ပါတ်သက်မှုမျိုးသာ ဖြစ်စေချင်သည်။ ဘယ်လိုလုပ်ရပါ့။

စဉ်းစားရင်း စဉ်းစားရင်း သူ မောင်းလာတဲ့ကားကအရှိန်ပိုမြန်လာ၍ 'ဝဏ္ဏ'က အော်သည်။

"'ကျော်ဇော' အရှိန်ကိုလျှော့လေကွာ… စဉ်းစားတာလည်း စဉ်းစား… ကားမောင်းတာကိုလည်း ဂရုစိုက်အုံးမှပေါ့… တော်ကြာ မတော်တဆတိုက်မိသွားမှ အားလုံးမသာပေါ်ကုန်လိမ့်မယ်… လီဗာကိုလျှော့"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ"

'ဝဏ္ဏ' စကားသံကို ကြားလိုက်ရမှာပဲ သူ့ ခေါင်းထဲ ညဏ်ရှင်သွားရလေတော့သည်။ မတော်တဆဆိုတဲ့ ကိစ္စဖြစ်လာဖို့ သူ မဆင်မခြင်ပြုမူမှုပဲ ဖြစ်တော့မှာပါ။

သူ့အတွေးနဲ့သူ ဟုတ်နေရတာကြောင့် ဘေးဘီဝဲယာ ကားအရှင်းကို စောင့်နေမိပါသည်။

"ကားကို အရှိန်လျှော့ပါဆိုမှကွာ... မလျှော့တဲ့အပြင် အမူးသမားလို ဟိုယိမ်းဒီယိမ်းနဲ့... ငါ့မှာ သံယောဇဉ်တွေနဲ့ဆိုတာကို သတိရပေးပါအုံးကွာ... မင်းလိုတွယ်တာမယ့်သူ မရှိတာမဟုတ်ဘူး"

'ဝဏ္ဏ' လေသံက တကယ့်ကို ထိတ်လန့်နေပုံပါ။ 'ဝဏ္ဏ' ထိတ်လန့်တယ်ဆိုမှ ဘရိတ်က ဖမ်းလို့မမိ။ ဖမ်းလို့မိတဲ့အချိန်မှာတော့ သူ့ကားက ရှေ့ကားရဲ့ဖင်ကို ဆောင့်မိသွားရပြီ။

"သေတော့... သေတော့... မင်းသေလိုက်တော့"

'ဝဏ္ဏ' အော်သံမဆုံးခင် သူ ကားပေါ်က အလျင်အမြန်ပဲဆင်းကာ ရှေ့ကားကို လှမ်းအကြည့် ရှေ့ကားက အန်ကယ်လည်း ကားပေါ်ကဆင်းချလာသည်။

နှုတ်ခမ်းမွှေးကြောတွေပင် ရှုံ့တွနေသော အန်ကယ်ရဲ့ပုံစံက





အတော်ကြီးကို စိတ်ပျက်နေပုံရပါသည်။

သူ့မျက်နှာကို စိတ်ပျက်သလို လှမ်းကြည့်ပြီး ပိန်ရှုံ့သွားသော သူ့ကားနောက်ဖက်ဘန်ဘာနဲ့ ကွဲသွားသော မီးလုံးကို ကိုင်ကြည့်နေပါသည်။

"ကျွန်တော်မှားသွားတာပါ အစ်ကိုကြီးရာ... ကျွန်တော့်ကား ဘရိတ်မကောင်းလို့ ဒီလိုဖြစ်ရတာပါ"

လေပျော့နှင့်ပင် သူကြိုပြီး တောင်းပန်ထားလိုက်မိပါသည်။

သူ့ဘက်က အေးဆေးတောင်းပန်နေမှ တစ်ဖက်မှလည်း ဒေါသဖြစ်မနေတော့ပါ။

"အင်း... မင်းမှားတယ်ဆိုတာ သိရင်လည်း အဆင်ပြေမယ့်နည်းလမ်းကိုစဉ်းစားပေးပေါ့ကွာ... နှစ်ဦးနှစ်ဖက် ပြေလည်ဖို့အဓိကပါပဲ... ပြဿနာလည်း မဖြစ်ချင်ပါဘူး"

"မဖြစ်ရပါဘူး ခင်ဗျာ... ကျွန်တော် အဆင်ပြေတဲ့အထိ အစအဆုံး တာဝန်ယူပြီး စီစဉ်ပေးပါ့မယ်... ကျွန်တော်ကိုယ်တိုင်လည်း ကားဝပ်ရှော့နဲ့ ဆာဗစ်ဆင်ဖွင့်ထားတဲ့လူပါ... အစ်ကိုကြီးကျေနပ်တဲ့အထိ လုပ်ပေးပါ့မယ်"

ပြောရင်း သူ့အိတ်ကပ်ထဲမှ ဝပ်ရှော့လိပ်စာကတ်ပြားလေး



www.burmeseclassic.com

www.burmeseclassic.com



ကို ထုတ်ပေးလိုက်မိပါသည်။

"ပြင်ပေးမယ်ဆိုရင် ခုပြင်ပေးမှာလား... ကိုယ့်မှာက အလုပ်တွေရှိသေးတယ်ကွ... သိပ်ကြာနေလို့လည်း မဖြစ်ဘူး"

"မီးလုံးလဲတာကတော့ အချိန်သိပ်မကြာဘဲ ခပ်မြန်မြန် လုပ်ပေးလိုက်လို့ရပါတယ်... ဒီပိန်သွားတဲ့ ဘန်ဘာကတော့ ပြန်ထုတာနဲ့ဘာနဲ့ အနည်းဆုံး နှစ်ရက် သုံးရက်တော့ အချိန် ပေးရပါလိမ့်မယ်... ဝပ်ရှော့မှာ ကားလိုရမှာဆိုတော့ အစ်ကို ကြီးအတွက် အခက်အခဲများ ရှိနေမလား မသိဘူး"

"ကား မရှိဘူးဆိုတော့ သွားရေးလာရေး အခက်အခဲ တော့ရှိတာပေါ့ကွာ... ဖြစ်လာပြီဆိုမှတော့ ဘယ်တတ်နိုင်ပါ့ မလဲ... မင်းကားကိုလည်း ပြန်စစ်ကြည့်အုံး... နောက်တစ်ခါ ဒါမျိုးထပ်ဖြစ်ရင် မလွယ်ဘူး"

"ဟုတ်ကဲ့ပါ... ကျွန်တော် ပြန်စစ်လိုက်ပါ့မယ်"

"ကဲ... ဒါဆို တို့ ဘာလုပ်ကြမလဲ"

"အစ်ကိုကြီး သဘောပါ... ကားကို တစ်ခါတည်း ဝပ် ရှော့မှာ လာထိုးထားလိုက်လည်း ရပါတယ်... ကျွန်တော်အမြန် ဆုံးပြီးအောင် ပြင်ဆင်ပေးပါ့မယ်"

"ခုချက်ချင်းတော့ ထားလို့မရသေးဘူးကွ... ချိန်းထားတဲ့





အလုပ်က ရှိသေးတယ်... မသွားလို့ကလည်း မရဘူး... တော် ကြာကတိပျက်တယ် ဖြစ်နေအုံးမယ်... ညနေပိုင်းလောက်မှလာ ရင် ဖြစ်မလား"

"ရတယ်... ကျွန်တော့်ဘက်က Wellcome ပါပဲ... အစ် ကိုကြီးဘက်ကသာ အဆင်ပြေအောင် လုပ်ပါ"

ပြောရင်း သူ့ပိုက်ဆံအိတ်ထဲကနေ မှတ်ပုံတင်ကဒ် ထုတ် ပေးလိုက်မိပါသည်။

"ဒါက ဘာလုပ်ရမှာလဲ"

"ကျွန်တော့်ကို မယုံမှာစိုးလို့ မှတ်ပုံတင်ကဒ် ပေးလိုက် တာပါ"

"ဟာ မလိုပါဘူးကွာ... မင်းပုံစံကြည့်လိုက်တာနဲ့ မင်း ဟာ လူလိမ်မဟုတ်ဘူးဆိုတာ အကဲခတ်လို့ ရပါတယ်... ဒါနဲ့ မင်းကို ကိုယ့်စိတ်ထဲမှာ မြင်ဘူးနေသလိုပဲ... ဘယ်မှာ ဆုံဖူးသ လဲ မသိဘူး"

သူ ခုမှ ကျေနပ်စွာ ပြုံးလိုက်မိပါသည်။

"အစ်ကိုကြီးကိုလည်း ကျွန်တော် မှတ်မိပါတယ်... ကျွန် တော် နိုင်ငံခြားက ပြန်လာတုန်းက လေယာဉ်ပေါ်မှာ ဆုံဖူးခဲ့ တယ်လေ... အစ်ကိုကြီးရဲ့ ပစ္စည်းတွေများလို့တောင် ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



လှည်းပေါ်ကူတင်ပေးခဲ့ရသေးတယ်"

"အော်.... အဲဒါမင်းလား... ရုပ်က သိပ်မတူတော့သလို ပဲ"

"ဆံပင်ပုံစံပြောင်းသွားလို့ ဖြစ်မှာပါ... ပြန်လာပြီးတည်း က ကျွန်တော် ဆံပင်ညှပ်ပစ်လိုက်တယ်"

"ဟုတ်ပြီ... ဒါကြောင့် ကိုယ်ချက်ခြင်း မမှတ်မိတာ ဖြစ်ရမယ်... ကိုယ်သွားတော့မယ်...ချိန်းထားတာ အရေးကြီးနေတယ်"

ထွက်သွားတဲ့ကားကို မျက်စေ့တဆုံး ငေးကြည့်ရင်း သူ့ရင်ထဲ ကြည်နူးပျော်ရွှင်နေမိပါတော့သည်။





## ၆

"ဟာ... မီးလုံးတန်ဖိုးကတင် သောင်းချီတန်နေပြီ... ဒီထက်ဘာများ စေတနာတွေပိုပြီး လောကွတ်ချော်နေရတာလဲ 'ကျော်ဇော' ရာ... ပျက်စီးထိခိုက်သွားတဲ့ နေရာအားလုံးလည်း အကောင်းပကတိဖြစ်အောင် ပြန်ပြင်ပေးပြီးရင် မင်းတာဝန်ကျေပြီပေါ့... မင်း ပြောတဲ့ကိစ္စကတော့ ပိုလွန်းအားကြီးပါတယ်"

'ဝဏ္ဏ' ရဲ့အပြစ်တင် စကားကို သူ ဘာမှ ပြန်မပြောဘဲငြိမ်သက်စွာ နားထောင်နေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဦးသာကောင်း' ဆိုတဲ့ လူရဲ့အမြင်မှာ သူ မျက်နှာကောင်းရဖို့ပဲ အဓိက အရေးကြီးသည် မဟုတ်ပါလား။

သူ့ဖက်က ပေးဆပ်လိုက်လျှော့မှုတွေကို မြင်လာတာနဲ့အမျှ သူ့ဘက်မှာ အကြောင်းရင်း တစ်ခုခုရှိရမည်ဆိုတာ 'ဦးသာကောင်း' စဉ်းစားမိမှာ မလွဲပါ။

'ဦးသာကောင်း' ကလည်း အကွက်မြင်လွယ်၊ အထာပေါက်လွယ်သော မွတ်မွတ်လည်နေသော လူကြီးတစ်ဦးပါပဲ။

ဝပ်ရှော့မှာ နှစ်ကြိမ်ပဲ ဆုံဖူးသေးပေမယ့် ပွင့်လင်းရိုးသားသော အသက်အရွယ်နဲ့မလိုက်အောင် လူငယ်ဆန်သော ဖော်ရွေသော 'ဦးသာကောင်း' ရဲ့ စရိုက်တွေကို သူ အကဲခတ်မိပြီးပါပြီ။ 'ဦးသာကောင်း' ကနေ တစ်ဆင့် သူမလေးဆီကိုလျှောက်ဝင်သွားနိုင်ဖို့ သူ မျှော်လင့်ထားမိပါသည်။

ဖြစ်နိုင်လျှင် သူမလေးရဲ့ အသည်းနှလုံးဆီကို ရောက်သည်အထိပါ။

သည်မျှအထိ သူ စိတ်ကူးယဉ်ထားမိပါသည်။

"ငါပြောနေတာ ကြားလား... ဒီလူကြီးဘက်က ဘာမှပြောမလာသေးဘဲနဲ့ မင်းဖက်က လုပ်ပေးလိုက်ရင် ဖားလွန်းရာကျပါတယ်ကွာ... မင်းသိက္ခာအတွက် ငါ ပြောပေးနေတာ"





"ကားဘီး တစ်ဘီးလဲပေးတာပဲကွာ... မင်းကလည်း"

"ဒါဆို ငါ့ကားရဲ့ ဘီးအားလုံးလည်း လဲပေးပိုက်ပါလား... သူငယ်ချင်း အချင်းချင်းပဲဥစ္စာ... မင်းစေတနာတောင်ပိုထားသင့်သေးတယ်"

"လဲပေးပါ့မယ်ကွာ... ပြောစရာတောင် မလိုပါဘူး"

"မင်းတကယ်ပြောနေပာလား"

'ဝဏ္ဏ' ပုံစံက တကယ် အတည်ဖြစ်လာတော့ သူ စကားကို လျှောချပစ်လိုက်ရပါသည်။

"ခြံထောင့်မှာ ပုံထားတဲ့ တာယာအဟောင်းတွေထဲကရွေးလေကွာ... ပက်ကင်အသစ်တော့ မင်းကိုဘယ်လဲပေးနိုင်မလဲကွာ စေတနာဆိုတာ လူတိုင်းအပေါ် လျှောက်ထားနေလို့ အပေါစား ဖြစ်သွားမှာပေါ့"

"ခွေးကောင်... ဘာမှ မဆိုင်တဲ့ 'ဦးသာကောင်း' ကျတော့ တစ်ချိန်လုံး ဖားနေတယ်... မင်းလို သူငယ်ချင်းမျိုး ရှားတယ်"

"ဟ... သူ့တူမကိုကြိုက်မှတော့ သူ့ဦးလေးကို မဖားထားလို့ဖြစ်မလား...ကိုယ့်ဆီက အပေးရှိထားမှ သူ့ဆီကပြန်ယူလို့ ရမှာပေါ့"

"ဟုတ်ပါပြီ... ဟုတ်ပါပြီ... ထားလိုက်ပါတော့"



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ဆုံးဖြတ်ချက်ကို မချရသေးခင် တိုင်ပင်တဲ့အနေနဲ့ 'ဦးသာကောင်း' ရဲ့ဟမ်းဖုန်းနံပါတ်ကို ဆက်လိုက်မိပါသည်။

"ကျွန်တော် 'ကျော်ဇော' ပါ အစ်ကိုကြီး"

"ပြော"

"ကားလာယူလို့ရပြီလို့ ပြောပြတာပါ... မနေ့ကညနေ တည်းက လာယူမယ် ထင်နေတာ"

"ဟင်... လာမယူသေးဘူးလား... ကိုယ့်တူမကို ယူခိုင်းထားတာ... ကိုယ်က မန္တလေးရောက်နေတာ"

"မြန်လှချည်လား အစ်ကိုကြီးရာ... တစ်နေ့ကတင် ရန်ကုန်မှာပဲ ရှိသေးတဲ့ဟာကို"

"ဒါရိုက်တာနဲ့ ရိုက်ကွင်းလိုက်ကြည့်တာပါ... အရေးတော့မကြီးပါဘူး... တစ်ညအိပ်ပါပဲ"

"ဒီလိုဆို ကျွန်တော် အစ်ကိုကြီးအိမ်ကို ကားလာပို့ပေးထားရမလား... တော်ကြာ... အစ်ကိုကြီးတူမ ကားသုံးစရာမရှိဘဲဖြစ်နေအုံးမယ်"

"မလိုပါဘူးကွာ... သူ့မှာ ကားတစ်စီး သပ်သပ်ရှိပါသေးတယ်... ပို့ပေးမနေနဲ့"

"ပြီးတော့... အစ်ကိုကြီးကားရဲ့ ရှေ့ညာဘက်ဘီးက





တော်တော်ပါးနေပြီ... ဘီးအသစ်လဲပေးလိုက်ရမလား...ပန်းမရှိတော့ မိုးတွင်းဆို စလစ်ဖြစ်မှာ စိုးရတယ်"

"ဟုတ်လား... ဒါဆို လဲမယ်လေ... ကောင်းတာသာလုပ်ပေးပါ ညီလေးရာ... ကိုယ်ပြန်လာမှပဲ ကျသလောက် ရှင်းပေးပါ့မယ်... ဖြစ်တယ်မဟုတ်လား"

"ဖြစ်ပါတယ်"

'ဦးသာကောင်း' ၏ကားကို သူ လိုလေသေးမရှိအောင် ပြင်ဆင်မွမ်းမံပေးလိုက်ပါသည်။ စေတနာပိုစွာဖြင့် ရေဆေးပြီး ပေါ်လစ်ပါ တင်ပေးလိုက်ပါသေးသည်။

ဒီအဖြစ်ကြောင့်ပဲ မိတ်ဆွေတစ်ယောက်ရဲ့ ကားကြုံဖြင့် လိုက်လာကာ ကားပြန်လာယူသော 'ဦးသာကောင်း' ရဲ့မျက်နှာက သဘောအကျကြီး ကျနေခဲ့ပါသည်။

"ကိုယ့်ကားလည်း ခုမှပဲ ကားနဲ့တူတော့တယ်... ကျေးဇူးတင်ပါတယ် ညီလေးရာ... ဝပ်ရှော့ပိုင်ရှင်ကို မိတ်ဆွေဖြစ်ထားရတာဆိုတော့ အရေးအကြောင်း ဒီကိုပဲ ပြေးလာရတာပေါ့...ကဲ ဘယ်လောက်ကျသလဲ ပြောပါအုံး"

သူ အားနာစွာ ငြိမ်သက်နေမိပါသည်။

'ဦးသာကောင်း' က သူ့ကိုစိုက်ကြည့်ပြီး သူ ပြောလာ



www.burmeseclassic.com

www.burmeseclassic.com



မယ့် အဖြေကိုစောင့်နေပါသည်။

"နေပါစေ အစ်ကိုကြီး... ဒီတစ်ခါတော့ မိတ်ဖြစ်ဆွေဖြစ် ကျွန်တော် မယူပါရစေနဲ့... နောက်တစ်ခါမှပဲ ယူပါရစေ"

"မဟုတ်တာပဲကွာ... ခင်တာကခင်တာ အလုပ်ကအလုပ်ပဲ ကျသလောက် ကိုယ်ပေးပါ့မယ်"

"ရပါတယ် အစ်ကိုကြီး... နောက်တစ်ခါမှပဲ ပေးပါ...ဒီတစ်ခါတော့ ကျွန်တော့် စေတနာလို့ပဲ သဘောထားပေးပါ"

"မဟုတ်တာကွာ... ကားဘီးလည်း အသစ်လဲပေးထားတယ် ကားတစ်စီးလုံးလည်း လိုအပ်တာမှန်သမျှ လုပ်ပေးထားတာဆိုတော့ အရမ်းကို အားနာဖို့ကောင်းနေပြီ"

"ကျွန်တော့်ဘက်က မယူဖို့ ဆုံးဖြတ်ပြီးနေလို့ပါ အစ်ကိုကြီး"

'ကျော်ဇော' ဘက်ကို ဘယ်လိုပဲပေးပေး မရနိုင်မှန်းသိ၍ 'ဦးသာကောင်း' ဘက်က လိုက်လျှောပါသည်။

"ဒီလိုလုပ်မယ်ကွာ... မင်းအားတဲ့ရက်နဲ့ ကိုယ်အားတဲ့ ရက်တစ်ရက်ရက် ညှိပြီး မင်းကို ကိုယ်ထမင်းကျွေးမယ် ဖြစ်မလား"

"နေပါစေ အစ်ကိုကြီး... တကူးတကကြီး ဖြစ်နေပါ့





မယ်"

"ဖြစ်ပစေပေါ့ကွ... မင်းတောင် ငါ့အပေါ် စေတနာထားသေးတာ... ငါကတော့ မင်းအပေါ် စေတနာမထားရတော့ဘူးလား... ကိုယ့်အိမ်မှာစားမလား... ဟိုတယ်မှာ စားမလား"

"ဟိုတယ်မှာဆို စရိတ်စကကြီးပါတယ် အစ်ကိုကြီး... အိမ် မှာဆိုရင် အစ်ကိုကြီး မိသားစုနဲ့လည်း ခင်မင်ရတာပေါ့"

"ကိုယ်က မိသားစု ရှိတာမဟုတ်ဘူး... တူမတစ်ယောက်ပဲရှိတာ"

"အော်... ကျွန်တော်က အစ်ကိုကြီးကို မိသားစုနဲ့ သိုင်းသိုင်းဝိုင်းဝိုင်းနေတယ် အောင်းမေ့နေတာ"

"နိုး... နိုး... ကိုယ်ကလည်း Single ကိုယ့်တူမကလည်း Single ပဲ... အတော်ပဲ မောင်ရင်လာရင် ကိုယ့်တူမနဲ့ မိတ်ဆက်ပေးရမယ်"

ရေငတ်နေတုန်း ရေတွင်းထဲကျသွားသူလို 'ကျော်ဇော' မျက်နှာပြုံးဖြီးဖြီးဖြစ်သွားတာ သွားပင်စေ့လို့ မရနိုင်အောင်ပါ။

'ကျော်ဇော' အဖြစ်ကို တစ်နေရာမှ ရပ်ကြည့်နေတဲ့ 'ဝဏ္ဏ' က 'ကျော်ဇော' ကို ကောင်းချီးလှမ်းပေးပါသည်။

"မျက်နှာကိုက မစင်တွေ့တဲ့ ခွေးကျနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မစင်မဟုတ်ဘူးဟေ့... အမဲရိုး... အမဲရိုး"

'ဝဏ္ဏ' ဆီ ပြေးလာကာ တဝုတ်ဝုတ်နှင့် ဟောင်နေ၍ 'ဝဏ္ဏ' အားရပါးရ အော်ရယ်လိုက်မိပါတော့သည်။







၇

မပြောမဆို 'လဲ့လဲ့' တစ်ယောက် အိမ်ရောက်လာသဖြင့် 'အရှင်း' ဝမ်းသာသွားရပါသည်။

'လဲ့လဲ့' ကိုတော့ ဝမ်းသာတဲ့ စိတ်ကိုဖုံးဖိကာ ခပ်တည်တည် မျက်နှာထားဖြင့် စိုက်ကြည့်၍ ကြိုဆိုလိုက်ပါသည်။

ဟန်းနီးမွန်း ထွက်သွားပြီးတည်းက ပြန်ရောက်တာလည်းအကြောင်းမကြားဘဲ သတင်းအမှောင်ချထား၍ စိတ်ဝင်စားစရာ ကောင်းနေရလေသည်။

'လဲ့လဲ့' စိတ်ခါတ်ကို 'အရှင်း' အသိဆုံးပါ။သူနဲ့ပတ်သက်



www.burmeseclassic.com

www.burmeseclassic.com



လို့ ဘာသတင်းထူးပဲရှိရှိ အရင်ဆုံးရင်ဖွင့်ခံရသူက 'အရှင်း' ပါ။

အခု 'လဲ့လဲ့' နဲ့ 'အရှင်း' မတွေ့ရတာဘဲ တစ်လကျော်နေပြီ 'လဲ့လဲ့' မှာ ပြောစရာစကား မရှိဘူးဆိုတာ မဖြစ်နိုင်။ ရေးကြီးသုတ်ပြာနဲ့ 'လဲ့လဲ့' ရောက်လာပြီဆိုကတည်းက တစ်ခုခုတော့ ထူးခြားပြီဆိုတာ 'အရှင်း' ရင်ထဲ အလိုလိုသိနေမိသည်။

"ဟယ်... 'အရှင်း' ရယ်... နင့်မျက်နှာကြီးက လည်း ပုတ်ပွနေလိုက်တာ ကြောက်စရာကောင်းလိုက်တာ... ငါ့ကို စိတ်ဆိုးနေတာမဟုတ်လား...နင့်ဆီကို မလာချင်လို့ မဟုတ်ပါဘူးဟယ် ငါ့ကိစ္စတွေနဲ့ငါ ရှုပ်နေလို့ပါ... ခရီးကပြန်လာတာတောင် ရက်ပိုင်းပဲ ရှိပါသေးတယ်"

"လာမလိမ်နဲ့... နင့် ဟန်နီးမွန်းထွက်တာ ငါးရက်ပဲကြာတာငါသိတယ်... မလာချင်လို့ မလာဘူးဆိုတာ ပေါ်တင်သာ ဖွင့်ပြောလိုက်"

"ဟုတ်ပါတယ်... ဟန်နီးမွန်းက ပြန်ရောက်ပြီး နောက်နှစ်ရက်မှာပဲ ကိုကြီးနဲ့ တောင်ကြီးကို ပါသွားတာ နင်မသိဘူးမဟုတ်လား... ကိုကြီးအမေ အသဲအသန်ဖြစ်နေလို့ဟယ်... ပြုစုမယ့်သူကလည်း ငါတစ်ယောက်တည်းပဲ ရှိတယ်ဆိုတော့





ငါ့မှာရင်မောလိုက်ရတာ ပြောမနေပါနဲ့တော့... သူ့ဘက်မှာကလည်း ဆွေမျိုးကရှားပါးတော့ ကောင်းကောင်းနေမကောင်းမချင်း ငါမှာ ပြန်လာလို့မရဘူးဖြစ်နေတယ်"

'လဲ့လဲ့' ပုံစံကို ကြည့်တာနဲ့တင် အပူသည်တစ်ယောက်မှန်း သိသာနေရလေသည်။

"ကောင်းတယ်... ယောက်ျားယူချင်အုံးလေ... တစ်ယောက်တည်း လွတ်လွတ်လပ်လပ်နေရင် ဘယ်အပူအပင်မှမရှိဘူး... ခု တော့ အပူလုံးတွေဆို့ပြီး လူရုပ်တောင် မပေါ်တော့ဘူး ဝမ်းသာလိုက်တာ"

"မတတ်နိုင်ဘူးလေ... ဖြစ်လာမှတော့ အကောင်းကြီးပဲလို့မှတ်ရမှာပေါ့... ငါနဲ့ယူပြီးမှ သူ့အမေရဲ့ ကျန်းမာရေးက ဖောက်ပြန်လာတာဆိုတော့ ငါ့ကုသိုလ်ကံပေါ့"

"နေပါဦး... နင့် ယောက္ခမကြီးကို ပြုစုမယ့်သူ မရှိရအောင် အရင်တုန်းက သူက ဘယ်သူတွေနဲ့နေတာလဲ သူ့သားလည်း ရန်ကုန်မှာ ရှိနေတဲ့ဥစ္စာ"

"နိုင်းတဲ့လူ သုံးလေးယောက်ရှိပါတယ်... ဒါပေမယ့်တကယ်ရောဂါဖြစ်လာတဲ့ အခါကျတော့ သွေးရင်းသားရင်းပဲ ပြုစုစေချင်ကြတာလေ... ငါ့ကိုဆို အဖွားကြီးက ချစ်မှချစ်ပဲ... သူ



www.burmeseclassic.com

www.burmeseclassic.com



သေသွားရင် သူပိုင်ဆိုင်တဲ့ ပစ္စည်းတွေကို သူ့သားနာမည်နဲ့ မလွှဲခဲ့ဘူးတဲ့ ငါ့ နာမည်နဲ့ပဲ လွှဲခဲ့မှာတဲ့... ဘယ်လောက်ကောင်းသလဲ... ပြုစုရကျိုးနပ်ပါတယ်ဟာ"

"ဟယ်... ဒါဆို နင် အခု အမွေတွေရတော့မှာပေါ့နော်"

'အရှင်း' 'လှဲ့လှဲ့' အတွက် ဝမ်းသာအားရ အမေး 'လှဲ့လှဲ့' က မျက်စောင်းထိုးသည်။

"ဘာကိစ္စ မျက်စောင်းထိုးရတာလဲ... ငါကလည်း နင့်အစား ဝမ်းသာပေးရသေးတယ်"

"ဟဲ့... အမွေဆိုတာ သေမှရတာလေ... ခု သေမှ မသေသေးတာ... နင်မေးလိုက်တဲ့ပုံစံကလည်း သေသွားပြီးတဲ့အတိုင်းပဲ"

"မသေ သေးဘူးလား"

"လုပ်ပြန်ပြီ ဖွဟဲ့... လွဲပါစေ... ဖယ်ပါစေ... ပြန်ကျန်းမာလာအောင် မနည်းပြုစုထားခဲ့ရတာ... အခုသူ့အတွက် ယကြာလေးဘာလေးချေပေးရအောင် ရန်ကုန်ကို ခဏပြန်ဆင်းလာတာ"

"ဒါဆို နင်တောင်ကြီးကို ပြန်ရဦးမှာပေါ့"

"ဒါပေါ့... တစ်ရက် နှစ်ရက်ပဲ ထွက်လာခဲ့တာ"





"နင့် ဘိုးတော်ကြီးကကော"

"အမယ်... သူများ ယောကျ်ားကိုများ ဘိုးတော်ကြီးတဲ့ သိပ်လည်း အသက်မကြီးသေးပါဘူးဟယ်... နှိမ်နှိမ်ချချ မပြောပါနဲ့... ငါ့ကိုကြီးက သိပ်ကြင်နာတတ်တဲ့ သူ... နင်ယောကျ်ားယူရင်လည်း ငါ့ကိုကြီးလိုလူမျိုး ရှာယူသိလား"

"မယူနိုင်ပါဘူး... အသက်ကြီးကြီးလူကိုယူရင် ကိုယ်လည်း သူနဲ့အတူရောပြီး လိုက်အိုရတယ်... ငါ့အထင်နဲ့ရမ်းသမ်းပြောတာ မဟုတ်ဘူးနော်... လက်တွေ့သိလို့ပြောတာ"

'လှဲ့လှဲ့' က မယုံကြည်သလို ခေါင်းကို ခါရမ်းပြသည်။

"ခေါင်းမခါနဲ့... အမှန်ပြောနေတာ... ငါပြောတာမယုံရင် နင့်ရုပ်နင်မှန်ထဲပြန်ကြည့်လိုက်... ခါတိုင်းနဲ့တူသေးလို့လားလို့ အမယ်ကြီးအို ချီးပမ်းထားတဲ့ရုပ်အတိုင်းပဲ"

"ခွေးမ... သူများဆို ကဲ့ရဲ့ဖို့ပဲတတ်တယ်... လူနာပြုစုရတာရယ်... ခရီးပင်ပမ်းလာတာရယ်ကြောင့် မျက်နှာချောင်နေတာပါဟယ်... နင် အခုအားတယ် မဟုတ်လား"

"အားတာ မအားတာနောက်ထားအုံး... 'လေးလေး' ကို နင်တို့ကြပ်ခဲ့တာ အရေးမကြီးဘူး... ငါ့ကို ဘယ်က ယောကျ်ားခါတ်ပုံတွေမှန်းလည်း မသိဘူး... တစ်ထပ်ကြီးယူလာပြီး လာ



www.burmeseclassic.com

www.burmeseclassic.com



စပ်နေတယ်... ငါ့မှာ စိတ်ညစ်ရလွန်းလို့ မျက်ရည်တောင်ကျ
တယ်... နင်ယောကျ်ားရတိုင်း ငါ့ကိုပါ ချောက်တွန်းရသလား—
ကဲ ကဲ... မှတ်ထား"

'အရှင်း' သည် ရင်ထဲ မကျေမနပ် တေးမှတ်ထားရသမျှ 'လဲ့လဲ့' ၏ လက်မောင်းကို တဖြန်းဖြန်းနဲ့ ရိုက်ရမှ ကျေနပ်သွား ရပါတော့သည်။

'လဲ့လဲ့' မှာ နာကျင်သွားသော သူ့လက်မောင်းကို ပွတ်ရင်း မျက်နှာလေးရှုံ့မဲ့ကာ ပြောလေသည်။

"ရိုက်... ရိုက်... သေအောင်သာ ရိုက်လိုက်တော့... ဘယ် အချိန်တည်းက လူကိုနှိပ်စက်ဖို့ ထိုင်စောင့်နေသလဲ မသိပါ ဘူး... ဟွန်း... ငါ့ကိစ္စရှိလို့ ခွင့်လွှတ်လိုက်မယ်... 'အရှင်း' အဝတ် အစားလဲပဟာ... ငါနဲ့ အဖော်လိုက်ခဲ့ပေးစမ်းပါ... ရွှေပြည်သာ ဘက်ကိုသွားချင်လို့"

"ရွှေပြည်သာ... အဝေးကြီးပဲ ငါ မသွားတတ်ဘူး"

"ငါလမ်းညွှန်ပေးပါ့မယ် 'အရှင်း' ရယ်... လိုက်ပို့ပေးစမ်း ပါ"

"ရှုပ်လိုက်တာ 'လဲ့လဲ့' ရယ်... နင်သွားချင်တာပဲ နင့် ယောကျ်ားကို လိုက်ပို့ခိုင်းပေါ့... နင်ပြောတော့ နင့်ကိုကြီး နင့်





အရမ်း အလိုလိုက်တယ်ဆို"

"သူ မအားလို့ပါဟယ်... ခရီးထွက်သွားတာကြာတော့ ခုမှ စုပုံနေတဲ့အလုပ်တွေကို သိမ်းကြုံးလုပ်နေရတယ်... မနက် မိုးလင်းတည်းက ထွက်သွားရင် မိုးချုပ်မှ ပြန်ရောက်တယ်... အပူ မပေးချင်တော့ပါဘူး"

"ဟင်း တော်တော်ကောင်းတယ်... သူ့ယောကျ်ားတော့ အပူမပေးချင်ဘူး... ငါ့ကျတော့ အပူပေးချင်တယ်ပေါ့"

'လဲ့လဲ့' က တောင်းပန်သလို မျက်ဝန်းမျိုးဖြင့် စိုက်ကြည့် သာခဲ့ပါသည်။ 'အရှင်း' ကိုယ်တိုင်လည်း ပြောချင်တာပြော လုပ်ချင်တာလုပ်ပြီးပြီဆိုတော့ လိုက်ပို့ပေးဖို့ ဆုံးဖြတ်ပြီးသား ပါ။

အဝတ်အစားမြန်မြန်လဲကာ ဖေဖေ့ရဲ့ ဟမ်းဖုန်းကို လိုရ ယ်ရ ယူလာခဲ့လိုက်ပါသည်။

ဒီဖုန်းက ဖေဖေမရှိတော့တည်းက 'အရှင်း' လက်ထဲကို အလိုလိုရောက်လာခဲ့တာပါ။ ဖေဖေ့နာမည်နဲ့ ကျထားတဲ့ ဖုန်း လေးမို့ ပြန်မရောင်းရက်တာလည်း ပါပါသည်။

'လေးလေး' ကို ပေးကိုင်ပေမယ့်လည်း 'လေးလေး' က သူ့ဖာသူတစ်လုံးဝယ်ကာ ကားလည်း သူ့ဖာသူ ဝယ်လိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com



သေးသည်။

'လေးလေး' ပြန်ရောက်လာ၍ 'အရှင်း' ဘက်မှ ပေးဆပ်လိုက်လျှော့ရတာ ဘာတစ်ခုမှ မရှိဘဲ 'လေးလေး' ကသာ 'အရှင်း' ကိုလည်း မုန့်ဖိုးလည်းပေးကာ အိမ်စရိတ်ဆိုလည်း 'လေးလေး' ပဲ ထုတ်ပါသည်။

ဖေဖေရှိစဉ်တုန်းကတော့ တစ်ကိုယ်ရည် တကာ့ယသမားဖြစ်တဲ့ 'လေးလေး' ရဲ့ အထောက်အပံ့ကို ရဖို့ခဲယဉ်းပေမယ့် ဖေဖေ မရှိတဲ့နောက် ကိစ္စအားလုံး 'လေးလေး' ရဲ့ ခေါင်းပေါ်ကို အလိုလိုကျလာကာ 'အရှင်း' ကိုလည်း သမီးလေးတစ်ယောက်လို စောင့်ရှောက်ပေးခဲ့ပါသည်။

အရင်တုန်းက လွတ်လပ်ချင်တိုင်း လွတ်လပ်ခဲ့သော 'လေးလေး' တစ်ယောက် ခုလို ပြောင်းလွဲလာတော့လည်း 'အရှင်း' 'လေးလေး' ကို သနားမိသလိုပါ။

"အမယ်လေးဟယ်... နင့်မျက်နှာကလည်း လိုက်မပို့ချင်မှန်း သိသာလွန်းပါတယ်... ကားကော မောင်းလို့ဖြစ်ပါ့မလား"

"'လေးလေး' အကြောင်း စဉ်းစားမိလို့ပါ 'လဲ့လဲ့' ရယ်... ငါ့ကို စောင့်ရှောက်ရတာနဲ့ 'လေးလေး' မှာ တာဝန်တွေများပြီး နေပြီလားမသိဘူး... ပြီးတော့ ဟိုမှာလည်း သူ့ရည်းစားကျန်ခဲ့ပုံ





ပဲ... ခဏခဏ ဖုန်းလာတယ်"

"ဟုတ်လား... ဘိုမလား... မြန်မာမလား"

"နိုင်ငံခြားသူထင်တာပဲ... ဒါပေမယ့် မြန်မာစကားတတ်ပုံရတယ်... 'လေးလေး' နာမည်များခေါ်တာ ပီနေတာပဲ"

"ရည်းစား ဟုတ်မဟုတ် 'လေးလေး' ကို အစ်ကြည့်ပါလား ဟုတ်နေရင် နင် လူကြီးနေရာဝင်ပြီး စီစဉ်ပေးလိုက်ပေါ့"

"မမေးချင်ပါဘူး... တော်ကြာ ဟုတ်နေရင် ဘယ်လိုလုပ်မလဲ ငါ့ကို စောင့်ရှောက်ဖို့ 'လေးလေး' ပြန်လာရတာလေ... တော်ကြာ သူတို့ချစ်သူနှစ်ဦးကွဲတာ ငါ့ကြောင့်ပါဆိုရင် ငါတရားခံဖြစ်နေဦးမယ်"

တွေးလိုက်ရင် စိတ်ရှုပ်စရာတွေပါလာမှာမို့ မတွေးတော့ဘဲ 'လဲ့လဲ့' ညွှန်ပြတဲ့အတိုင်း ကားကို ဂရုစိုက်ကာ မောင်းလာခဲ့လိုက်မိပါသည်။

မြို့လယ်နဲ့ဝေးသော်လည်း ရွှေပြည်သာမြို့သစ်က သူ့နေရာနဲ့သူတော့ စည်ကားနေတာပါပင်။

လမ်းတွေက မကောင်းတာကြောင့် ကားကို ဘီးလိမ့်ရုံပဲ မောင်းလာခဲ့ရပါသည်။

"နင့်ဦးစွာဟုတ်ကော ဟုတ်လို့လား 'လဲ့လဲ့' ရယ်... နာ



www.burmeseclassic.com

www.burmeseclassic.com



မည်ကြီး ဇေဒင်ဆရာဆီလာတာဆို… နာမည်ကြီးဆို ဒီလောက် သွားရလာရခက်ခဲတဲ့နေရာ သွားနေပါ့မလား”

“ရောက်တော့ နင်တွေ့မှာပါ”

“ရောက်တော့ဆိုတော့ ခုထက်ထိ မရောက်သေးဘူးလား လမ်းကလည်း ပိုပိုဆိုးလာလိုက်တာ ကားတောင် မောင်းလို့ရမှာမဟုတ်ဘူး”

“ရပြီ… ဟိုရှေ့က လမ်းချိုးထဲ ချိုးဝင်လိုက်… ပြီးရင်အဲ ဒီလမ်းအတိုင်း နည်းနည်းလျှောက်သွားရုံပဲ”

“လမ်းလျှောက်ရဦးမယ့်ဟုတ်လား”

“ဟုတ်တယ်… သိပ်မဝေးတော့ပါဘူး… ဒီလိုပဲ သွားနေကြတာပဲ”

‘လဲ့လဲ့’ က အေးဆေးစွာပြောနိုင်ပေမယ့် ‘အရှင်း’ မျက်နှာကတော့ ပျက်သထက်ပျက်ကာ ‘လဲ့လဲ့’ ကိုလည်း လက်ဖျားခါချင်လာရလေသည်။

ဇေဒင်မေးဖို့များ ဒီလောက်ဝေးဝေးလံလံ လာရတယ်လို့ ‘အရှင်း’ သာဆို ဒီလောက်ကြီး အပင်ပန်းမခံချင်ပါ။

လမ်းချိုးလေးထိပ်တွင် ကားတစ်စီးက ပိတ်ရပ်ထားတာကြောင့် လမ်းသွားလမ်းလာ လွတ်ရုံလောက် နေရာလေးချန်ပြီး





‘အရှင်း’ လမ်းဆင်းလျှောက်လာခဲ့မိပါသည်။

လူတစ်ကိုယ်လုံး မောဟိုက်ပင်ပန်းကာ ချွေးပြန်နေသည်။

ပတ်ဝန်းကျင်ကို အကဲခတ်သလိုလှမ်းကြည့်မိတော့ ဝါးတောများရံထားသော ခြံဝန်းကျယ်ကြီးအတွင်း ကိုယ်ပိုင်ကားတွေ အစီအရီရပ်ထားတာကို တွေ့လိုက်ရပါသည်။

ကိုယ်ပိုင်ကားမှ နောက်ဆုံးပေါ် ပရာဒိုးလို ကားမျိုးပင် ပါလိုက်သေး။

“တွေ့တယ် မဟုတ်လား ‘အရှင်း’… နင်ကသာ ပြောနေတာ ငါတို့ထက် ဦးတဲ့သူတွေမှ အများကြီးပဲ ဆရာက ဒီမှာ ခါတ်ကျလို့ဟောနေတာ မြို့ထဲမှာတိုက်ခန်းဝယ်ပေးတဲ့သူရှိတာတောင် ဆရာက ဟောတာမဟုတ်ဘူး”

“ကြည့်ရတာ ငါတို့ရှေ့မှာ လူတွေအများကြီး ရှိမယ့်ပုံ… သအောင်စောင့်ရမယ်နဲ့တူတယ်… ဘယ်လိုလုပ်မလဲ”

“မစောင့်ရပါဘူး… ငါကြိုပြီး ဘိုကင်လုပ်ထားပြီးသား… ဘယ်ရက်လောက်ကြိုလုပ်ရတယ်… ငါတောင်ကြီးကနေ ဖုန်းဆက်ပြီး ငါ့ညီမကို တိုကင်ယူခိုင်းထားတယ်… နှစ်ယောက်စာ ငှအတွက်ပါ ပါတယ်”



www.burmeseclassic.com

www.burmeseclassic.com



"ငါ့အတွက်ဟုတ်လား... ငါက ဘာလုပ်ရမှာလဲ... မမေးချင်ပါဘူး"

"ရောက်တုန်းရောက်ခိုက် မေးတာပဲဟာ... ဘာဖြစ်လဲ ဒီနေရာမျိုးနောက်ရောက်ဖြစ်ဖို့ လွယ်တာမဟုတ်ဘူး... တော်ကြာ မေးတာမှန်လွန်းလို့ ငါ မသိဘဲ နင်တစ်ယောက်တည်း ခိုးလာနေမှာ မြင်ယောင်မိသေးတယ်"

"အပြောကဖြင့် သေချာနေလိုက်တာ"

'အရှင်း' မျက်စောင်းထိုးကာ ရှေ့ကို ဆက်လျှောက်လာခဲ့မိပါသည်။

သိပ်မကြာခင်မှာပဲ လူတွေအများကြီးစုဝေးနေတဲ့ ခြံကြီးတစ်ခြံကို ထပ်တွေ့ရကာ ခြံတွင်းမှာတော့ ဟောင်းနွမ်းနေတဲ့ အိမ်လေးတစ်လုံးကို တွေ့ရပါသည်။

အားလုံးသော လူတွေက အိမ်လေးဆီသို့ စူးစိုက်ကြည့်နေကြ၍ ဆရာအတွင်းမှာ ရှိပုံရပါသည်။

ခြံအတွင်းမှာ လူတွေစုစု,စုစုနဲ့ တီးတိုးပြောနေကြပေမယ့် စကားသံတွေကတော့ ကျယ်ကျယ်လောင်လောင် ထွက်လာခြင်းမရှိပါ။

'အရှင်း' ပင် ပြောချင်တဲ့စကားကို မပြောရဲတော့ဘဲ





'လဲ့လဲ့' ကို မျက်စပစ်အပြ 'လဲ့လဲ့' က အိမ်ပေါက်ဝမှာ ရပ်နေသော ကောင်လေးဆီ ထွက်သွားတာ တွေ့လိုက်ရပါသည်။

ထိုကောင်လေးဆီမှ ပြန်လာသော 'လဲ့လဲ့' မျက်နှာက ပြုံးနေရလေသည်။

"သိပ်မစောင့်ရတော့ဘူးတဲ့... ငါတို့ရှေ့မှာ တစ်ယောက်ပဲ ရှိတော့တယ်... တော်ပါသေးရဲ့... အချိန်မီရောက်လာလို့"

"နင်ပဲ တိုကင် ယူထားတယ်ဆို နောက်ကျတော့ကော ဘာဖြစ်လဲ"

"နောက်ကျရင် ပြန်ခေါ်ပေးတော့မှာ မဟုတ်ဘူးဟ"

မေးတဲ့သူကလည်း တစ်ပုံတခေါင်းကြီးဆိုတော့ စည်းကမ်းတွေလည်း ထုတ်ထားပုံရပါသည်။

တိတ်တိတ်ဆိတ်ဆိတ်နဲ့ပင် အချိန်က ကုန်ဆုံးသွားကာ 'အရှင်း' တို့ အလှည့်ကို လျင်မြန်စွာ ရောက်ရှိလာခဲ့ပါသည်။

ဗေဒင်ဆရာရဲ့ အသားအရည်က ညိုပေမယ့် စိုပြေပြီး အရောင်တစ်မျိုး ထွက်နေသည်ဟု 'အရှင်း' ထင်မိပါသည်။

အသက်က ငါးဆယ်ကျော်လောက်ရှိပေမယ့် အသားအရည်ကတင်းရင်းပြီး မျက်နှာက ရှင်းသန့်ကြည်လင်မှုက လူအားထုတ်ကြိုးပမ်းထားတဲ့ သမာဓိကို ဖော်ပြနေသလိုပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



'လွဲလွဲ'က ပြောသမျှစကားလုံးတိုင်းကို စာရွက်မှာ လိုက်မှတ်နေပါသည်။

"ကဲ... ဒီဘက်က သမီးကကော ဘာမေးမှာလဲ... မွေးသက္ကရာဇ်လေး ပြောပြပါဦး"

"ဟို... ဟိုလေ"

နဂိုတည်းက မေးမယ် မကြံရွယ်ထားတာကြောင့် 'အရှင်း' နှုတ်က ရုတ်တရက်ထွက်မလာပါ။ ဆရာကြီးကို လန့်နေတာလည်း ပါသည်။

" 'အရှင်း' ပြောလေဟာ"

'လွဲလွဲ'အသိပေးလိုက်မှ မွေးသက္ကရာဇ်ကို ပြောဖြစ်ကာ ဆရာကြီးက ဇာတာဖွဲ့ကာ တွက်ချက်နေပါသည်။ ပြီးတော့ မျက်စေ့ကိုမှိတ်ကာ ဘာတွေ ရေရွတ်နေမှန်းမသိပါ။ ခဏနေမှ

"အင်း... သမီးရဲ့ဘဝက အေးချမ်းပါတယ်...ဆိုးဝါးတဲ့ ဒုက္ခလည်း ကြုံတွေ့ရလည်း မတွေ့ရတော့ပါဘူး... လူချစ်လူခင်လည်း များမယ်... ကိုယ်နဲ့ပတ်သက်တဲ့ သူတိုင်းက ကိုယ့်အပေါ်အနွံအတာခံတာပဲများမယ်... ပင်ပင်ပမ်းပမ်း စီးပွားရှာမစားရပါဘူး... သမီးသိချင်တာ မေးပါဦး"

'အရှင်း''လွဲလွဲ'ကို လှမ်းအကြည့် 'လွဲလွဲ'က မေးပေးပါသည်။

"အိမ်ထောင်ရေးလေး ဘာလေး ကြည့်ပေးပါအုံး ဆရာကြီး လူကောင်းနဲ့ ရမရ"

"အင်း... အိမ်ထောင်ရေးက အပျိုဆိုရင် ဒီနှစ်မှာ အိမ်ထောင်ကျကိန်းမြင်တယ်... ဟုတ်တယ်... ကျိန်းသေတယ်သမီးရမယ့် အိမ်ထောင်ဖက်က လူကောင်းဖြစ်မှာပါ... ယတြာတော့ လုပ်ရမယ်... ကိုယ်နှစ်သက်လက်ခံနိုင်မယ့် ယောကျ်ားတစ်ယောက်ရဲ့ပုံစံကိုရှာပြီး ရေနဲ့ပက်ရမယ်... အများကြီးတော့လည်း မဟုတ်ဘူးပေါ့ကွယ်... စတီအနေနဲ့ နည်းနည်းပေါ့... ရေနဲ့မပက်ခင် အဲဒီရေကို မေတ္တာသုတ် သုံးခေါက်ရွတ်ပေးရမယ်... အဲဒီလိုဆို သမီးရဲ့ အိမ်ထောင်ဖက်က သမီးလိုချင်တဲ့ပုံစံမျိုးဖြစ်လာမယ်"

ယတြာကိုကြားပြီး 'အရှင်း' စိတ်ထဲ ရယ်ချင်မိပါသည်။ ကိုယ်နဲ့မသိတဲ့လူကို ဘယ်လို ရေနဲ့သွားလောင်းရမှာပါလိမ့်။ သကြန်နားနီးနေရင်တော့ ထားပါတော့။

ဆရာကြီးပေးတဲ့ ယတြာကို 'အရှင်း' လုပ်ဖြစ်မည် မထင်ပါ။ တစ်သက်လုံး အပျိုကြီး ဖြစ်ချင်လည်း ဖြစ်ပါစေတော့။

"သမီး ဘာမေးစရာရှိသေးလဲ"







www.burmeseclassic.com

www.burmeseclassic.com



"မရှိတော့ပါဘူး"

"အင်း… ပြောစရာရှိသေးတယ်… သတိပေးတာပါ သမီးရဲ့ကံက အိမ်ထောင်မပြုဘဲနေရင် လူလတ်ပိုင်းအထိ စိတ်ချမ်းသာစွာနေရပေမယ့် အသက်ကြီးမှ အိမ်ထောင်ပြုရင် သိုက်တူးတဲ့လူနဲ့တွေ့လိမ့်မယ်… အရှက်တကွဲ အကျိုးနည်းလည်း ဖြစ်လိမ့်မယ် အဲဒါလေးကိုတော့ သတိပြုဆင်ခြင်နိုင်ပါစေကွယ်"

"ကျေးဇူးတင်ပါတယ် ဆရာကြီး"

အပြန်လမ်းမှာတော့ 'အရှင်း' ရဲ့မျက်နှာက ရွှင်လန်းမှုကင်းမဲ့ကာ တစ်စုံတစ်ခုကို စိုးရိမ်သလို ဖြစ်နေမိပါသည်။

ရှေ့ပိုင်းတောက်လျှောက် အကောင်းတွေပဲ ဟောလာပြီးမှ နောက်ပိုင်းဟောတာက 'အရှင်း' ကို စိတ်ပျက်စေပါသည်။

ဗေဒင်ကိုယုံတာလည်း မဟုတ်၊ မယုံတာလည်း မဟုတ်ပေမယ့် ဆရာကြီးရဲ့ စကားသံကတော့ 'အရှင်း' နားထဲ စွဲထင်နေမိပါပြီ။

"ဆရာကြီးပြောတဲ့အတိုင်း ယတြာလုပ်နော် 'အရှင်း'… အဲဒါနင့်ဘဝအတွက်ပြောတာ ဘာကိုမှတွေးပြီး မဝံ့မရဲဖြစ်မနေနဲ့ နင့်စိတ်ထဲမှာ သဘောကျနေတဲ့ သူနဲ့တွေ့ရင် ရေနဲ့သာပက်လိုက်ပြီးရင် မသိချင်ဟန်ဆောင်နေလိုက်"





"နေရင်းထိုင်ရင်း ငါ့ကို အရူးလို့ထင်မှာပေါ့… ပြီးတော့ ငါရေနဲ့ပက်လိုက်တဲ့သူက လူအိုကြီးဆို ဘယ်နှယ့်လုပ်မလဲ"

"ဘာဆိုင်လို့လဲ… လူအိုဖြစ်ဖြစ် လူပျိုဖြစ်ဖြစ် ရေပက်ခံရတဲ့သူနဲ့ နင်နဲ့ ညားမှာမှ မဟုတ်တာ… အဲဒီလို ပုံစံမျိုးနဲ့ဖူးစာဆုံရမယ်ပဲပြောတာ"

"စိတ်ညစ်ပါတယ်ဟာ… နင်လုပ်တာနဲ့ ငါ့ရင်ထဲ တစ်မျိုးကြီးဖြစ်သွားပြီ"

"ဘာမှ ဖြစ်မနေနဲ့… နင်ဘယ်လို ပုံစံမျိုးကို ကြိုက်သလဲ… ဥပမာ ငါ့ကိုကြီးလို ပုံစံမျိုးကို ကြိုက်သလား… အဲဒီလိုဆို ကိုကြီးကို ရေနဲ့လောင်းလိုက် ငါနင့်ဆီ ခေါ်လာခဲ့မယ်"

"တော်စမ်းပါ 'လဲ့လဲ့' ရယ်… နင့်ကိုကြီးလို ပုံစံမျိုးကိုနင်ပဲကြိုက်… ငါတော့ လုံးဝမကြိုက်ဘူး… စိတ်ရှုပ်နေပါတယ်ဆိုမှ သူကတစ်မျိုး"

'လဲ့လဲ့' က သူ့လာရင်းကိစ္စ အောင်မြင်သွားတဲ့အတွက် ကျေနပ်နေပေမယ့် 'အရှင်း' စိတ်ထဲမှာတော့ တွေဝေ ဒွိဟဖြစ်နေတဲ့စိတ်တွေနဲ့ ရှုပ်ထွေးလေးလံ နေရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





၈

"သဘက်ခါကျရင် 'လေးလေး' ရဲ့မိတ်ဆွေတစ်ယောက်ကို အိမ်မှာ ထမင်းဖိတ်ကျွေးချင်တယ်... သမီးလိုအင်တာတွေကို ပြင်ဆင်ထားပေးပါ"

"ဘယ်သူလဲ 'လေးလေး' "

'အရှင်း' စိတ်ဝင်စားသလို မေးလိုက်ပါသည်။ 'လေးလေး' နိုင်ငံခြားက ပြန်လာတာကြာပေမယ့် ဘယ်သူ့ကိုမှခုလိုတကူးတက ထမင်းဖိတ်မကျွေးဘူးပါ။

'လေးလေး' နဲ့ ဘယ်လိုများ ပတ်သက်နေတာပါလိမ့်





"သူ့နာမည်က 'မောင်ကျော်ဇော' တဲ့ သမီးရဲ့... 'လေးလေး' ရဲ့ကားကို တိုက်မိတဲ့သူပေါ့... သူက ဝပ်ရှော့လည်းပိုင်တယ်... ကားတိုက်မိတာကနည်းနည်း သူ 'လေးလေး' ကိုပြင်ပေးလိုက်တာက ကားတစ်စီးလုံးဆိုတော့ 'လေးလေး' လည်း ကျေးဇူးတင်တာနဲ့ ထမင်းကျွေးဖို့ ဖိတ်လိုက်တာ... လူကလူငယ်ပေမယ့်သဘောလည်းကောင်းတယ်... ကြိုးလည်းကြိုးစားတယ်... သမီးတွေ့ရင်လည်း ခင်သွားမှာပါ"

'အရှင်း' နဲ့ ဘာဆိုင်လို့ ခင်ရမှာလဲ။ 'အရှင်း' လို မိန်းမက ယောကျ်ားတိုင်းကို ခင်တတ်တဲ့ မိန်းမတစ်ယောက်မှ မဟုတ်တာ။ 'လေးလေး' ဘာတွေလုပ်လာပြန်ပြီ မသိ။

တရားခံဖေါ်သလို အကြည့်မျိုးဖြင့် 'လေးလေး' ကို 'အရှင်း' စိုက်ကြည့်နေမိပါသည်။

'အရှင်း' နဲ့ပတ်သက်၍ 'လေးလေး' မှာ ဘယ်လိုစိတ်ကူးတွေများ ရှိနေသည်မသိပါ။

တလောကလည်း ပရိဂျူဆာ လူငယ်တစ်ယောက် အိမ်ကို ခဏ,ခဏလာသည်။ ထိုလူလာတိုင်း 'လေးလေး' က 'အရှင်း' ကို ဧည့်ခံခိုင်းတတ်သည်။

ပထမတစ်ခေါက် နှစ်ခေါက်တော့ အလုပ်သဘောအရ



www.burmeseclassic.com

www.burmeseclassic.com



'အရှင်း' လက်ခံစကားပြောပေမယ့် လေးခါ ငါးခါဖြစ်လာချိန်မှာတော့ 'လေးလေး' ရဲ့လူကို 'အရှင်း' ဧည့်မခံနိုင်တော့ပါ။

အပြတ်ပြောလိုက်၍ ထိုလူ ထပ်မလာရဲတော့ပါ။

ခုလည်း 'လေးလေး' ဓာတ်လမ်းထွင်ပြန်ပြီ ထင်ပါရဲ့။ မယုံသင်္ကာဖြစ်နေတဲ့ 'အရှင်း' ရဲ့ ပုံစံကိုကြည့်ပြီး 'လေးလေး' က ရှင်းပြလေသည်။

"ဒီတစ်ခါ ထမင်းဖိတ်ကျွေးတာ တကယ်ပါ 'အရှင်း'ရယ် ဘာအကြံအဖန်မှ မပါ၊ပါဘူး... မိတ်ဆွေတစ်ယောက်ကို ဧည့်ဝတ်ကျေပွန်ချင်လွန်းလို့ တကူးတကကို ဖိတ်ခဲ့ရတာပါ"

"ရိုးရိုးသားသားဆိုရင်လည်း ပြီးတာပါပဲ... 'အရှင်း' အတွက်နဲ့ 'လေးလေး' ကို မျက်နှာမပျက်စေချင်ဘူး"

"အေးပါ အေးပါ... ဧည့်သည်အတွက် ချက်ပြုတ်ရမှာ ပင်ပန်းနေရင်လည်း 'လေးလေး' ဆိုင်ကနေပဲ လှမ်းမှာလိုက်မယ် သမီးကြည့်ကောင်းအောင် ပြင်ပေးရုံပဲ"

"ဆိုင်က မှာစရာမလိုပါဘူး 'လေးလေး' ရယ်... 'အရှင်း' ချက်ပေးနိုင်ပါတယ်... ဧည့်သည်က ဘယ်နှစ်ယောက်လာမှာလဲ"

"တစ်ယောက်တည်းပါ"





"ရတယ်... 'လေးလေး' ရဲ့ ဧည့်သည်အတွက် 'အရှင်း' စပယ်ရှယ်ချက်ပေးထားမယ်"

'လေးလေး' ဘက်က ရိုးရိုးသားသားဆိုသဖြင့် 'အရှင်း' ဘက်ကလည်း အကောင်းဆုံး စေတနာထားကာ လက်စွမ်းပြဖို့ ပြင်ဆင်ပြီးသားပါ။

'အရှင်း' နဲ့ပတ်သက်၍ ယောက်ျားယူခိုင်းတဲ့ကိစ္စကလွဲ၍ ကျန်တဲ့ ဘယ်ကိစ္စမှာပဲဖြစ်ဖြစ် 'လေးလေး' သဘောအတိုင်း ဖြစ်စေရမယ်လို့ 'အရှင်း' တွေးထားပြီးသားပါ။

အလုပ်တွေနဲ့ ပတ်သက်လို့လဲ 'လေးလေး' မခိုင်းတဲ့ကြားက 'အရှင်း' တတ်နိုင်တဲ့ အလုပ်ဆို 'အရှင်း' လုပ်ပေးမိပါသည်။

ဓာတ်ကားတစ်ကားရဲ့ အထွေထွေ ကုန်ကျစရိတ်တွေကို ရှုတင်မန်နေဂျာက တင်ပြလာတဲ့စာရင်းတွေ ဟုတ်မဟုတ်ကို လည်း 'အရှင်း' စစ်ဆေးတတ်နေပါပြီ။

စာရင်းဇယားတွေ 'အရှင်း' က ဝိုင်းကူလုပ်ပေးနေ၍ 'လေးလေး' လည်း ခေါင်းစားသက်သာကာ 'အရှင်း' ကို ကျေးဇူးတင်နေပါသည်။

'အရှင်း' ရဲ့ အခြေအနေကိုကြည့်ပြီး 'လေးလေး' က



www.burmeseclassic.com

www.burmeseclassic.com



သူ့လုပ်ငန်းထဲ ဆွဲခေါ်သွင်းချင်ပေမယ့် 'အရှင်း' 'လေးလေး' ရဲ့ လုပ်ငန်းထဲကို ဝင်ဖို့ မစဉ်းစားသေးပါ။

'လေးလေး' ရဲ့လုပ်ငန်းနဲ့ 'အရှင်း' ရဲ့စိတ်ဓါတ် မကိုက်ညီတာ 'အရှင်း' ပဲ သိထားပါသည်။ ကြာတော့လည်း...

"သြော် ... အရေးကြီးတာ ပြောဖို့ မေ့နေလိုက်တာ အချိန်ကို ပြောဦးလေ 'လေးလေး' ရဲ့... မနက်လား... ညနေလား"

"ဟုတ်သားပဲ... ညနေပိုင်းပဲ ချိန်းလိုက်မယ်ကွာ... အေးအေးဆေးဆေးရှိတာပေါ့"

'အရှင်း' 'လဲ့လဲ့' ကို ကူလုပ်ပေးဖို့ ဖုန်းဆက်ရန် ဖုန်းနားကို လျှောက်လာခဲ့လိုက်ပါသည်။

သူ့ယောကျ်ားအလုပ်ကိစ္စတွေ မပြီးပြတ်သေးတာကြောင့် 'လဲ့လဲ့' လည်း တောင်ကြီး မပြန်ဖြစ်သေးပါ။

'အရှင်း' ဖုန်းအဆက် 'လဲ့လဲ့' လာကိုင်ပါသည်။

" 'အရှင်း' လား... ပြောလေ.... ဘာကိစ္စလဲ"

"မနက်ဖြန်မနက် နင့်ကို ငါလာခေါ်မယ်... ဈေးကအပြန် မုဝင်ခေါ်မှာဆိုတော့ ဆယ်နာရီလောက် နင့်ဆီကို ရောက်မယ်... နင်အသင့်ပြင်ပြီး စောင့်နေနိုင်အောင် ငါ ကြိုဖုန်းဆက်လိုက်တာ"





"မနက်ဖြန် ဟုတ်လား"

"အေးလေ... ဘာဖြစ်လို့လဲ... ငြင်းဖို့တော့ မကြိုးစားနဲ့နော် မိန်းမ... နင့်ကိစ္စကို လိုက်လုပ်ပေးထားတာ... ငါ့ကိစ္စကျမှ နင်ငြင်းရင် သေခန်းပြတ်ပဲ"

"ငါပြောတာလည်း နားထောင်ပါအုံး 'အရှင်း' ရယ်... လာချင်ပါတယ်... ခက်တာက ငါလေယာဉ်လက်မှတ်ယူပြီးပြီ ဟ... မနက်ဖြန်မနက် ပြန်ရတော့မှာ ညကျမှ ငါ နင့်ဆီအေးအေးဆေးဆေး ဖုန်းဆက်မယ် စိတ်ကူးထားတာ"

"အမယ်လေး... တော်ပါတော့ မယ်မင်းကြီးမရယ်... မပြောချင်တော့ပါဘူး... ရှင့်ကိစ္စကြီးပါပဲ"

စိတ်တိုတိုနှင့် ပြောကာ 'အရှင်း' ဖုန်းကို ချဖို့ပြင်လိုက်မိပါသည်။

အချိန်တန်တော့လည်း သူငယ်ချင်းဆိုတာ အလကားပါပဲ။

ယောကျ်ားမယူခင်သာ ကိုယ့်အတွက် အဖော်ဖြစ်ကာ ယောကျ်ားရသွားတာနဲ့ သူတို့ရဲ့အဖော်က သူတို့ယောကျ်ားတွေ ဖြစ်ကုန်တော့သည်။ ဘယ်သူ့ကိုမှလည်း 'အရှင်း' အဖြစ် မတင်ချင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"'အရှင်း' ဟဲ့... 'အရှင်း' နေပါအုံး... ငါပြောစရာရှိသေးတယ်... နင်ကလည်း မကြီးမငယ်နဲ့ စိတ်မကောက်ချင်စမ်းပါနဲ့ ဟယ် နားလည်ပေးစမ်းပါ... ငါမအားပေမယ့် 'မာလာ' တို့ 'စပယ်' တို့ကို ခေါ်ပါလား"

"တော်စမ်းပါ...သူတို့က နင်ထက်တောင် ဆိုးသေးတယ် ကလေးတိုးလို့တန်းလန်းတွေနဲ့... ငါဆီလာဖို့ မပြောနဲ့... သူတို့ဆီသွားရင်တောင် သူတို့ကလေးက ငိုနေတာနားကိုငြီး... မျက်စေ့ကို နောက်နေတာပဲ"

"နင့်ကိစ္စက အရေးကြီးလို့လား"

"မကြီးပါဘူး... 'လေးလေး' ရဲ့မိတ်ဆွေတစ်ယောက်ကို ထမင်းဖိတ်ကျွေးမလို့ ငါကချက်ပြုတ်ပေးရမှာလေ... ဟင်းအမယ်စုံမှာဆိုတော့ နင့်ကိုပါဝိုင်းစားဖို့ ခေါ်တာ"

"ငါ တောင်ကြီးက ပြန်လာမှ ငါ့အိမ်မှာ နင့်ကို ရှယ်ချက်ကျွေးပါ့မယ်ဟာ... ငါလည်း သိပ်မကြာပါဘူး... အလွန်ဆုံးတစ်ပါတ်လောက်ပဲ ကြာမှာပါ... ယောက္ခမကြီးကို အိမ်မှာ ခေါ်ထားလိုက်တော့မယ်... ဒါဆို ခဏခဏ သွားစရာ မလိုတော့ဘူး... နင်အားနေတာပဲ ငါတို့နဲ့ လိုက်ခဲ့လိုက်ပါလား"

"တော်ပါပြီဟာ... နောက်ကြုံမှပဲ လိုက်ပါတော့မယ်"





"ဒါနဲ့ နင် ဆရာကြီးပေးတဲ့ ယတြာလုပ်ပြီးပြီလား... ငါ တောင်လုပ်ပြီးသွားပြီ"

"ဟင့်အင်း... မလုပ်ရဲတာနဲ့ မလုပ်ဖြစ်သေးဘူး"

သူစိမ်းယောကျ်ားလေးတစ်ယောက်ကို ရေနဲ့ပက်ရမယ်ဆိုတာ လွယ်တာမဟုတ်။ သကြံန်ဆိုလည်း အရေးမကြီး။

စိတ်ထဲမှာ ထိုယတြာကိစ္စကို သတိရနေမိပေမယ့် ခုချိန်ထိ 'အရှင်း' မလုပ်နိုင်သေးပါ။

အကယ်၍ 'အရှင်း' အထပ်မြင့်မြင့်နဲ့ တိုက်ခန်းမှာ နေတယ်ဆိုရင်လည်း အကောင်းသား။ မတော်တဆ ပန်းပင်ရေလောင်းသလိုလိုနှင့် ရေလောင်းချလို့ရသည်။

ခုတော့ 'အရှင်း' တို့နေတာက ကိုယ်ပိုင်ခြံနှင့် လုံးချင်းသီးသန့်လေးပါ။

သူငယ်ချင်းတွေအိမ်သွားလျှင် ရပေမယ့် 'အရှင်း' ရဲ့အဖြစ်ကို သူတို့တွေ သိသွားမှာ စိုးရိမ်သည်။

'လဲ့လဲ့' ကိုတောင် ဘယ်သူ့ကိုမှ မပြောဘို့ 'အရှင်း' ပိတ်ထားမိပါသေးသည်။

"မိန်းမ... မလုပ်ရဲတာတွေ ဘာတွေ စဉ်းစားမနေနဲ့... နင်ရေနဲ့လောင်းလိုက်မယ့်လူက နောက်ပြန်တွေ့ရမှာမှ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



တာ... လောင်းပြီး ခပ်တည်တည်နေလိုက်ရင် ဘာပြောရဲမှာလဲ"

"ငါကြောက်တယ်ဟာ"

"ဘာကို ကြောက်တာလဲ... ရေနဲ့ပက်တာပဲ အက်ဆစ်နဲ့ ပက်တာမှ မဟုတ်တာ... တောက်... ငါသာ မပြန်ဖြစ်သေးရင် နင်နဲ့အဖေါ်အဖြစ် လိုက်ပေးပါတယ်"

"ဒါဆိုလည်း နင်ပြန်လာမှပဲ လုပ်တော့မယ်ဟာ"

"ငါပြန်လာမှဆို ငါက ဘယ်တော့ပြန်လာရမယ်မှန်း သိသေးတာမဟုတ်ဘူး... ယောက္ခမကြီးကို စောင့်ရအုံးမှာ... နင့်ဖါသာနင်ပဲ သတ္တိမွေးပြီး လုပ်လိုက်စမ်းပါ 'အရှင်း' ရယ်"

"အေးပါဟယ်... ငါ သတ္တိမွေးပါ့မယ်"





## ၉

မနက်စောစောထပြီး ဟိုယောင်ယောင် ဒီယောင်ယောင်လုပ်နေသော သားဖြစ်သူကို လှမ်းကြည့်ပြီး 'ဒေါ်သင်းသင်း' ၏ စိတ်ထဲ အတွေးပေါင်းစုံ ဝင်နေမိပါသည်။

ခုတလော သားဖြစ်သူရဲ့ပုံစံက ထူးကို ထူးခြားနေသည်။

ခါတိုင်းရက်တွေတုန်းကတော့ အလကားနေသုံမှုံနေကာ အိမ်မှာခိုင်းတဲ့ကောင်မလေးတွေကိုလည်းနေစရာမရှိအောင် ဆူပူနေတတ်ပါသည်။

သားဖြစ်သူ ဆူပူလွန်း၍ ကောင်မလေးတွေလည်း ဘယ်



www.burmeseclassic.com

www.burmeseclassic.com



နားနေရမည်မှန်း မသိပါ။

သားကိုမြင်တာနဲ့ လစ်ကြပြီ။ သူတို့တွေ လစ်ကြလွန်း၍ 'ဒေါ်သင်းသင်း' အနားတွင်ပင် ခိုင်းစရာလူမရှိ။

ခုတစ်ပါတ်အတွင်းမှာတော့ သားမျက်နှာက ခါတိုင်းနဲ့မတူ။ ကွဲပြားစွာ ပြုံးချိုနေလေသည်။

ကောင်မလေးတွေကို ပြောတာလည်း လေသံမမာတော့ပါ။

သူငယ်ချင်းဖြစ်သူ 'ဝဏ္ဏ' နဲ့လည်း အော်ကြီးဟစ်ကျယ် ငြင်းခုန်နေတာမျိုး မမြင်ရတော့ပါ။

အလုပ်က ပြန်လာလျှင် သူ့အခန်း ထဲသို့ဝင်ကာ တစ်ကိုယ်တည်း စိတ်ကူးယဉ်နေတာ အလုပ်တစ်ခုလို ဖြစ်နေပါပြီ။

တခြားလူတွေ သိချင်မှ သိမှာဖြစ်ပေမယ့် သားဖြစ်သူ မျက်နှာကို အမြဲတမ်းအရိပ်လို ကြည့်နေသော 'ဒေါ်သင်းသင်း' အဖို့မှာတော့ သားရဲ့ပြောင်းလဲမှုတွေကို မသိချင်လည်းသိ၊မမြင်ချင်လည်း မြင်နေရပါသည်။

သားပုံစံက ချစ်သူများ ရှိနေပြီလား မပြောတတ်ပါ။သား ချစ်သူဆိုရင်လည်း အသက်အရွယ်ကို အသာထား ဆွေကောင်းမျိုးကောင်းဟုတ်မဟုတ်နဲ့ အကျင့်စာရိတ္တကို စုံစမ်းဖို့လိုသေး





သည်။

ခပ်လည်လည် ခပ်မွတ်မွတ်ထဲကသာဆိုလျှင်တော့ 'ဒေါ်သင်းသင်း' နဲ့ ဖြစ်မည် မထင်ပါ။

သားအရွယ်က ကိုယ့်အိမ်ထောင်နဲ့ကိုယ် အခြေတကျ ဖြစ်ရမယ့်အရွယ်ရောက်နေပေမယ့် သူမ စိတ်ထဲမတွေ့သောသူနဲ့လည်း မပေးစားချင်ပါ။

ဘာပဲဖြစ်ဖြစ် သားကို ပွင့်ပွင့်လင်းလင်း မေးလိုက်လျှင် သူမ သိချင်သော အဖြေထွက်လာနိုင်တာကြောင့် 'ဒေါ်သင်းသင်း' သားအနားကို လျှောက်လာခဲ့လိုက်ပါသည်။

သားဖြစ်သူက မှတ်ဆိတ်ရိတ်သော စက်လေးဖြင့် သူ့မေးကိုထိုးနေရာမှ အမေဖြစ်သူကို လှမ်းပြုံးပြပါသည်။

"မေမေ ဈေးမသွားသေးဘူးလား"

"သွားမှာပါ သားရဲ့... သားကို မေးစရာရှိလို့ မေမေသား ဆီကိုလာခဲ့တာ"

"မေးလေ... မေမေ ဘာမေးချင်တာလဲ"

သားက မှန်ကိုကြည့်ကာ သူ့ဆံပင်ကို သေသပ်အောင် ဖြီးနေပါသည်။

သဘော်က ပြန်လာပြီးကတည်းက သားဖြစ်သူ ဒီ



www.burmeseclassic.com

www.burmeseclassic.com



လောက်အလှပြင်တာ ဒီတစ်ခါပဲ ရှိပါသေးသည်။

သားမှာ ချစ်သူရှိတာ သေချာနေပြီမို့ 'ဒေါ်သင်းသင်း' သား မျက်နှာကို စိုက်ကြည့်ကာ မေးလိုက်မိပါသည်။

"သားမှာ ချစ်သူရှိနေပြီ မဟုတ်လား"

'ဒေါ်သင်းသင်း' အမေးကြောင့် သားမျက်နှာက ပိုပြုံးသွားရပါသည်။

"မေမေ ဘယ်လိုသိတာလဲ"

"ကိုယ်မွေးထားတာပဲ သားရယ်...သားမျက်နှာ ကြည့်လိုက်တာနဲ့ သားရင်ထဲ ဘာဖြစ်နေလဲဆိုတာ မေမေသိတာပေါ့"

"အခု သား ဘာဖြစ်နေလဲ"

"အရမ်းကို ပျော်နေတယ်"

"ဟုတ်တယ် မေမေ... မေမေ့ဆန္ဒပြည့်ဝတော့မယ်"

"မေမေ့ဆန္ဒ ဟုတ်လားသား"

"ဟုတ်တယ်လေ... မေမေသားကို အိမ်ထောင်ပြုစေချင်တယ်မဟုတ်လား... အဲဒီလို အိမ်ထောင်ပြုဖို့အတွက် သားချစ်တဲ့သူကို တွေ့ထားပြီးပြီ... သူ့ အချစ်ကိုရဖို့ ကြိုးစားနေတယ်"

"သူက ဘယ်သူလဲသား... ဘယ်မှာနေတာလဲ... ပြီး





တော့ ဘယ်သူ့ သားသမီးလဲ"

ဆက်တိုက်လိုလို မေးချလာသော မေမေ့စကားသံတွေကြောင့် 'ကျော်ဇော' စိတ်ရှုပ်သွားရပါသည်။

"မေမေ့ မေးခွန်းတွေကလည်း များလိုက်တာ... ကျွန်တော် ဘယ်ကစ ဖြေရမယ်မှန်းတောင် မသိဘူး...မှန်တာပြောရရင် မေမေ မေးတာတွေ ကျွန်တော် တစ်ခုမှ မသိသေးဘူး"

"ဒါနဲ့များ သားရယ်... သားပုံစံကဖြစ်ပျက်နေလိုက်တာ"

"ကျွန်တော့်ဘက်က အရမ်းကို ချစ်မိနေတာကို... မေမေရဲ့"

'ကျော်ဇော' သူ နိုင်ငံခြားက ပြန်လာတည်းက ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များကို မေမေ့ကို ပြန်ပြောပြမိပါသည်။

ပြီးတော့ မကြာခင်က သူ့ဦးလေးနဲ့ ကြုံတွေ့ခဲ့သော အဖြစ်အပျက်ကို ပြောအပြ မေမေက ရင်ဖိနေပါသည်။

"မကြုံကောင်း မစီရာ သားရယ်"

"မတတ်နိုင်တော့ဘူး မေမေ... ကျွန်တော့်ဘက်ကအရမ်းကို ဖီးလ်ဖြစ်နေပြီကို... အဲဒီကိစ္စကြောင့် သူ့ဦးလေးက ကျေးဇူးတင်တဲ့အနေနဲ့ ကျွန်တော့်ကို ထမင်းစားဖိတ်ထားတယ်... သူ့



www.burmeseclassic.com

www.burmeseclassic.com



တောင်သိချင်မှ သိအုံးမှာ"

"သူ့ဦးလေးက သားနဲ့ သဘောတူလို့လား"

"သဘောတူရအောင် သူ့ဦးလေးလည်း ဘာမှ သိသေးတာ မဟုတ်ဘူး... ညနေ ထမင်းစားပွဲကျမှပဲ မီးစင်ကြည့်ကရမှာ"

"မင်းဥစ္စာကလည်းကွာ... စိတ်မောစရာကြီးပါ"

"ဒါကြောင့် မေမေ့ကို သား ဖွင့်မပြောသေးတာပေါ့... မေမေ က စွတ်သိချင်နေတာကိုး"

"ဒီသားနဲ့ ဒီအမေနှစ်ယောက်ပဲ ရှိနေတဲ့ဥစ္စာကွယ်... မေမေ မသိလို့ ဖြစ်မလား"

"သိရပါတယ်... ဒါပေမယ့် သားတောင် ဘာမှ ႄ သိရသေးတာပဲ မေမေရယ်"

"မေမေတို့ မိတ်ဆွေတွေထဲက ဖြစ်နေမလားလို့ပါကွယ် သူတို့က ဘယ်မှာနေတာလဲ... ပြီးတော့... စီးပွားရေးက ဘာလုပ်လဲ"

"ဆရာစံလမ်းမှာနေတာ မေမေ... သူ့ဦးလေးက ရုပ်ရှင်တို့ ဗီဒီယိုတို့ ပရိုဂျူဆာလုပ်တယ်"

နေတဲ့နေရာနဲ့ အလုပ်အကိုင်ကို ခန့်မှန်းကြည့်တာနဲ့ တင်





'ဒေါ်သင်းသင်း' ကျေနပ်နိုင်ပြီမို့ သားကို ဆက်မမေးဖို့ဆုံးဖြတ်ကာ နေရာမှလှမ်းထွက်လိုက်မိပါသည်။

"မေမေဘက်က လိုတဲ့ အကူအညီရှိလည်း ပြောလေ"

"အင်းပါ... ဒီနေ့က သားအတွက် အလုပ်အင်တာဗျူးဝင်ရသလို... အချစ်အင်တာဗျူးလည်းဝင်ရမှာဆိုတော့ အရမ်းကိုရင်ခုန်နေတာပဲ သူ သားကို သဘောကျနိုင်ပါ့မလား ဟင်"

သားအမေးကို 'ဒေါ်သင်းသင်း' ဟက်ဟက်ပက်ပက်ရယ်မောလိုက်မိပါသည်။

ကိုယ်ထုတ်လုပ်ထားတဲ့ပစ္စည်းကို ဘယ်သူ သဘောမကျဘူးဟု ပြောရက်ပါ့မလဲ။

"အင်း... မေမေ့သားကို ပက်ပက်စက်စက် ငြင်းလွှတ်မယ်လို့တော့ မေမေ မထင်ပါဘူးကွယ်"

ဘယ်လိုပဲဖြစ်ဖြစ် မေမေ့ စကားကြောင့် သူ အားတက်မိသည်။ သည်ညနေ သွားရမယ့်ခရီးက သူ့အတွက် ပထမဦးဆုံးလှေကားထစ်ကို စနင်းရခြင်းပဲ မဟုတ်ပါလား။

သည် လှေကားထစ်ကို ကောင်းကောင်းနင်းနိုင်မှ ကျန်တဲ့ လှေကားထစ်တွေကို သူ ဆက်နင်းနိုင်မည်။

လှေကားထစ်တွေ ဘယ်လောက်မြင့်စေပေါ့။ အမြင့်ဆုံး



www.burmeseclassic.com

www.burmeseclassic.com

ရောက်အောင် သူ တက်မည်။ သူမ အချစ်ကိုရအောင် သူယူမည်။

သည်လိုခိုင်မာသော ဆုံးဖြတ်ချက်တွေချပြီးတော့ သူ့ရင်ထဲ ကိုယ့်ကိုကိုယ် ပိုယုံကြည်သွားမိပါသည်။

"သား အားလား"

"ဘာဖြစ်လို့လဲ မေမေ"

"ဈေးသွားချင်လို့... အိမ်မှာလည်း ဘာမှ မရှိတော့ဘူး... ဒရိုင်ဘာကလည်း ခုချိန်ထိ မရောက်သေးဘူး"

"ရတယ်လေ... သားအားနေတာပဲ လိုက်ပို့ပေးမှာပေါ့"

ဖိတ်ထားတာက ညနေမှဖြစ်သော်လည်း ညထဲကသူအိပ်လို့ မပျော်ပါ။ သူ့ကို တွေ့ရလျှင် သူမလေးမှတ်မိပါ့မလား။ ဘယ်လို ပုံစံမျိုးနဲ့ ကြိုဆိုနေမှာလဲ။

တွေးမိတိုင်း သူ့ရင်တွေ လှိုက်ခုန်ရလွန်းပါသည်။

အချစ်ဆိုတာ ဒါပဲလား။ ဒီလို ကြည်နူးစရာအတွေးတွေ တွေးနေမိတာ အချစ်လား။

"မေမေ ဘယ်ဈေးသွားမှာလဲ"

"ရန်ကင်း ဈေးပဲလေ"

သူတို့နေတဲ့ ကျောက်ကုန်းနဲ့ ရန်ကင်းဈေးက သိပ်မဝေး





လှပါ။

မေမေက ပုံမှန်သွားနေတာဖြစ်ပေမယ့် သူကတော့ ဒီတစ်ကြိမ်ပဲ မေမေ့ကို လိုက်ပို့ပေးဖူးပါသေးသည်။

စေတနာအကျိုးကြောင့်လား မသိပါ။ မေမေ ဈေးထဲကို ဝင်သွားပြီး သူထိုင်စောင့်နေဆဲ သူ့ကား၏ ကားတစ်စီးကျော်နေရာကို သူမ ကားလေး ထိုးဆိုက်လာခဲ့တာဖြစ်ပါသည်။

လုံးဝ ထင်မှတ်မထားဘဲ မြင်လိုက်ရတာမို့ သူ့မျက်စေ့ကိုပင် သူမယုံချင်ပါ။

တူတဲ့ ကောင်မလေးတစ်ယောက်ယောက်များလား။ အတွေး ဖြင့် သေချာအောင် ထပ်အကြည့်။ သူ့ရင်တွေ ဆူညံစွာ ခုန်လာခဲ့ပါသည်။

သူနဲ့ ဆုံခဲ့ရဘူးတဲ့ ကောင်မလေးမှ ကောင်မလေးအစစ်ပါ။

ကားတစ်စီးခြားပေမယ့် သူမရဲ့ ဆရာကြီးလုပ်သံ မာကြောကြောလေးကို အတိုင်းသား ကြားနေခဲ့ရပါသည်။

"ငါ မှာတာတွေ တစ်ခုမှ မမေ့စေနဲ့နော် 'မိညို'... သေသေချာချာကြည့်ဝယ် ဈေးဆစ်ဖို့လည်း မမေ့နဲ့အုံး... ပုစွန်က အထုပ်ကြီးနော်... အရွက်တွေကလည်း နုတာရွေးဝယ်... ရှင့်


www.burmeseclassic.com

www.burmeseclassic.com



တာမပါစေနဲ့… နင် အထဲမှာ ဈေးဝယ်နေတုန်း ငါလည်းဘုရား ပန်းနဲ့ အသီးအနှံတွေသွားဝယ်အုံးမယ်… ပြီးရင် ဒီနေရာပြန်လာ ခဲ့လိုက်”

လေသံက တကယ့်ကို ဆရာမကြီးလေသံ။ ဒီလိုဆရာ မကြီးလေသံနဲ့ပဲ သူ့ကိုလည်း လေဆိပ်မှာ အနိုင်ယူခဲ့ဘူးသေး တာပဲ။

ပြောပြီးပြီးခြင်း ‘မိညို’ က ဈေးထဲဝင်သွားကာ သူမက ဈေးအပြင်ဘက်ကို လျှောက်သွားတာကြောင့် ‘ကျော်ဇော’ သူမ နောက်က မသိမသာ လိုက်လာခဲ့မိပါသည်။

ရင်တွေလည်း ခုန်လှုပါသည်။ မတော်တဆ သူမသာ နောက်လှည့်ကြည့်လျှင် သူ ဘယ်လိုလုပ်ရပါ့။

ရယ်လည်း ရယ်ရသည်။ ဒီအရွယ်ကျမှ သူဘာလို့ အငြိ ပေါက်ချင်နေရတာပါလိမ့်။ သူ လိုက်နေမိတဲ့ မိန်းကလေးက လည်း ရိုးရိုးအေးအေးဆို ထားပါတော့။

သူမပုံစံကတော့ ရဲရဲတင်းတင်းနှင့် အပြတ်လည်း ပြော မည့်ပုံစံမျိုးပါ။

ဘာပဲဖြစ်ဖြစ် ကိုယ့်ဘက်က ချစ်နေပြီဆိုတော့ သူမအော လည်း သူ ငြိမ်ခံနေလိုက်မည်။ ဆရာမရဲ့ တပည့်လေး ကျွ





တော်အဖြစ်ပေါ့။

ကိုယ်အတွေးနဲ့ကိုယ် သဘောကျကာ ပြုံးရင်း လက် ပိုက်မိပါသေးသည်။ သူများတွေမြင်ရင် ဘယ်လိုများထင်ကြ မည် မသိပါ။

ရှိပါစေတော့။ ခုချိန်မှာ သူက အရူးလေ။ အချစ်ရူး။

ရှေ့က ကျော့ကျော့မော့မော့ သွားနေတဲ့ သူမက ဆိုင် တစ်ဆိုင်ကို ချိုးကွေ့ဝင်ကာ ခုံတစ်ခုံမှာ ဝင်ထိုင်လိုက်ပါသည်။ ဆိုင်ကို လှမ်းကြည့်မိတော့ မုန့်ဟင်းခါးဆိုင်ပါ။

ဗိုက်မဆာသော်လည်း ဘာလုပ်ရမှန်းမသိတာကြောင့် သူပါဆိုင်ထဲ ရောယောင်ကာ ဝင်ထိုင်ရင်း မုန့်ဟင်းခါးတစ်ပွဲ မှာစားလိုက်ပါသည်။

စားရင်းမှ ဘေးဘက်ကို တစ်ချက်လေးမှ စောင်းငဲ့ မကြည့်ဖြစ်အောင် ကိုယ့်ကိုယ်ကို သတိထားနေရပါသည်။

‘ကျော်ဇော’ က လှမ်းမကြည့်ဖြစ်ပေမယ့် ကိုယ့်နားကပ် ထိုင်လာတဲ့ ယောကျ်ားလေးတစ်ယောက်ကို ‘အရှင်း’ မျက်လုံး စွကာ ကြည့်လိုက်မိပါသည်။

ချည်ပုဆိုးနက်ပြာရောင်ကွက်စိပ်၊ ရှပ်အကျႌအဖြူရောင် လက်ရှည်ဖြင့် သူ့ဘေးနားက အမျိုးသားက မွန်မွန်ရည်ရည်ပုံစံ



www.burmeseclassic.com

www.burmeseclassic.com



ပါ။

သေးတစောင်းအမြင်မှာ နှာခေါင်းက ချွန်စင်းနေကာ မျက်တောင်မွေး ခပ်စိတ်စိတ်ဖြင့် မုတ်ဆိတ်မွေး ပါးသိုင်းမွေး ကင်းစင်သည့် ပါးပြင်က စိမ်းမြနေရလေသည်။

ဆီမွေးတစ်မျိုးထည့်ကာ ဖြီးထားပုံရတဲ့ ဆံပင်ကနက် မှောင်ကာ သေသပ်လှပါသည်။

ဘယ်လိုပဲဖြစ်ဖြစ် တခဏအတွင်းမှာ 'အရှင်း' ထိုလူ့ကို ခင်မင်မိသွားပါသည်။ ထိုလူကတော့ 'အရှင်း' ဘက်ကို လုံး လှည့်မကြည့်ပါချေ။

ထိုလူ့ကို ငေးကြည့်ရင်း 'အရှင်း' ရင်ထဲ ဗေဒင်ဆရာကြီး ခြေနိုင်းထားတဲ့ ယတြာကို သတိရနေမိပါသည်။

ဒီလူ့ပုံစံကတော့ မဆိုးလှပါ။ အပြင်ပမ်း အပြင်ဆင်က 'အရှင်း' စိတ်ကြိုက်ပါပဲ။ အတွင်းပိုင်း ဒီလူ့စိတ်ဓါတ်ကိုတော့ 'အရှင်း' မသိ။

လောလောဆယ် ယတြာချေဖို့က အရေးကြီးနေတော ကြောင့် 'အရှင်း' စားလက်စ မုန့်ဟင်းခါးပန်းကန်ကို ထားကာ သောက်ရေအိုးထဲမှ ရေတစ်ခွက်ခပ်ရင်း မေတ္တာသုတ်ကို ခပ်မြ မြန်လေး ရွတ်လိုက်မိပါသည်။





'ကျော်ဇော' မှာတော့ စားနေရင်းတန်းလန်းမှ သူမ ထွက် သွားမှာစိုး၍ သူမကိုလှမ်းအကြည့် သူမကရေမသောက်ခင် ဘာ တွေ ရွတ်နေမှန်းမသိပါ။

ရေထဲမှာ အနည်ပါ မပါကြည့်ရအောင်လည်း သူမက မျက်လုံးကို ဖွင့်မထားပါ။

တစ်ခုခုကို ရွတ်ဆိုနေတာ သေချာတာမို့ သူအံ့သြစွာစိုက် ကြည့်နေမိဆဲ သူမ မျက်လုံးက ဖြတ်ကနဲ ပွင့်လာ၍ သူကြည့် နေတာနဲ့ အကြည့်ချင်းဆုံသွားရပါသည်။

ဘာရယ်မဟုတ် သူအပြုံး သူမ မျက်နှာက ချက်ခြင်းကို တည်သွားကာ သူ့ကို ခပ်ဆတ်ဆတ် မေးမ်းအော်ပါသည်။

"ရှင် ဘာပြုံးတာလဲ"

"မဟုတ်ပါဘူး"

"ရှင် မလိမ်နဲ့... ရှင် ကျွန်မကို စိုက်ကြည့်နေတာသိ တယ်"

"မဟုတ်ပါဘူး... ရေခွက်ကြီးကိုင်ပြီး မင်း ရေမသောက် ဘဲ ဘာလုပ်နေတာလဲလို့"

"ကျွန်မဖါသာ ဘာလုပ်လုပ်ပေါ့... ရှင်နဲ့ ဘာဆိုင်လို့ လဲ"



www.burmeseclassic.com

www.burmeseclassic.com



သူမက ထိုင်နေရာမှ ဒေါ်ပွပွဖြင့်အထ ခွက်ထဲကရေတွေ ကဖိတ်စင်ကာ သူ့ပုဆိုးပေါ်ကို တော်တော်များများ ကျသွားခဲ့ပါသည်။

"ဟာ ဗျာ"

သူ ကမန်းကတမ်းထကာ ရေတွေကိုခါအချ…

"ဆောရီး"

သူမက ရယ်ချင်တဲ့ မျက်နှာလေးဖြင့်တောင်းပန်နေပါသည်။ 'အရှင်း' စိတ်ထဲမှာလည်း တကယ့်ကိုရယ်ချင်ပါသည်။ ဒါမျိုးက တမင်လုပ်ရင်တောင် လွဲနေအုံးမှာ။

ခုတော့လည်း ယတြာချေပြီးသား ဖြစ်သွားရတာပေါ့။

"ကျေးဇူးပဲ…"

ခပ်တိုးတိုးပြောပြီးထွက်အလာ 'ကျော်ဇော' 'အရှင်း' ကျောပြင်ကိုငေးကြည့်ရင်း အူကြောင်ကြောင်ဖြစ်ကျန်ခဲ့ပါသည်။

သူမဘာကို ကျေးဇူးတင်သွားတာပါလိမ့်။ သူ့အဖို့ ကျေးဇူးတင်ခြင်းတင်လျှင် မေမေ့ကိုသာ တင်ရမှာသေချာပါသည်။

ဘာဖြစ်လို့လဲဆိုတော့ မေမေ့ကြောင့် သူမကို ဈေးမှာပြန်





တွေ့ရလို့လေ။

ညနေကျရင်လည်း သူမလေးနဲ့ ဆုံရပါဦးမည်။

အဲ့ဒီအခါကျရင် သူမလေး သူ့ကို ဘယ်လိုဆက်ဆံမှာလဲ။

တွေးရင်းနဲ့ပင် 'ကျော်ဇော' ပျော်ရွှင်နေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၀

'မောင်ကျော်ဇော' ကို ထမင်းစားဖိတ်ထားတာကြောင့် ရှိသမျှအလုပ်အားလုံးကို လက်စသပ်ကာ 'ဦးသာကောင်း' အိမ်ကိုခပ်စောစောပင် ပြန်လာခဲ့လိုက်ပါသည်။

တူမဖြစ်သူ 'အရှင်း' ရဲ့ အခြေအနေကိုလည်း အကဲခတ်ကြည့်ရပါအုံးမည်။

ကြိုတင်ပြောထားပေမယ့်လည်း သူမရဲ့စိတ်က သိပ်စိတ်ချရတာမဟုတ်။ ခုတစ်မျိုး တော်ကြာတစ်မျိုး ပြောင်းလွဲချင်ပြောင်းလွဲနိုင်တာမို့ ကြိုတင်စိတ်ချရအောင်လည်း ဖြစ်ပါသည်။





ဒါပေမယ့် 'အရှင်း' ရဲ့ မျက်နှာက ခါတိုင်းထက်ကိုကြည်လင်ရွှင်ပျနေတာမို့ 'ဦးသာကောင်း' စိတ်အေးသွားရပါသည်။

"ပြန်လာတာကလည်း စောလှချည်လား 'လေးလေး' ရဲ့ ချိန်းထားတာက ညနေမှ မဟုတ်လား"

"တမင် စောစောပဲ ပြန်လာလိုက်တာ… နားလည်းနားချင်လို့"

"'အရှင်း' ဘက်ကတော့ အားလုံးအဆင့်သင့်ပဲ… 'လေးလေး' ရဲ့ဧည့်သည်လာမှပဲ သေချာပြင်လိုက်တော့မယ်"

"သမီးပါ 'လေးလေး' တို့နဲ့ တစ်ခါတည်း ဝင်စားလိုက်ပေါ့"

"ဧည့်သည် အားနာနေပါအုံးမယ် 'လေးလေး' ရယ်… 'လေးလေး' တို့ပဲ စားကြပါ"

"ရှိတာမှ 'လေးလေး' နဲ့ သမီးနဲ့နှစ်ယောက်ပဲရှိတာ… နှစ်ယောက်လုံးက အတူစားလိုက်တော့ ပိုလို့တောင်ဧည့်ဝတ်ကျေပွန်တာပေါ့ သမီးရဲ့"

"အင်းပါ… 'လေးလေး' စားစေချင်လည်း စားလိုက်ပါ့မယ်"

'အရှင်း' ရဲ့စကားကြောင့် 'ဦးသာကောင်း' ရဲ့မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ပြုံးရွှင်သွားမိပါသည်။

သင်္ဘောကောင်းဖော်ရွေသော 'မောင်ကျော်ဇော' လိုလူမျိုးနဲ့ တူမဖြစ်သူ 'အရှင်း' တို့ကို ရင်းနှီးခင်မင်သွားစေချင်သည်။

'မောင်ကျော်ဇော' ပုံစံက မွန်မွန်ရည်ရည် သွက်သွက်လက်လက်ရှိတဲ့အပြင် သူ့အပေါ်ကို ဖော်ရွေတာကလည်းအံ့သြစရာပါ။

လေယာဉ်တစ်စီးတည်း အတူစီးလာရုံနဲ့တော့ သူ့အပေါ်ကို ဒီလောက် လိုက်လျော ဖော်ရွေစရာမရှိပါ။ အကြောင်းတစ်ခုခုတော့ရှိမှာ သေချာတာမို့ 'အရှင်း' ကိုလှမ်းမေးလိုက်မိပါသည်။

"သမီးနဲ့ 'မောင်ကျော်ဇော' နဲ့ သိကြလား"

"ဘယ်က 'မောင်ကျော်ဇော' လည်း 'လေးလေး' ရဲ့"

" 'လေးလေး' အခု ညနေ ထမင်းစားဖိတ်ထားတဲ့ သူလေ"

"ဒီ နာမည်တောင် အခုမှကြားဖူးတာ... သူက ဘယ်အရွယ်ရှိလို့လဲ 'လေးလေး' ရဲ့... 'အရှင်း' ကဖြင့် 'လေးလေး'မိတ်ဆွေဆိုလို့ 'လေးလေး' အရွယ်လောက်ပဲ အောင်းမေ့နေတာ"





"ဟင့်အင်း... 'မောင်ကျော်ဇော' က သမီးတို့အရွယ်လောက်ပဲရှိသေးတာ"

" 'လေးလေး' ရယ်... သမီးမှာ ဘယ်ယောကျ်ားလေးမိတ်ဆွေမှမရှိတာ 'လေးလေး' သိရက်နဲ့"

ပြောရင်း မနက်ကဈေးမှာ ဖြစ်လာခဲ့သော အဖြစ်ကိုပြန်သတိရကာ 'အရှင်း' မျက်နှာက ပြုံးချင်သွားရပါသည်။

'လေးလေး' ရှေ့မှာ နေရင် 'လေးလေး' စပ်စုနေမှာစိုး၍နောက်ဖေးမီးဖိုချောင်ထဲ ဝင်လာခဲ့ပေမယ့် 'အရှင်း' ကတော့ရယ်ပဲရယ်ချင်နေမိပါသည်။

မနက်စောစောစီးစီး ပုဆိုးရေစိုကြီးနဲ့ ဘယ်လောက်များအနေခက်လိုက်လေမလဲ။

ဘာပဲဖြစ်ဖြစ် 'အရှင်း' ကတော့ သူ့ကိုကျေးဇူးတင်မိပါသည်။ ဖြစ်နိုင်လျှင် ထပ်လည်းတွေ့ချင်ပါသေးသည်။ သူကကော 'အရှင်း' ကို တွေ့ချင်ပါအုံးမလား။

သူ့အပေါ် ရေတွေလောင်းချသွားတဲ့ 'အရှင်း' ကို စိတ်ဆိုးနေမှာလား။

ခါတိုင်း ကြည်လင်နေတဲ့ 'အရှင်း' ရဲ့ခေါင်းထဲမှာ စိုးမိုးနေတဲ့သူက မနက်ဈေးမှာ တွေ့လာခဲ့တဲ့သူပါ။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကြည်လင်နေတာမို့ လူကိုလည်း လှလှလေးပြင်ကာ ဧည့်သည်ကို စောင့်မျှော်နေမိပါသည်။

“ညည်း ဒီလိုပြင်ထားတာ အရေးမကြီးနော်… ‘လေးလေး’ ရဲ့ ဒါရိုက်တာရောက်လာပြီး မင်းသမီးငှားနေမှ ဟုတ်ပေ့ ဖြစ်နေအုံးမယ်”

“အမယ်လေး ‘လေးလေး’ ရယ်… ခုခေတ်က အငယ်လေးတွေပဲ သုံးချင်ကြတာ… ‘အရှင်း’ တို့လို အရွယ်ဆို လူကြီးခန်းလောက်ထားရိုက်ချင်ကြတာ”

“ မဖြစ်နိုင်တာ… ‘လေးလေး’ တူမက ဒီလောက်ကြီးလည်း မကြီးသေးပါဘူး”

ပြောရင်းဆိုရင်း ခြံထဲကို ကားတစ်စီး ဝင်လာသံကြားတာကြောင့် ‘လေးလေး’ က လှမ်းပြောပါသည်။

“ကွေ့ ‘အရှင်း’ ကို မင်းသမီးလာငှားတဲ့ ဒါရိုက်တာနဲ့ တူတယ်”

“‘လေးလေး’ ကလည်း ပြောရေ့မယ်… ‘လေးလေး’ ဧည့်သည်ပဲ ဖြစ်မှာပါ… ‘အရှင်း’ ဟင်းပွဲတွေ သွားပြင်လိုက်တော့မယ်”

‘အရှင်း’ နောက်ဖေးခန်းထဲဝင်လာကာ ‘မိညို’ ကို ဘယ်





လိုပြင်ဆင်ရမယ်ဟုပြသပြီး အိမ်ရှေ့ခန်းထဲ ပြန်ထွက်လာခဲ့လိုက်ပါသည်။

‘အရှင်း’ ကို တွေ့သည်နှင့် ‘လေးလေး’ က လှမ်းခေါ်ကာ မိတ်ဆက်ပါသည်။

“သမီးလာ… ဒါ ‘လေးလေး’ ရဲ့ မိတ်ဆွေ ‘မောင်ကျော်ဇော’ ပဲ”

‘အရှင်း’ ရဲ့အကြည့်က ဧည့်သည်ဆီရောက်သွားတဲ့အခါမှာတော့ ‘အရှင်း’ တစ်ကိုယ်လုံး တုန်တက်ကာ လန့်ဖြန့်သွားမိပါသည်။

သူ သူက ‘လေးလေး’ ရဲ့ မိတ်ဆွေဆိုတာလား။

ထင်မှတ်မထားတဲ့ အဖြစ်မို့ ‘အရှင်း’ ကြောင်အနေရဆဲ ‘လေးလေး’ က သူ့ကို မိတ်ဆက်ပေးပါသည်။

“‘မောင်ကျော်ဇော’ လည်း မှတ်ထားပေါ့.. ဒါ ကိုယ့်တူမပဲ ‘ရှင်းသန့်ဖြူ’ တဲ့ ‘အရှင်း’ လို့ ခေါ်လည်းရတယ်”

‘ကျော်ဇော’ ခေါင်းညိတ်ကာပြုံးပြလိုက်မိပါသည်နာမည်နဲ့လိုက်အောင် ရုပ်လေးက ရှင်းသန့်ပြီး ဖြူဖွေးနေပါသည်။

ဒါကြောင့်မို့သာပဲ ‘ကျော်ဇော’ ရင်မှာ မမေ့နိုင်အောင် စွဲနေတာထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



အိမ်နေရင်း ရယ်ဒီမိတ်စာအဖြူရောင် ချည်ထည်ပွပွလေးနှင့် အဖြူပေါ် အနက်ဘုံးလေးများပါသော လုံချည်ပျော့ပျော့လေးက 'အရှင်း' ရဲ့ ကိုယ်လုံးလေးကို သွယ်ရှင်းနေစေပါသည်။

အနားစွန်းတွေ တမင်ထွက်အောင် လိပ်တင်ထားတဲ့ ဆံပင်နားသယ်စပ်က ကျနေတဲ့ ဆံနွယ်ပျော့ပျော့လေးများဖြင့် 'ရှင်းသန့်ဖြူ' က 'ကျော်ဇော' ရင်ထဲက အလှနတ်သမီးလေးပါပဲ။

ဒီနတ်သမီးလေးကို 'ကျော်ဇော' အပိုင်ရအောင် ဘယ်လိုကြိုးစားရပါ့မလဲ။

အတွေးများဖြင့် 'ကျော်ဇော' 'အရှင်း' ကို ငေးနေချိန် 'ဦးသာကောင်း' အဖို့မှာလည်း 'ကျော်ဇော' ရဲ့ ပုံစံကြောင့် အံ့သြနေမိပါသည်။

ဒီကောင့်ပုံစံက 'အရှင်း' ကို မြင်ဖူးနေသလို သိနေသလိုလိုပုံစံမျိုးပါ။

အိမ်ထဲက ပြန်ထွက်လာတဲ့ 'အရှင်း' ကသာ မျက်လွှာချရင်း သူ့ကိုလှမ်းပြောပါသည်။

" 'လေးလေး' ညှော့သည်ကို ထမင်းကျွေးလို့ရပြီ"

" 'မောင်ကျော်ဇော' ဆာပြီလား... ပြီးမှ အေးအေးဆေးဆေး စကားပြောကြတာပေါ့"

"အစ်ကိုကြီးတို့ သဘောပါပဲ"

'အရှင်း' ဦးဆောင်ကာ ထမင်းစားခန်းထဲကို ဝင်လာခဲ့မိပါသည်။

'လေးလေး' ကို ထမင်းအတူတူစားမယ်လို့ ပြောထားပြီးမှတော့ မစားလို့ဖြစ်မှာ မဟုတ်တော့ချေ။

ဧည့်သည်ကို ဧည့်ဝတ်ပြုကာ ထမင်းကို ခေါင်းငုံ့စားနေဆဲ မမျှော်လင့်ဘဲ 'ကိုကျော်ဇော' ဆီက အသံထွက်လာခဲ့ပါသည်။

" 'အရှင်း' ကျွန်တော့်ကို မမှတ်မိဘူးနဲ့တူတယ်...ကျွန်တော်နဲ့ 'အရှင်း' ဆုံဖူးတယ်လေ"

"ဟုတ်လား"

'လေးလေး' ရှေ့မှာမို့ တမင် မသိဟန်ဆောင်ကာအမေး

"ဟုတ်လား... ဘယ်မှာ ဆုံကြတာလဲ"

'လေးလေး' ကဝင်ကာ စပ်စုပါတော့သည်။

"ဒီမနက်ပဲ ဈေးမှာဆုံကြတာပါ... 'အရှင်း' ကြောင့် ကျွန်တော့် ပုဆိုးတောင် ရေတွေစိုသွားသေးတယ်"

"ဟုတ်လား... 'အရှင်း' သကြိန်မကျသေးဘဲ ညည်း







www.burmeseclassic.com

www.burmeseclassic.com



'မောင်ကျော်အော' ကို ရေလောင်းလွှတ်လိုက်တာလား"

"ကျွန်တော့် မေမေကတောင် ကျွန်တော့်လုံချည်မှာ ရေစိုလာတော့ ဘာဖြစ်တာလဲမေးလို့ ကလေးသေးပေါက်သွားတာလို့ ဖြေလိုက်ရသေးတယ်"

ပြောရင်းမှ ဟဲကနဲ ရယ်လိုက်သော 'ကျော်အော' ကို 'အရှင်း' မျက်စောင်းထိုးလိုက်မိပါသည်။ ဒါ ရယ်စရာလား။

လူကိုက ရှူးတူးတူး ပေါတောတောနဲ့။

"ဒါကြောင့် ဒီနေ့တစ်နေ့လုံး 'အရှင်း' မျက်နှာ ပြုံးစေ့စေ့ဖြစ်နေပါတယ် အောင်းမေ့တယ်... 'မောင်ကျော်အော' နဲ့ ပြဿနာတက်လာတာကို:"

" 'လေးလေး' ကလည်း 'အရှင်း' က မတက်ချင်ပါဘူး... သူကပြဿနာတက်အောင် 'အရှင်း' ကိုပဲ လိုက်ကြည့်နေတာကိုး အဲဒီတော့ 'အရှင်း' လည်းရှက်ပြီး ရေတွေ သူ့အပေါ်မှောက်ကျကုန်တာပေါ့"

"ဟုတ်ပါတယ်... ကျွန်တော် 'အရှင်း' ကို စိတ်မဆိုးပါဘူး... စကားအဖြစ် ပြောတာပါ"

"ရှင်စကားအဖြစ် ပြောတာကလည်း မကျေနပ်သလိုနဲ့ ဘာလဲ... 'အရှင်း' က ရှင့်ကို ခွင့်လွှတ်ပါရှင်လို့ ထပ်ပြီး တောင်း





ပန်ရအုံးမှာလား"

"မလိုပါဘူး 'အရှင်း' ရယ်... ကျွန်တော်က 'အရှင်း' နဲ့ မိတ်ဖြစ်ဆွေဖြစ် စကားပြောတာပါ"

"ဟုတ်သားပဲ 'အရှင်း' ရဲ့... 'မောင်ကျော်အော' က ညည်းကို ဘာပြောနေလို့လဲ"

"ပြောရဲ့ ပြောကြည့်ပါလား.. ဒီတစ်ခါ ရေလောင်းမှာ မဟုတ်ဘူး... ရေနွေးပူနဲ့ကိုလောင်းချမှာ"

" 'အရှင်း' ဘာတွေပြောနေတာလဲ"

'လေးလေး' က 'အရှင်း' ကို လှမ်းအော်၍ ...

" 'လေးလေး' ဧည့်သည်က ဟုတ်မှမဟုတ်တာ ဘာတွေ လျှောက်ပြောနေမှန်း မသိဘူး"

"အဲဒီလိုဆိုလည်း ညည်းက ငြိမ်နေလိုက်ပေါ့... ခုတော့ ညည်းက ကိုယ့်ဖာသာကိုယ်မလုံတိုင်း ရှက်ရမ်းလျှောက်ရမ်းနေသလိုပဲ"

" 'လေးလေး' "

'အရှင်း' အော်ကာ နေရာမှ ဆောင့်ထွက် လာခဲ့လိုက်ပါသည်။

သူစိမ်းယောကျ်ားလေးတစ်ယောက်ရှေ့မှာ 'လေးလေး'



www.burmeseclassic.com

www.burmeseclassic.com



မို့ ကိုယ့်တူမကို အရှက်ခွဲရက်သည်။ တော်ပြီ နောက်ဆို 'လေးလေး' နဲ့ ဘယ်တော့မှ မပတ်သက်တော့။

ဟို 'ကျော်ဇော' ဆိုတဲ့ လူကလည်း စကားကိုများလွန်းသည်။

သူလုပ်တာနဲ့ပဲ 'အရှင်း' ယတြာချေတဲ့ကိစ္စ ပေါ်တော့မလို့။ ပေါ်သာပေါ်သွားခဲ့လျှင် ရှက်လွန်း၍ 'အရှင်း' သေရပါလိမ့်မည်။

စိတ်ညစ်ညစ်ဖြင့် အိပ်ယာပေါ်ထိုးအအိပ် ...

"ကိုယ့်တူမတော့ စိတ်ကောက်သွားပြီ"

'လေးလေး' က သူ့ကို ပြုံးကာ လှမ်းပြောပါသည်။

သူလည်း စကားမရှိ စကားရှာပြောရတာပါပဲ။ ဒါပေမယ့် 'အရှင်း' စိတ်ကောက်မယ့် စကားကိုမှ ရွေးပြောမိရက်သားဖြစ်သွားခဲ့ရပါသည်။

သူ ဘယ်လိုတောင်းပန်ရပါ့။

"ထားလိုက် 'မောင်ကျော်ဇော'... 'အရှင်း' က အလုပ်မရှိတော့ စိတ်ကောက်တဲ့ အလုပ်ပဲ သူ့အလုပ်ဖြစ်နေတာ...အချိန်ကြာလာရင် သူ့ဖာသူ အလိုလို ဖြောင့်သွားရော"

'လေးလေး'နဲ့က ဦးလေးနဲ့ တူမမို့ မထောင်းတာပေမယ့်





သူကတော့ အခုမှ 'အရှင်း'ကို စတွေ့ရတာမို့ ပြဿနာဖြစ်မယ့်ကိစ္စကို မကြုံချင်ပါ။ ဖြစ်နိုင်လျှင် သူ 'အရှင်း' နဲ့ ပြေလည်ချင်ပါသည်။

"ကျွန်တော် 'အရှင်း' ကို ခင်ပါတယ် အစ်ကိုကြီး"

"အေးပါ... ငါလည်း ရိပ်မိပါတယ်... ငါ့ကို စေတနာတွေ စွတ်ကောင်းနေတာကလည်း 'အရှင်း' နဲ့ ပတ်သက်ချင်လို့ပဲ မဟုတ်လား"

ဆိတ်ဆိတ်နေခြင်းသည် ဝန်ခံခြင်းမို့ သူငြိမ်နေတော့ 'လေးလေး' က ပြုံးနေပါသည်။

သည်အပြုံး၏နောက်ကွယ်မှာ အဓိပ္ပါယ်တစ်ခုခုတော့ ရှိနေမည်ဆိုတာ အလိုလိုနေရင်း 'ကျော်ဇော' ရိပ်မိနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# ၁၁

သည်နေ့ဆို 'အရှင်း' နဲ့ သူနဲ့ မတွေ့ရတာ တစ်ပါတ်ခန့်ပင် ကြာမြင့်ခဲ့ပါပြီ။ မတွေ့ရတော့ ပိုဖြီးလွမ်းမိသလိုပါ။

'အရှင်း' တို့အိမ်ကိုသာ သွားလည်ခဲ့ပေမယ့် 'အရှင်း'ရဲ့ ဖုန်နံပါတ်လည်း သူ မသိခဲ့။ သူ့မှာရှိတာ 'အရှင်း' ရဲ့ 'လေးလေး' ဖုန်းနံပါတ်ပဲ ရှိပါသည်။

'အရှင်း' ကို သူ တိုက်ရိုက်ဘယ်လိုများ ဆက်သွယ်ရပါမလဲ။





သူ တွေးနေဆဲ သူ မမျှော်လင့်တဲ့ 'လေးလေး' ဆီကဖုန်းဝင်လာခဲ့ပါသည်။

" 'မောင်ကျော်ဇော' လားဟေ့"

"အော်... အစ်ကိုကြီး... ပြောပါ... ကား ဘာဖြစ်ပြန်ပြီလဲ"

"မင်းက ဝပ်ရှော့ပိုင်ရှင်ပီသပါပေတယ်... ဖုန်းဆက်တာနဲ့ ကားပျက်တယ်ပဲ အောင်းမေ့တော့တာပဲကိုး"

"မဟုတ်ဘူးလား အစ်ကိုကြီး"

"မင်း လိုလေသေးမရှိ ပြင်ပေးထားတာ အားလုံး အိုကေပါပဲ ... အခု ဖြစ်နေတာ 'အရှင်း' ရဲ့ ကားကွ... သူ့ကားအောက်ပိုင်း စစ်ကြည့်ချင်တယ်... ဟိုတစ်နေ့က တောင်ဒဂုံစက်မှုဇုံကိုသွားရင်း လမ်းမှာချိုင့်ထဲကျလာခဲ့တယ်တဲ့လေ"

" 'အရှင်း' က စက်မှုဇုံကို ဘာသွားလုပ်တာလဲ... အစ်ကိုကြီး"

"အလုပ်သွားလျှောက်တာလေ... အရှင်တုန်းက လုပ်ဖို့စိတ်မကူးဘူး... ခုမှ လုပ်ချင်သတဲ့လေ... အစ်ကိုကြီး အလုပ်ဝင်လုပ်ဆိုတော့လည်း မဟုတ်ဘူး"

" 'အရှင်း' က ဘာလုပ်ချင်တာလဲ အစ်ကိုကြီး"

www.burmeseclassic.com

www.burmeseclassic.com



"သူလား ဂျပန်စကားလည်း တတ်တယ်… အင်္ဂလိပ်စကားလည်းရတယ်… Account ပိုင်းဆိုလည်း Level 4 တောင် အောင်ပြီးသွားပြီ"

"ဒါနဲ့များ အစ်ကိုကြီးရယ်… ကျွန်တော့်ကို စောစောက ပြောရောပေါ့… ကျွန်တော် Account တစ်ယောက်လောက်လိုချင်နေတာ"

"မင်း ဝပ်ရှော့အတွက်လား"

"မဟုတ်ပါဘူး… ကျွန်တော့် ကားပစ္စည်းအရောင်းဆိုင်အတွက်ပါ"

'ဦးသာကောင်း' ငြိမ်သက်သွားမိပါသည်။ 'မောင်ကျော်ဇော' မှာ ကားဝပ်ရှော့တင်မက ကားပစ္စည်း အရောင်းဆိုင်ပါတွဲဖွင့်ထားတာ သူ သတိပြုမိသည်။ ပြီးတော့ ကားဆာဗစ်စင်းကလည်း ရှိသေးသည်။

ကိုယ်ကသာ လူချင်းခင်နေ၍ သူ့လုပ်ငန်းကို သေးကွေးသည်ထင်မိပေမယ့် လုပ်ငန်းအတိုင်းအတာက မသေးကွေးလှပါ။

"ကျွန်တော်လည်း ရှာနေတာကြာပြီ… စိတ်ချယုံကြည်ရတဲ့ လူမရသေးလို့ ကြာနေတာ"



ဒါပေမယ့် ဒီလောက်ဝေးလံလှတဲ့ ခရီးကို 'အရှင်း' လာလုပ်နိုင်မလား။

သူလည်း မသိနိုင်ပါ။

သို့ပေမယ့် တောင်ဒဂုံစက်မှုဇုန်ကိုတောင် အလုပ်သွားလျှောက်တယ်ဆိုလျှင် ဒီကိုလည်း ဘာလို့ မလာနိုင်ရမလဲ။

"သူက ကွန်ပြူတာလည်း အိတ်(စ)ပတ်ကွ"

"အစ်ကိုကြီး ပြောပေးပါလား… ကျွန်တော် တကယ်ကိုလိုအပ်နေတာပါ"

သူ့အနားမှာ 'အရှင်း' ရှိနေမည်ဆိုလျှင် သူ့အတွက်အရာရာ ပြီးပြည့်စုံပြီဟု 'ကျော်ဇော' ယူဆမိပါသည်။

အစပထမတုန်းကတော့ သူ 'ဝဏ္ဏ' ကို ရှာခိုင်းထားတာယောကျ်ားလေးပါ။

ဒီနေရာနဲ့ မိန်းမနဲ့မအပ်စပ်ဟု သူ ထင်မိပါသည်။အများဆုံးပတ်သက်ရမှာက သူနဲ့ဆိုတော့ သူအခြား မိန်းမတစ်ယောက်နဲ့ မပတ်သက်ချင်ပါ။

'အရှင်း' ကတော့ သူစိတ်ဝင်စားနေတဲ့ မိန်းမမို့ သူ့အလုပ်ကို လက်ခံစေချင်ပါသည်။

"အင်းလေ… ဝပ်ရှော့ပိုင်းနဲ့ မဆိုင်ဘဲ သီးသန့်လုပ်ရမှာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ မဆိုးပါဘူး... လခကကော ဘယ်လောက်ပေးမှာလဲ... အပြည့်အစုံသိရအောင် မေးထားတာပါ... ငွေရေးကြေးရေးကိုတော့ ကိုယ်လည်း ထည့်မတွက်ဘူး... အရေးကြီးတာက ဒီအလုပ်မှာ သူ ပျော်သွားဖို့ပါပဲ"

"လခကို ကျွန်တော်လည်း မမှန်းတတ်ဘူး အစ်ကိုကြီးရေ... 'အရှင်း' သာလုပ်မယ်ဆိုရင် သူ တောင်းသလောက် ကျွန်တော်ပေးမှာပါ"

'ကျော်ဇော' စကားကြောင့် 'ဦးသာကောင်း' ရယ်လိုက်မိပါသည်။

"မင်းဥစ္စာကလည်းကွာ ဟုတ်မှလည်းလုပ်ပါ... တော်ကြာ မင်းစည်းစိမ်ပါ ပြုတ်သွားပါအုံးမယ်... ငါဖက်ကလည်း 'အရှင်း' ကို အလုပ်ထဲသွင်းပြီးမှ မင်းကို ဝန်ထုတ်ဝန်ပိုးဖြစ်မှာလည်း စိုးရိမ်တယ်... ကိုယ့်တူမအကြောင်းလည်း ကိုယ်က သိနေတော့ ပြောရမှာတောင် ခပ်လန့်လန့်ရယ်"

"ရပါတယ်... အစ်ကိုကြီးဘက်ကသာ 'အရှင်း' ကို တိုက်တွန်းပေးပါ"

" 'မောင်ကျော်ဇော'... မင်း ကိုယ့်တူမကို တကယ်ကြိုက်နေတာလားကွ"





ဖုန်းနဲ့စကားပြောနေတာမို့လို့သာ 'ကျော်ဇော' မျက်နှာမပူရတာပါ။ လူချင်းသာတွေ့ပြီး မေးလိုက်လျှင် ဘယ်လောက်မျက်နှာပူစရာ ကောင်းလိုက်မည့်အဖြစ်လဲ။

သူတောင် ဒဲ့ဒိုးမေးရဲသေးတာ 'ကျော်ဇော' လည်း မဖြေရဲစရာမရှိတာကြောင့် ရှေ့မျက်နှာ နောက်ထားကာ ရဲရဲတင်းတင်းပင် ဖြေလိုက်မိပါသည်။

"ဟုတ်ကဲ့... ဒီစကားကို အစ်ကိုကြီးကို ပြောရမှာလည်း အားလည်းနာပါတယ်... တကယ်ဆို ကျွန်တော် အသက်အရွယ်နဲ့ ရည်းစားအပျော်ထားဖို့လည်း စိတ်မကူးတော့ပါဘူး... 'အရှင်း' ကိုတော့ လေဆိပ်မှာစတွေ့တည်းက ကျွန်တော်တကယ့်ကို စွဲလမ်းမိခဲ့တာပါ... 'အရှင်း' ဘက်ကသာ လက်ခံရင် ကျွန်တော့်ဘက်က လူကြီးစုံရာနဲ့ လာတောင်းရမ်းဖို့လည်း ဝန်မလေးပါဘူး"

'ဦးသာကောင်း' ဘက်က တဒင်္ဂ ငြိမ်သက်သွားပါသည်။ ခဏနေမှ ...

"အေးလေ... ရှင်းရှင်းလင်းလင်း သိရတော့ ကောင်းတာပေါ့... အလုပ်ကိစ္စနဲ့ ပတ်သက်တာတော့ ငါ 'အရှင်း' ကို ပြောကြည့်ပေးမယ်... ကျန်တဲ့အပိုင်းကတော့ မင်းရဲ့ အပိုင်းပဲပေါ့...



www.burmeseclassic.com

www.burmeseclassic.com



ဘယ်နှယ့်လဲ"

"ဟုတ်ကဲ့ပါ အစ်ကိုကြီး... အစ်ကိုကြီးဘက်က ကန့်ကွက်ဖို့ မရှိဘူးပေါ့နော်"

"မေးစရာလိုသေးလားကွာ... ကိုယ့်တူမကြိုက်တယ်ဆိုရင်ပြီးတာပါပဲ... ဒါနဲ့ 'အရှင်း' ကားကို ကိုယ်ဘယ်တော့ ယူလာခဲ့ရမလဲ"

"ရတယ်လေ အစ်ကိုကြီး... အစ်ကိုကြီး အဆင်ပြေတဲ့ အချိန်ယူလာခဲ့လိုက်ပါ"

'မောင်ကျော်ဇော' နဲ့ ဖုန်းပြောပြီးတာနဲ့ ကျန်တဲ့အလုပ်တွေကို လက်စသပ်ကာ 'ဦးသာကောင်း' အိမ်ကို ပြန်လာခဲ့လိုက်ပါသည်။

တူမဖြစ်သူ ရှေ့ရေးအတွက် 'ဦးသာကောင်း' လုပ်သင့်လုပ်ထိုက်တာကို လုပ်ဖို့လဲ ဆုံးဖြတ်ချက်ချလိုက်မိပါသည်။

'ဦးသာကောင်း' အိမ်ကို ပြန်ရောက်ချိန်တွင် 'အရှင်း' က ဝတ္ထုစာအုပ်တစ်အုပ်ဖြင့် ဧည့်ခန်းထဲတွင် ဇိမ်ကျနေလေသည်။

" 'လေးလေး' လုပ်ခိုင်းထားတဲ့ စာရင်းတွေ စစ်ပြီးပြီလား"





"ပြီးတာ ကြာလှပြီ... စာကြည့်ခန်းထဲက စားပွဲပေါ်မှာ ဒီအတိုင်းတင်ထားတယ်... 'လေးလေး' ပြန်လာတာ စောလှချည်လား"

"အင်း ညည်း ကားကိုဝယ်ရှော့ ပို့ပေးဖို့ ပြန်လာခဲ့တာ"

"ဒီနေ့ 'အရှင်း' တောင် အင်တာဗျူးတစ်ခု သွားဖြေခဲ့သေးတယ်"

"ဟုတ်လား အဆင်ပြေခဲ့လား လစာကောဘယ်လောက်ရမှာလဲ"

'ဦးသာကောင်း' စိတ်လောကြီးစွာ မေးလိုက်မိပါသည်။ မျက်ဝန်းထဲ 'မောင်ကျော်ဇော' ရဲ့ မျက်နှာလည်းတန်းမြင်လိုက်မိသေးသည်။

"အဆင်မပြေပါဘူး 'လေးလေး' ရယ်... လစာအဆင့်တောင် မရောက်ခဲ့ပါဘူး...စကားပြော အဆင်မပြေတာနဲ့ပြန်ချလာခဲ့လိုက်တာ"

"ညည်းကတော့ ဖြစ်ရမယ်"

"ဟုတ်တယ်လေ... လျှောက်တာ ကွန်ပြူတာနဲ့ စာရင်းကိုင်မေးတဲ့မေးခွန်းတွေက မဆိုင်တဲ့မေးခွန်းတွေပဲ လျှောက်မေးနေတာကို"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမေးလို့လဲ"

" 'အရှင်း' ကို အပျိုလား အအိုလားတဲ့"

"အလုပ်လျှောက်လွှာထဲမှာ ထည့်ရိုက်ပြီးသား မဟုတ်ဘူးလား"

"ဟင့်အင်း... ထည့်မရိုက်ပါဘူး... မဆိုင်ဘူးထင်လို့ ဒီအတိုင်း ကွက်လပ်ချန်ထားခဲ့တာ"

"ဘယ်နှယ့် မဆိုင်ရမှာလဲ 'အရှင်း' ရယ်... အလုပ်ရှင်တိုင်းဟာ ကိုယ့်အလုပ်သမားတစ်ယောက်ရဲ့ Personal Fileတော့ ရှိထားရမှာပေါ့... ဒါမှ ခရီးဝေးလွှတ်သင့် မလွှတ်သင့် စဉ်းစားလို့ရမှာပေါ့... ကိုယ်လုပ်ချင်တာ လျှောက်လုပ်လို့ ဘယ်ရပါ့မလဲ"

"မသိဘူး... မဖြေနိုင်ဘူးဆိုပြီး 'အရှင်း' လည်း ပြန်ချလာခဲ့လိုက်တယ်"

ခေါင်းမာတဲ့ 'အရှင်း' ကြောင့်တော့ ခက်ပါတယ်။ ဒီလိုပဲ 'မောင်ကျော်ဇော' အလုပ်မှာလည်း မာရေကြောရေ သွားလုပ်လျှင်ဒုက္ခ။

စိတ်ပျက်သလို ခေါင်းကိုအခါ...

" 'အရှင်း' ကိုသာ ပြောနေ 'လေးလေး' ကကော တူမ





လုပ်ချင်တဲ့အလုပ်ကို စဉ်းစားပေးလို့လား"

"စဉ်းစားပေးတာပေါ့... ညည်း ယူဇနပလာဇာမှာ ဆိုင်ဖွင့်မလား... 'လေးလေး' အဆက်အသွယ်တွေနဲ့ ပစ္စည်းတွေမှာပေးမယ်"

" 'အရှင်း' တစ်ယောက်တည်း မဖြစ်ပါဘူး"

"ညည်း သူငယ်ချင်းတွေခေါ်ပေါ့...သူငယ်ချင်းတွေ ဒီလောက်များတာ"

"အရေးအကြောင်းရှိရင် တစ်ယောက်မှ အားတာမဟုတ်ဘူး"

"ဒါဆိုလည်း အိမ်ကကောင်မလေး ခေါ်သွားပေါ့"

"ဖြစ်မှာမဟုတ်ပါဘူး 'လေးလေး' ရာ... 'အရှင်း' ကသိပ်စိတ်ရှည်တာ မဟုတ်ဘူး... ဈေးရောင်းတယ်ဆိုတာ မျက်နှာချိုရတယ်... ကိုယ့်ပစ္စည်းရောင်းထွက်ဖို့ စိတ်ရှည်သည်းခံရတယ်... 'အရှင်း' အဲ့ဒါတွေကို လုပ်နိုင်မှာမဟုတ်ဘူး"

"အဲဒါဆိုလည်း ညည်းလုပ်ရမှာက လင်ယူဖို့ပဲရှိတော့တယ် လင်တောင် ညည်းအပေါ် စိတ်ရှည်သည်းခံနိုင်တဲ့ ယောကျ်ားမျိုးမှဖြစ်မှာ... နင့်မိုဆို ယူပြီး တစ်ပတ်မပြည့်ခင် ကွဲမှာပဲ"

"အဲ့ဒါသိရဲ့နဲ့ 'လေးလေး' ဘာလို့ ပြောနေသေးလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ… ညည်းနဲ့ အဆင်ပြေနိုင်မယ့် အလုပ်တစ်ခုတော့ ငါတွေ့ထားတယ်… ဒါပေမယ့် ငါ့မျက်နှာတော့ ပျက်လို့မဖြစ်ဘူး ညည်း အော်ချင်တိုင်းအော် ဟစ်ချင်တိုင်းဟစ် စိတ်အလိုလိုက်ပြီး လုပ်ချင်တာ လုပ်နေလို့ကတော့ ငါကလည်း အဲ့ဒီလို အလုပ်သွင်းပေးဖို့ စိတ်မကူးဘူး"

"'အရှင်း' ဘာလုပ်ရမှာလဲ… လူအများကြီးနဲ့ ဆက်ဆံရမှာလား"

"ဟင့်အင်း… အခန်းထဲမှာ တစ်ယောက်တည်းပဲ စာရင်းကိုင်လုပ်ရမှာ"

"ဟုတ်လို့လား"

"ဟုတ်ပါတယ် ဟာ"

"လစာကကော ဘယ်လောက်ရမှာလဲ"

"ညည်းက ဘယ်လောက် လိုချင်တာလဲ"

"'အရှင်း' က ကားနဲ့သွားရမှာဆိုတော့ ဓါတ်ဆီဖိုးတော့ ထည့်တွက်ရမှာပဲ… တော်ကြာ ကိုယ်က ပြန်ခိုက်နေရရင် ဘယ်နှယ့်လုပ်မလဲ… လုပ်ရမှာက ဘုရင့်နောင်ဘက်မှာနော်"

"အင်းပါ"

"ငါးသောင်းလောက်တော့ လိုချင်တယ်… ဒါတောင်





တက်ထားတဲ့ Certificate ဘိုးနဲ့ ကိုက်သေးတာမဟုတ်ဘူး… 'လေးလေး' မိတ်ဆွေမို့လို့ လျှော့ယူလိုက်တာ…"

"အမယ်လေး တော်ပါတော့ 'အရှင်း' ရယ်… ဒီလောက် တောင်းတာကိုပဲ ကျေးဇူးတင်လှပါပြီ… ဒီ လဆန်းကစပြီးဆင်း ရမယ်နော်… ဟုတ်ပြီလား"

"အိုကေလေ"

လွယ်လွယ်ကူကူနဲ့ အဆင်ပြေသွားတာကိုပဲ 'ဦးသာကောင်း' စိတ်ချမ်းသာ သွားခဲ့ပါသည်။ လစာကိုတော့ 'မောင်ကျော်ဇော' နဲ့ ညှိရမှာဖြစ်သည်။

သုံးသောင်းလောက်ပဲ ပေးခိုင်းပြီး ကျန်တဲ့နှစ်သောင်းကိုတော့ ဘယ်သူမှမသိရဘဲ မိမိကိုယ်တိုင် စိုက်ပေးဖို့ ဆုံးဖြတ်လိုက်မိပါသည်။

'မောင်ကျော်ဇော' ရဲ့ အလုပ်မှာ 'အရှင်း' တစ်ယောက်ကြည်ဖြူစွာ ဝင်လုပ်တယ်ဆိုရင်ပဲ ကိုယ်ဖြစ်ချင်တဲ့ဆန္ဒပြည့်မြောက်သွားပြီဟု စိတ်မှာမှဝ ယူထားလိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



၁၂

"ဘယ်လိုပဲဖြစ်ဖြစ် အလုပ်ဝင်ပြီဆိုမှတော့ ကိုယ့်ဘက်က အကောင်းဆုံး တာဝန်ကျေအောင် ပေးဆပ်ဖို့ပဲ စဉ်းစား... 'လေးလေး' မျက်နှာ မပျက်ချင်ဘူး...အနည်းဆုံး လေးငါးလတော့ လုပ်ရမယ်... ခုလုပ် ခုထွက်ပုံစံမျိုးတော့ မဖြစ်စေချင်ဘူး ပြဿနာတက်ခဲ့ရင် အဲ့ဒီပြဿနာကို ပြေလည်အောင် ရှင်းနိုင်ရမယ်"

"ဒီနေ့ပဲ အလုပ်စဝင်ပြီး နောက်တစ်နေ့ 'အရှင်း' က မလုပ်ချင်တော့ရင် ဘယ်လိုလုပ်ရမလဲ"





"အဲ့ဒီလိုဖြစ်မှာစိုးလို့ အစောကြီးကတည်းက ညည်းသဘောဆန္ဒကို မေးပြီးသားလေ...ထွက်လို့ဘယ်ရမလဲ... လေးငါးလတော့ 'လေးလေး' မျက်နှာနဲ့ လုပ်ပေးဖို့ ဆုံးဖြတ်ထား.. ဒီကြားထဲ ညည်းဘက်က အလုပ်ထွက်မယ် ဘာမယ်ဖြစ်လာလို့ကတော့ 'လေးလေး' က စိတ်ဆိုးမှာ...ဖြစ်ချင်ရာဖြစ် 'လေးလေး' သဘော တူတဲ့သူနဲ့ကို ချက်ချင်း ပေးစားပစ်လိုက်မှာ... မယူလို့လုံးဝမရဘူး"

"ကြည့် 'လေးလေး' က လုပ်ပြန်ပြီ... ထစ်ကနဲဆိုဒီယောကျ်ားယူဖို့ကိစ္စပဲ ပြောနေတာပဲ"

"ညည်း ငါ့စကားနားမထောင်မှ ပြောတာပါ... နားထောင်နေရင် ဘာမှမဖြစ်ဘူး"

"သိသားပဲ... 'အရှင်း' ကို မြန်မြန် ယောကျ်ားပေးစားပြီး 'လေးလေး' က မိန်းမယူချင်နေတာ... 'အရှင်း' ရှိနေသေးတော့ 'လေးလေး' လုပ်ချင်ရာ လုပ်လို့မရဘူး ဖြစ်နေတယ်မဟုတ်လား"

"မဟုတ်ပါဘူးဟာ"

'ဦးသာကောင်း' ဘာစကားမှ မပြောရဲတော့လောက်အောင် နှုတ်တွန့်သွားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



'အရှင်း' ကို စောင့်ရှောက်နေတယ်ဆိုတာ တကယ့်ကို ကိုယ့်သမီးရင်းတစ်ယောက်လို စောင့်ရှောက်မှုမျိုးနဲ့ပါ။

'အရှင်း' အတွက်နဲ့ သူ သံယောဇဉ်ရှိလှသော မိန်းမတစ်ယောက်ကိုတောင်မှ ချန်ထားခဲ့ခွာခဲ့သေးတာပဲ။

အသက်ငယ်စဉ်အခါက တစ်ကိုယ်တည်း နေချင်သလို နေနိုင်တာမှန်ပေမယ့် အသက်ကြီးလာတဲ့ အခါမျိုးမှာ အဖော်ဆိုတာမျိုးကလိုလာသည်။

ဆေးပေးမီးယူ စကားပြောဖော်ဆိုတာ တကယ့်ကို မရှိမဖြစ်ပါ။ 'မာရီ' က ကနေဒါမှာနေစဉ် သူနဲ့ အခန်းချင်းကပ်ရက် အိမ်နီးချင်းအဖော်ဖြစ်ခဲ့ပါသည်။

'မာရီ' က ခင်ပွန်းဆုံးပြီး မိခင်အိုကြီးကို စောင့်ရှောက်ရင်းနဲ့ သူ့ဘဝသူ ကြိုးစားရုန်းကန်နေရှာသော မိန်းမတစ်ယောက်ဖြစ်ပါသည်။

'မာရီ' နဲ့ ပတ်သက်ပြီး သူ့မှာလည်း အလုပ်အကိုင်တွေ၊ အဆက်အသွယ်ကောင်းတွေ အများကြီး ရခဲ့ပါသည်။

ဆွေမျိုးရှားပါးလှသော 'မာရီ' တို့သားအမိဘဝမှာ သူက အလိုလိုနေရင်း အရေးပါအရာရောက်သော၊ အရင်းနှီးဆုံး လူတစ်ယောက်လည်း ဖြစ်လာခဲ့လေသည်။





အချိန်ကြာလာတာနဲ့ အမျှ သံယောဇဉ်တွေလည်း တိုးလာသလို လက်ထပ်ဖို့ကိစ္စ တိုင်ပင်ကာနီးဆဲဆဲမှာ အစ်ကိုဖြစ်သူဆုံးပြီး တစ်ယောက်တည်း ကျန်နေခဲ့သည့် 'အရှင်း' အား စောင့်ရှောက်ဖို့ ပြန်လာခဲ့ရတာဖြစ်ပါသည်။

'အရှင်း' ကို ကနေဒါမှာ အတူလာနေဖို့ ခေါ်ပေမယ့်လည်း ငြင်းဆန်နေတာကြောင့် ကိုယ့်ဘက်ကပဲ အလျှော့ပေးကာ ပြန်လာခဲ့ရလေသည်။

'မာရီ' ကလည်း နားလည်ပေးပါသည်။ သူ ပြန်ရောက်လာမယ့် အချိန်ကို စောင့်စားနေမည်ဟု ပြောပြီး ကျန်နေရစ်ခဲ့တာဖြစ်သည်။

သူ့ဘဝမှာ ပထမ ဦးစားပေးထားတဲ့သူက တူမဖြစ်သူ 'အရှင်း' သာဖြစ်ကာ 'အရှင်း' ကို မစောင့်ရှောက် ချင်တော့လို့ အိမ်ထောင်ပြုခိုင်းနေခြင်း မဟုတ်ရပါ။

သူ မရှိတော့တဲ့အခါမှာ သူမလေး တစ်ယောက်တည်း အားကိုးရာမရှိ အဖော်မဲ့သွားမှာ စိုးသောကြောင့်သာ ဖြစ်ပါသည်။

စေတနာကို တစ်လွဲထင်ကာ ပြောလိုက်သော 'အရှင်း' ရဲ့စကားကြောင့် 'ဦးသာကောင်း' ရဲ့မျက်နှာက ညှိုးနွမ်းသွား



www.burmeseclassic.com

www.burmeseclassic.com



ရလေသည်။

" 'လေးလေး' က 'အရှင်း' ကို စိတ်ဆိုးသွားတာလား"

"မဟုတ်ပါဘူးကွာ"

" 'အရှင်း' က အလကားလျှောက်ပြောတာပါ 'လေးလေး'ရယ်... 'အရှင်း' ဘဝမှာ အဖော်ဆိုတာ ရှိသင့်တယ်ဆိုတာ နားလည်ပါတယ်... 'အရှင်း' အပျိုကြီးလည်း မလုပ်ဘူးစိတ်ချ... 'အရှင်း' ကိုယ်တိုင်ရှာလို့ မတွေ့ခဲ့ရင် နောက်ဆုံး 'လေးလေး' သဘောတူတဲ့သူနဲ့ပဲ မျက်စိမှိတ်ပြီးကို ယူပစ်လိုက်မှာ... အခုက အချိန်နည်းနည်းလေး စောနေသေးသလားလို့ပါ...

'အရှင်း' ကိစ္စပြီးရင် 'လေးလေး' ရဲ့ ကိစ္စကို စီစဉ်ပေးမယ်... ဒီကြားထဲ အလည်သဘောမျိုး 'လေးလေး' ပြန်သွားချင်လည်း သွားလို့ရပါတယ်... 'အရှင်း' အတွက် စိတ်ချပါ"

'အရှင်း' ရဲ့လေသံတွေက အနည်းငယ်တုန်ချင်နေရသည်။

ဘယ်လိုပဲဖြစ်ဖြစ် ကိုယ့်စကားကို နားထောင်တယ်ဆိုရင်ပဲ ဝမ်းသာလှပါပြီ။

" 'လေးလေး' အလုပ်ကိုရောက်ရင် လိုက်ပို့မပေးနဲ့နော်... နေရာသာ ညွှန်ပြလိုက်... 'အရှင်း' ကလေး မဟုတ်တော့ဘူး"

"ဖြစ်ရဲ့လား သမီးရဲ့"

"ဖြစ်ပါတယ် ဘာမှပူမနေနဲ့... 'အရှင်း' ကြောင့် 'လေးလေး' မျက်နှာမပျက်စေရဘူး စိတ်ချ... ညနေသာ လာကြိုပေးဖို့မမေ့နဲ့နော်"

ဝပ်ရှော့ကြီးရဲ့ အဝင်ဝမှာပဲ 'လေးလေး' က ကားကို ထိုးရပ်ပေးတာကြောင့် 'အရှင်း' ကားပေါ်ကဆင်းကာ ပတ်ဝန်းကျင်ကို အကဲခတ် ကြည့်လိုက်မိပါသည်။

'အရှင်း' လုပ်ရမယ့်နေရာက ဝင်းခြံထောင့်မှာရှိသော မှန်အညိုကြီးတွေ ကာရံထားသည့် ကားအပိုပစ္စည်းတွေရောင်းတဲ့ဆိုင်မှာ ဖြစ်ပါသည်။

အလုပ်နေရာက အဲ့ဒီမှာ ဖြစ်ပေမယ့် အရောင်းပစ္စည်းဘက်ကော ဝပ်ရှော့ဘက်ကပါ စာရင်းဇယားတွေကို 'အရှင်း' ကတာဝန် ယူလုပ်ပေးရမှာ ဖြစ်လေသည်။

ကားအပိုပစ္စည်းတွေ မျိုးစုံပြသထားသော တိုက်ခန်းကျယ်ကြီးထဲသို့ 'အရှင်း' အဝင် ကောင်လေးတစ်ယောက် ပြေးထွက်လာပါသည်။

"အစ်မ ဘာလို ချင်လို့လည်း မသိဘူး... ကျွန်တော်တိုက်





ကြောင်နှစ်ကောင်ာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ပြပေးပါ့မယ်”

'အရှင်း' ခေါင်းခါပြလိုက်ရင်း...

“တို့ ပစ္စည်းဝယ်ဖို့ လာတာမဟုတ်ဘူး... ဒီအလုပ်မှာစာရင်းကိုင်လုပ်ဖို့လာတာ... မင်းတို့ သူဌေးကော”

“သြော်... အစ်ကို့ကို ကျွန်တော် သွားခေါ်ပေးပါ့မယ်... ခဏထိုင်ပါနော်... အစ်ကိုက ဝပ်ရှော့ဘက်ရောက်နေလို့”

အခန်းအဝင်ဝ ထောင့်ဘက်မှာချထားသော သံခုံအဝိုင်းလေးမှာ 'အရှင်း' က ဝင်ထိုင်ကာ စောင့်နေလိုက်ပါသည်။

အခန်းရဲ့ ဟိုးအနောက်ဘက် ထောင့်နေရာမှာ စားပွဲတစ်လုံးရှိနေတာကြောင့် ဌေးသိမ်းကောင်တာပဲ ဖြစ်ရမည်ဟုတွက်ဆလိုက်မိသည်။

ဒီနေရာမှာ လုပ်ရမယ်ဆိုရင် 'အရှင်း' ရဲ့ စားပွဲက အဲ့ဒီစားပွဲပဲဖြစ်ပါလိမ့်မည်။

အမျိုးအစားစုံလင်လှသော ကားပစ္စည်းတွေကများတော့ အများသားပါပဲ။

ခြေသံတွေကြားလိုက်ရတာကြောင့် အဝင်ဝဘက်ကို 'အရှင်း' ခေါင်းလှည့်ကာ အကြည့် ခေါင်းညွှတ်ကာ ပြုံးရယ်ပြလိုက်သော သူ့ကိုအတွေ့ 'အရှင်း' လန့်ဖြန့်သွားရလေသည်။





“ကျွန်တော် ဝပ်ရှော့ဘက်ကို ရောက်နေလို့ 'အရှင်း' လာတာကို ထွက်မကြိုလိုက်ရဘူး... ဆောရီးနော်”

သူ့စကားသံက ပုံမှန်ဖြစ်ပေမယ့် 'အရှင်း' ဘက်ကတော့ ပုံမှန်အခြေအနေမျိုး ဖြစ်မလာခဲ့ပါ။

“ဒီ ဝပ်ရှော့ပိုင်ရှင်က ရှင်လား”

“ဟုတ်ပါတယ်... ဘာဖြစ်လို့လဲ”

“ဟင် 'လေးလေး' ကျွန်မကို ဘာမှလည်း ပြောပြမထားဘူး သူ့မိတ်ဆွေရဲ့အလုပ်မှာဆိုလို့ ဝင်လုပ်လိုက်တာ”

“ကျွန်တော်လည်း 'အရှင်း' 'လေးလေး' ရဲ့ မိတ်ဆွေပဲလေ”

“ဟင့်အင်း... ရှင်မှန်းသာသိရင် ကျွန်မဒီမှာ ဘယ်လုပ်ပါ့မလဲ... 'လေးလေး' သိပ်ခက်တာပဲ”

“ကျွန်တော်က ဘာဖြစ်နေလို့လဲ 'အရှင်း' ရယ်... 'အရှင်း' ကို ကျွန်တော်က ဒုက္ခပေးမှာမို့လို့လား”

“ဒုက္ခပေးလို့ကော ရမလားရှင့်”

'အရှင်း' ဘယ်လိုလုပ်ရမှန်း မသိအောင် စိတ်ရှုပ်သွားရလေသည်။

ဒါ 'လေးလေး' တမင် 'အရှင်း' ကို ပညာပြသွားခဲ့တာ။



www.burmeseclassic.com

www.burmeseclassic.com



ပိုင်ရှင်က ဘယ်သူဘယ်ဝါရယ်ဆိုတာကို တိတိကျကျမပြောဘဲ အလုပ်ထဲ သွင်းပေးခဲ့သည်။

ပြီးတော့ ချက်ချင်း ထွက်လို့မရအောင် စကားလုံးတွေနဲ့လည်း ကြိုတင်အကွက်ချပြီး ချည်နှောင်ခဲ့ပါသေးသည်။

စိုက်ကြည့်နေသော သူ့ကြောင့်လည်း စိတ်ထဲပိုရှုပ်ထွေးကာ အရှုံးမပေးချင်တဲ့ စိတ်ဓာတ်တွေက ရန်းကြွလာရသလို ဖြစ်လာ၏။

ဘာအကြောင်းကိစ္စမှ မရှိဘဲ သူ့အလုပ်မှာ 'အရှင်း' ဝင်မလုပ်ချင်စရာမရှိပါ။ ခပ်တည်တည်ကလေးပဲ ပုံမှန်လုပ်သွားတော့ကော သူ ဘာဝေဖန်ချက်ပေးနိုင်မှာကျလို့။

ခုချက်ချင်း ဖြတ်ကနဲ ကောက်ထွက်သွားလိုက်မှ သူ့စိတ်ထဲ မဟုတ်ကဟုတ်က အတွေးတွေ ဝင်နိုင်ပါသေးသည်။ သူ့ကိုရင်မဆိုင်ရဲလို့ အရှုံးပေးပြီး ထွက်သွားတယ်လို့ အထင်မခံနိုင်ပါ။

'အရှင်း' သည် 'လေးလေး' ကို အရှုံးမပေးချင်တာရယ် သူ့ကိုဂရုစိုက်စရာမလိုဘူးဆိုတဲ့အတွေး နှစ်မျိုးပေါင်းပြီး ဒီအလုပ်မှာဝင်လုပ်လိုက်ဖို့ ဆုံးဖြတ်လိုက်မိပါသည်။

"ကဲ ကျွန်မဘယ်နေရာမှာ နေရမှာလဲ… လုပ်ရမယ့်စာ





ရင်း ဇယားကိစ္စတွေနဲ့ပတ်သက်လို့လည်း တစ်ခါတည်း ရှင်းပြပေးသွား"

"ဒီ အလုပ်ကို 'အရှင်း' လက်ခံလိုက်ပြီပေါ့"

"ဟုတ်တယ်"

"ကျေးဇူးတင်ပါတယ် 'အရှင်း' ရယ်…ကျွန်တော်တစ်ယောက်တည်းနဲ့ လုံးဝကို မနိုင်ဘူးဖြစ်နေလို့ပါ"

စောစောကတည်းက 'အရှင်း' တွေးထင်ထားတဲ့အတိုင်း ထောင့်ကစားပွဲမှာ 'အရှင်း' က ထိုင်ရပါသည်။ လိုအပ်တဲ့ စာရင်းဇယားတွေနဲ့ ဘောက်ချာတွေကို သူက ပြသပေးပေမယ့် ခနစ်တကျတော့ မဟုတ်ပါ။

သူတစ်ယောက်တည်းနဲ့ ဖြစ်သလို ပြီးစလွယ် ထင်တိုင်းကျဲနေတော့တာသာ ဖြစ်သည်။

လုပ်ငန်းကြီးကြီးတစ်ခု လုပ်နေပြီး စိတ်ချရမယ့် လူယုံတစ်ယောက် မွေးမထားတာ သူ့ရဲ့ ညံ့ဖျင်းမှုပါပဲ။

" 'အရှင်း' က ဒီဘက်ခြမ်းကိုတာဝန်ယူပေးတော့ ကျွန်တော်ဝပ်ရှော့ဘက်ကို ပိုဂရုစိုက်ပြီး လုပ်သွားလို့ရတာပေါ့ဗျာ… ဈေးနှုန်းတွေအကုန်လုံးကတော့ ဒီစာအုပ်ထဲမှာ ရှိပါတယ်… 'ဖိုးထူး' လည်း အကုန်သိတယ်…ဈေးဆစ်ရင်သာ 'အရှင်း' သဘော



www.burmeseclassic.com

www.burmeseclassic.com



အတိုင်းပဲ ကြည့်လုပ်ပေးလိုက်ပါ"

"ဩော် ကျွန်မရဲ့အလုပ်က စာရင်းဇယားတွေလည်း လုပ်ရအုံးမယ်... ငွေကိုင်လည်း လုပ်ရအုံးမယ်... ပြီးတော့ ဈေး ပါ၀င်ရောင်းပေးရအုံးမယ်ပေါ့လေ"

"မဟုတ်ပါဘူး... လိုအပ်မှပြောတာပါ... 'အရှင်း' မလုပ်ချင်ဘူးဆိုရင်လည်း 'ဖိုးထူး' နဲ့လွှဲထားလိုက်လည်း ရပါတယ်"

"ဟင်း ပေးထားတဲ့ လခနဲ့တန်အောင် လူကိုသေမတတ် ခိုင်းချင်နေတယ်"

"ဒီလိုသဘောမျိုး မဟုတ်ပါဘူး 'အရှင်း' ရာ... ကျွန်တော် စကားပြော မှားသွားတယ်ပဲ သဘောထားပါ... 'အရှင်း' ရဲ့သဘောအတိုင်းကြီးပါပဲ"

'အရှင်း' တို့နှစ်ယောက် စကားပြောနေတာကို 'မောင်ထူး' ကခပ်လှမ်းလှမ်းက ရပ်ကြည့်ပြီး တအံ့တဩနဲ့ ပြုံးစိစိဖြစ်နေလေသည်။

သူ ထွက်သွားတာနဲ့ 'အရှင်း' အနားသို့ 'မောင်ထူး' ရောက်လို့လာရ၏။

"အစ်မက 'ကိုကျော်ဇော' ကို သိပ်ပိုင်တာပဲနော်... အစ်မ ဘာပြောပြော 'ကိုကျော်ဇော' က လက်ခံလိုက်တာကြီးပဲ... အံ့





ဩဖို့ကောင်းတယ်"

"လက်မခံလို့ရမလား... တို့ပြောတာတွေက အမှန်တွေကြီးပဲ ဥစ္စာကို... တို့ဒီမှာ အလုပ်လာလုပ်တာ စာရင်းကိုင်နဲ့ကွန်ပျူတာ ... အခု ဘာကွန်ပျူတာမှလည်း မရှိဘူး... စာရင်းတွေ အပြင်ဝင်ငွေထွက်ငွေလည်းသိမ်းပေးရအုံးမယ်... ပြီးတော့ ဆိုင်ကပစ္စည်းတွေပါ ကူရောင်းပေးရအုံးမယ် ဆိုတာကတော့အလုပ် မဟုတ်ဘူးလေ"

"ဒါကတော့ အစ်မရယ်... မိသားစုစိတ်ဓာတ်နဲ့ ကူလုပ်စေချင်လို့ ပြောတာနဲ့တူပါတယ်... ကျွန်တော်ဆို အရောင်းဘက်ကို တာ၀န်ယူရတယ်ဆိုပေမယ့် ဝပ်ရှော့ဘက်မှာလည်း လူလိုတယ်ဆိုရင်လည်း ပြေးရတာပဲ... သန့်ရှင်းရေးတွေ ဘာတွေဆိုရင်လည်း လုပ်ပေးရတာပဲ... တွက်ကပ်နေလို့မှ မရတာ"

"တို့ကတော့ ကိုယ်နဲ့ဆိုင်တဲ့ လုပ်ငန်းပိုင်းကလွဲလို့ ကျန်တာ ဘာမှစိတ်မ၀င်စားဘူး... ခိုင်းရင်လည်း လုပ်မပေးဘူး... ပြတ် ပြတ်ပဲ"

'မောင်ထူး' က ဘာမှဆက်မပြောတော့ဘဲ လှည့်ထွက်သွားလေသည်။ 'အရှင်း' က ကိုယ်လုပ်ရမယ့်ကိစ္စတွေကို သေချာစီစစ်ရင်း သူ့နေ့စွဲအလိုက်စီကာ စာရင်းတွေ ပြန်စစ်ဆေး



www.burmeseclassic.com

www.burmeseclassic.com



နေလိုက်သည်။

ဘောက်ချာတွေကို သူ့ရက်နဲ့သူထပ်ပြီး ဝင်ငွေထွက်ငွေစာရင်းတွေကို စာအုပ်တစ်အုပ်စီ သီးသန့်ထား ထားလိုက်ပါသည်။ ပထမဆုံး ရက်ဖြစ်တာမို့ ရှေ့ဘက်က စာရင်းတွေပါပေါင်းပြီး 'အရှင်း' တစ်ယောက်တည်းနဲ့ ရှုပ်ယှက်ခတ်လို့ နေရပါသည်။

ထမင်းစားချိန်ကျော်သွားတာကိုတောင် ဗိုက်ဆာရမှန်းမသိတော့ပါ။ ဂျိုင့်ကြီးဆွဲကာ 'အရှင်း' ရဲ့ နံဘေးမှာ သူ လာပြီး ရပ်လိုက်မှပဲ အချိန်ကို သတိထားမိသွားရတော့သည်။

" 'အရှင်း' ဒီနေ့ ထမင်းဂျိုင့်ယူမလာဘူး မဟုတ်လား... ကျွန်တော့် ဂျိုင့်နဲ့စားလိုက်... မေမေက ကျွန်တော်တစ်ယောက်တည်းပေမယ့် အမြဲတမ်းလိုလို ပိုထည့်ပေးနေကျပါ"

"ရတယ်... ကျွန်မ ဗိုက်မဆာသေးဘူး"

"စားလိုက်ပါ... တော်ကြာ အစာလွန်သွားရင် မကောင်းဘူး ကျွန်တော့်ကို အားမနာပါနဲ့"

"ရတယ်... ကျွန်မ သူများကျွေးတာ မစားတတ်ဘူး... ဗိုက်ဆာမှ အပြင်ထွက်ပြီး တစ်ခုခုဝယ်စားလိုက်မယ်"

"အပြင်ထွက်ပြီး ဝယ်စားရအောင် 'အရှင်း' မှာ ကားမှ ပါမလာဘဲ"

"ကားမပါပေမယ့် ကျွန်မမှာ ခြေထောက်ပါတယ်လေ"

"ဆိုင်တွေက ဝေးလို့ပြောတာပါ 'အရှင်း' ရာ"

"ခက်တော့တာပဲ... ကျွန်မရဲ့ကိစ္စ ကျွန်မဖါသာ ဖြေရှင်းနိုင်ပါတယ်... ရှင် ဗိုက်ဆာရင် ရှင့်ဖါသာစားပါလား... ကျွန်မကို အားနာစရာမလိုဘူး"

မျက်နှာနီနီနဲ့ စိတ်မကောင်းဖြစ်သလို ထွက်သွားသော သူ့ပုံစံကြောင့် 'အရှင်း' ရဲ့ရင်ထဲ တစ်မျိုးကြီး ဖြစ်ကျန်နေခဲ့ရပါသည်။ ကျွန်မ ရှင်နဲ့သိပ်ပြီး မပတ်သက်ချင်ပါဘူး 'ကိုကျော်ဇော'။

ရှင့်ကြောင့် ကျွန်မရဲ့ ရင်ခုန်နှုန်းတွေ မမှန်ခဲ့တာကြာခဲ့ပြီပဲ။ ရှင်နဲ့တွေ့ဆုံပြီးကတည်းက ကျွန်မရဲ့ အိပ်မက်တွေထဲအထိကိုဝင်ပြီး လာ,လာ နှောင့်ယှက်တတ်တဲ့ ရှင့်ကို ကျွန်မ သိပ်မုန်းတယ်သိရဲ့လား။

အပြင်လက်တွေ့ဘဝမှာလည်း. ကျွန်မကို ရှင်လာပြီး မနှောင့်ပါနဲ့။

ကျွန်မ တစ်ယောက်တည်းပဲ ခပ်အေးအေးကလေး နေပါရစေ 'ကိုကျော်ဇော' ရယ်။







www.burmeseclassic.com

www.burmeseclassic.com



## ၁၃

ထိတ်လန့် ကြောက်ရွံ့စရာ၊ ရှိသေစရာ မရှိလှသော ဒီအလုပ်မှာ 'အရှင်း' လုပ်နေရတာ ပျော်စရာလဲကောင်းသလို အပျင်းလည်းပြေရလေသည်။

အလုပ်သွားဖို့ကို မပျင်းဘဲ အိမ်မှာနေရတာ 'အရှင်း'က ပြန်ပြီး ပျင်းသလိုပင် ဖြစ်လာရတော့သည်။ 'အရှင်း' ရဲ့ အလုပ်ပိတ်ရက်က စနေ၊ တနင်္ဂနွေ နှစ်ရက်ဖြစ်သည်။

ဒီနှစ်ရက်မှာ အချိန်တွေကို အကျိုးရှိစွာ ဘယ်လိုဖြုန်းတီးပစ်ရမလဲ ဆိုတာကို 'အရှင်း' မစဉ်းစားတတ်ခဲ့ပေ။





'အရှင်း' ကသာ အလုပ်ပိတ်ပေမယ့် သူ့အတွက်ကတော့ ပိတ်ရက်ဆိုတာ တစ်ရက်မှ မရှိခဲ့ပါ။ 'အရှင်း' မရှိရင် သူ တစ်ယောက်တည်းနဲ့ ဟိုဒီပြေးလွှားကာ ပင်ပမ်းနေမှာ အသေအချာပါပဲ။

သူ့အကြောင်းကို သတိရပြီး တစ်ယောက်တည်း ငိုင်တွေနေရတဲ့အဖြစ်ကို ရက်လာမိတာကြောင့် အပြင်ထွက်ဖို့ 'အရှင်း' က ဆုံးဖြတ်လိုက်မိပါသည်။

"တစ်ပတ်မှာ နှစ်ရက်ပဲ အိမ်မှာနေရတာ ဘယ်ကိုထွက်ခုံးမလို့လဲ 'အရှင်း' ရ... အနားယူစမ်းပါ ငါ့တူမရာ"

'လေးလေး' က သူနဲ့အတူ စကားတွေ ပြောစေချင်ပုံရသည်။ 'အရှင်း' ကတော့ မပြောချင်ပါ။ဘာလို့လဲဆိုတော့'လေးလေး' နဲ့စကားပြောဖြစ်တဲ့အခါတိုင်း 'အရှင်း' ရဲ့ အလုပ်အကြောင်းတွေပဲ အများဆုံးပြောဖြစ်တာမို့ သူ့အကြောင်းကအလိုလိုပါလာရသည်။

သူနဲ့ပတ်သက်တဲ့ အကြောင်းတွေကို တတ်နိုင်သရွေ့ 'အရှင်း' က မေ့ထားချင်ပါသည်။

"ဝယ်စရာလေးတွေရှိလို့ ရန်ကင်းစင်တာကိုပဲ ခဏလေးသွားမှာပါ... ဘာမှာစရာရှိသေးလဲ... 'အရှင်း' ဝယ်လာခဲ့ပေး



www.burmeseclassic.com

www.burmeseclassic.com



မယ်လေ"

"မရှိပါဘူး... ပြောစရာစကားပဲ ရှိတယ်"

"ဘာကိစ္စလဲ... ပြောပြလေ"

"ဩော်... ကနေ့ဒါက 'လေးလေး' ရဲ့ မိတ်ဆွေအလည် လာမယ်ဆိုတာကို ပြောပြမလို့ပါ"

" 'မာရီ' ဆိုတာလား"

"ဟုတ်တယ်"

'အရှင်း' ရဲ့ မျက်နှာပျက်သွားရသည်။ 'လေးလေး' ရဲ့ မျက်နှာလည်း ပုံမှန်မဟုတ်တော့ပါ။ မဝံ့ရဲသလို အားနာသလို ဖြစ်နေခဲ့ပါသည်။

"ဘယ်တော့လာမှာလဲဟင်"

"လိုတော့ လိုပါသေးတယ်... ရှေ့လကုန်လောက်မှလို့ ပြောတာပဲ"

" 'အရှင်း' ဘာလုပ်ပေးရမလဲ"

"ရပါတယ်... သမီးသိအောင် 'လေးလေး' က ကြိုပြောပြထားတာပါ"

'အရှင်း' ရင်ထဲ တစ်မျိုးကြီးဖြစ်လို့နေရသည်။

'လေးလေး' ကို ဆုံးရှုံးလိုက်ရမှာ ကြောက်သလိုလို နှ





မြောနေသလိုလိုပါပဲ။ 'လေးလေး' ရဲ့ ကိစ္စနဲ့ ပတ်သက်ပြီး 'အရှင်း' ဘက်က ဘာဆန္ဒမျိုး ဘာအကြံဉာဏ်မျိုးမှ ဝင်မပေးချင်ပါ။

'အရှင်း' ကြောင့် အခြေအနေတွေ တစ်ခုခု ပြောင်းလဲသွားမှာကို စိုးရိမ်နေမိပါသည်။

'လေးလေး' တစ်ယောက် ဘုဘဝနဲ့သူဖြစ်သွားလို့ 'အရှင်း' ကို မစောင့်ရှောက်နိုင်တော့တဲ့ အခါကျရင် တစ်ယောက်တည်းနဲ့ ရပ်တည်နိုင်ဖို့ 'အရှင်း' ကြိုးစားရပါအုံးမည်။

မပျော်ရွှင်တဲ့ အတွေးတွေဖြင့် ရန်ကင်းစင်တာသို့ 'အရှင်း' ရောက်လာခဲ့ရသည်။ လိုအပ်တာဝယ်မည်လို့ ပြောခဲ့ပေမယ့် ဘာဝယ်ရမှန်း ခုထက်ထိ မဆုံးဖြတ်ရသေးပါ။

စီးတီးမတ်ထဲ ဟိုကြည့်ဒီကြည့် လျှောက်ကြည့်နေဆဲခပ်လှမ်းလှမ်းက ကျောခိုင်းလျှောက်သွားနေသော စုံတွဲတစ်တွဲကို သတိပြုမိသွားရသည်။

'ကိုကျော်ဇော' နဲ့ တခြား အမျိုးသမီးတစ်ယောက်ပါ။ ရယ်ရယ်မောမော စကားတွေပြောရင်း နှစ်ယောက်သား ပစ္စည်းတွေကို လျှောက်ကြည့်နေကြလေသည်။

ထိုအမျိုးသမီးဝယ်တဲ့ ပစ္စည်းတွေကို သူက ခြင်းတောင်း



www.burmeseclassic.com

www.burmeseclassic.com



ထဲထည့်ကာ သယ်ပေးနေပါသည်။ မြင်လိုက်ရတဲ့မြင်ကွင်းက
'အရှင်း' အတွက် တကယ့်ကို မလှမပနဲ့ အကျည်းတန်စေပ
သည်။

'အရှင်း'ကတော့ သူတစ်ယောက်တည်း အလုပ်မှာပင်
ပမ်းနေတယ်အောင်းမေ့ပြီး စာနာသနားနေမိတာပါ။ ဒီကအပြ
အလုပ်ကိုသွားပြီး သူ့အခြေအနေကို တိတ်တဆိတ် အကဲခ
ကာသွားကြည့်မလို့ စိတ်ကူးနေခဲ့မိသေးသည်။

သူကတော့ သူ့အတွဲနဲ့သူ ဈေးဝယ်ထွက်ရင်း ပျော်မြူ
နေလိုက်တာ။ ချစ်တဲ့သူ ရှိနေရင်လည်း ဘာဖြစ်လို့ 'အရှင်း'
နဲ့တွေ့တဲ့အခါတိုင်း သူ့မျက်လုံးတွေက ညှို့ငင်ဖမ်းစားသလို
ဝေနေခဲ့သလဲ။

သိက္ခာရှိရှိကလေးနဲ့ ခပ်တည်တည်ပဲ နေပါတော့လား

'အရှင်း'နဲ့ တွေ့ရတဲ့အခါတိုင်းမှာတော့ ဘေးလူတွေပ
ရိပ်မိလောက်အောင် ပျာယာခတ်ပြီး 'အရှင်း' ရဲ့စိတ်သ
ဘောအတိုင်း လိုက်အကြိုက်ဆောင်ပေးနေတာ တမင်သ
သက် 'အရှင်း'ကို လှည့်ဖျားပြီး ကလိန်ကျနေခဲ့တာပေါ့။

ကြောက်စရာကောင်းပြီး ရက်စက်တတ်တဲ့ သူပါပဲ။

'အရှင်း'ကတော့ လူတွေရှေ့မှာ ဘာမှမဖြစ်သလို ပုံစံ





ဟန်ဆောင်တင်းမာနေပြခဲ့ပေမယ့် 'အရှင်း' ရဲ့ ရင်ထဲမှာ သူ
ပေးတဲ့ နူးညံ့ကြင်နာမှုတွေကို မက်မောသာယာ နေခဲ့မိတာ
မဟုတ်လား။

အလုပ်ကိုတင်မက သူ့ကိုပါ သံယောဇဉ် တွယ်နေမိပြီဆို
တာ ကိုယ့်ကိုကိုယ် အသိဆုံးပါ။ ခုတော့ဒါတွေဟာ အလကား
ဖြစ်ကုန်ရပြီလား။

အချိန်တိုတိုကလေးအတွင်း ယောကျ်ားတစ်ယောက်
ရဲ့အပြောအဆို အပြုအမူတွေကို သာယာယုံကြည်သွားခဲ့တာ
'အရှင်း' ရဲ့ အမှားသာဖြစ်တော့သည်။

ဖျတ်ကနဲ ဝဲတက်လာတဲ့ မျက်ရည်စတွေကို ထိန်းချုပ်
ရင်း သူတို့နဲ့ဝေးရာဆီ 'အရှင်း'ထွက်ခဲ့လိုက်မိပါတော့သည်။
အိမ်ပြန်ရောက်တော့ အခန်းထဲအောင်းကာ ဘယ်သူနဲ့မှ မျက်
နှာချင်းမဆိုင်ဘဲ နေနေမိသည်။

ဖုန်းလာသံကြားပေမယ့်လည်း မကိုင်ဖြစ်။ 'လေးလေး'
ဆီလာတဲ့ ဖုန်းလို့ပဲ ထင်နေမိသည်။ 'မိညို'လာပြောမှပဲ 'အ
ရှင်း'ကဖုန်းကို ကိုင်လိုက်မိသည်။

" 'အရှင်း' လား... ကျွန်တော်ပါ"

လို့ ပြောလိုက်တဲ့ သူ့အသံကို ကြားမှပဲ 'အရှင်း'တုန်



www.burmeseclassic.com

www.burmeseclassic.com



လှုပ်သွားရတော့သည်။ သူနဲ့ပတ်သက်ပြီး စိတ်ထိခိုက်ဝမ်းနည်းနေရတဲ့အချိန်မှာ တိုက်တိုက်ဆိုင်ဆိုင် သူနဲ့ဖုန်းပြောရသည်ဆိုတော့ 'အရှင်း' ရဲ့ ကုသိုလ်ကံက ဘယ်လိုများပါလဲ။

ပုံမှန်လေသံနဲ့ စကားပြန်ပြောနိုင်ဖို့ကို မနည်းကြိုးစားပြီး အားယူနေရလေသည်။

"ဘာကိစ္စရှိလို့လဲ မသိဘူး"

"ဟိုဟာ သောက်ချာတစ်ရွက် 'အရှင်း' ဆီ ပါသွားလားလို့မေးကြည့်တာပါ"

"ဘာသောက်ချာလဲ... ရှိသမျှ သောက်ချာတွေအကုန်လုံးကို ဖိုင်အစိမ်းကြီးထဲမှာ ကျွန်မ ကလစ်နဲ့ညှပ်ပြီး သေချာတွဲပေးထားတယ်လေ... အဲ့ဒီမှာပဲ ရှိမှာပါ"

"ဪ ဟုတ်လိမ့်မယ်... ကျွန်တော် သေချာမရှာမိလို့ဖြစ်ပါလိမ့်မယ်"

'အရှင်း' စိတ်ပင်ပန်းစွာဖြင့် သက်ပြင်းချလိုက်မိသည်။

"'အရှင်း' နေကောင်းရဲ့လား... အသံက တစ်မျိုးဖြစ်နေလို့"

"ကောင်းပါတယ်... ကျွန်မ အိပ်နေလို့ပါ"

"ကျွန်တော်တောင် စောစောလေးကတင် 'အရှင်း' တို့





အိမ်နားရောက်သေးတယ်... ရန်ကင်းစင်တာ လာတာလေ... ဝင်လည်မလို့ဘဲ... အနှောင့်အယှက် ဖြစ်မှာကြောက်လို့"

"အနှောင့်အယှက်ဆိုတာ ရှင့်အတွက်လား... ကျွန်မအတွက်လား"

"ခင်ဗျာ"

လောကြီးစွာ ပြောလိုက်မိသော စကားတစ်ခွန်းအတွက် 'အရှင်း' နောင်တ ရသွားရသည်။ သူ့ရဲ့ကိုယ်ရေးကိုယ်တာကို 'အရှင်း' အနေနဲ့ ဝင်ရောက်စွက်ဖက်ပြီး ပြောဆိုပိုင်ခွင့် မရှိပါ။

သူလည်း သူ့လွတ်လပ်ခွင့်နဲ့ သူပဲ မဟုတ်လား။

"ဪ ကျွန်မ စကားမှားသွားတယ်... ဘာမှ မဟုတ်ပါဘူး ရှင် ဘာပြောစရာ ရှိသေးလဲ မသိဘူး"

"မရှိတော့ပါဘူး 'အရှင်း'"

"ဒါဆို ကျွန်မ ဖုန်းချလိုက်တော့မယ်နော်"

ဖုန်းချပြီးတာနဲ့ 'အရှင်း' ပါးပေါ် မျက်ရည်များ စီးကျလာတော့သည်။ ဇွဲလန်းမိတာ ကျွန်မရဲ့ အမှားပါးပဲ 'ကိုကျော်ဇော' ရယ်။ ကျွန်မရဲ့စိတ်တွေကို ကျွန်မ ဘယ်လိုနည်းနဲ့ ပုံမှန်ပြန်ဖြစ်အောင် ကြိုးစားရပါတော့မလဲ။



www.burmeseclassic.com

www.burmeseclassic.com



## ၁၄

ပုံမှန်အတိုင်းအလုပ်သို့ လာနေရပေမယ့် ခါတိုင်းလို 'အရှင်း' ရဲ့မျက်နှာက လန်းဆန်းမနေပါ။ ရွှင်ပျပျမရှိလှဘဲ မှုန်မှိုင်းမှိုင်းဖြစ်၍သာနေသည်။

"အစ်မ နေမကောင်းဘူးလား... အစ်မကို ကြည့်ရတာ တစ်မျိုးဖြစ်နေတယ်"

"ကောင်းပါတယ် 'မောင်ထူး' ရယ်... ဘာမှ မဖြစ်ပါဘူး"

"အစ်မ မရှိတော့ အစ်ကိုက တစ်ချိန်လုံးအစ်မအကြောင်းကိုပြောနေတာဗျ... 'ကိုဝဏ္ဏ' တို့ကတောင် နားငြီးလို့တားယူရ





တယ်"

"မဟုတ်တာတွေ ပြောတော့မယ်"

"ဩော် ကျွန်တော် တကယ်ပြောတာ... 'ကိုဝဏ္ဏ' က အစ်မ မရှိတာနဲ့ မင်းမျက်နှာက မှိုင်တွေပြီးကြည့်ရတာ ကျက်သရေမရှိဘူးလို့ ပြောလို့ အစ်ကိုက... ဟုတ်တယ်ကွာ ဘာဖြစ်သလဲပြောလို့ ရယ်ကြရသေးတယ်"

"ဟင် ဒါမျိုး သူ ပြောစရာလား... နေအုံး လာမှကောင်းကောင်းပြောပစ်မယ်"

"ဟာ ကျွန်တော်ကြောင့် ဖြစ်နေပါ့မယ် အစ်မရာ... အဲ့ဒီလိုတော့ မလုပ်ပါနဲ့... ကျွန်တော်ကို အစ်ကို ဆူလိမ့်မယ်..ဘာမှမပြောနဲ့နော်"

'မောင်ထူး' မျက်နှာက ငိုတော့မလို ဖြစ်သွားတာကြောင့် အရှင်း' ခေါင်းညိတ်ပြလိုက်ရသည်။ စိတ်ထဲမှာတော့ သူ့ကိုကျေမနပ်ဖြစ်နေမိပါသည်။

ကိုယ့်မှာလည်း ရည်းစားငတ်တုတ် ရှိနေရဲ့နဲ့များ သူဒီလိုမျိုးပြီးစလွယ် ပြောလိုက်စရာလား။ 'အရှင်း' ရဲ့ သိက္ခာကိုငဲ့ညှာပေးဖို့တော့ကောင်းပါသည်။

ပြီးတော့ လူတွေရှေ့မှာ 'အရှင်း' အပေါ် ဟန်ဆောင်ပန်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်လုပ်ပေးနေတဲ့ သူ့အပြုအမူတွေအတွက်လည်း တားမြစ်ရမည်။

အကြင်နာအတုတွေကို 'အရှင်း' မလိုချင်ပါဘူး။

"ငါးလပြည့်ရင် ငါ ဒီအလုပ်က ထွက်တော့မှာ 'မောင်ထူး' ရဲ့"

'မောင်ထူး' က တအံ့တသြ ဖြစ်သွားသည်။

"အစ်မကလည်း ရောက်တာဖြင့် တစ်လကျော်ကျော်ပဲ ရှိသေးတဲ့ဟာကို... ထွက်တဲ့စကား မပြောပါနဲ့... ဒီမှာ ဘာအဆင်မပြေလို့လဲ... အစ်မ စိတ်တိုင်းကျ လုပ်လို့ကိုင်လို့ရနေတာပဲမဟုတ်ဘူးလား... အစ်မ ရှိလို့အစ်ကိုကော ကျွန်တော်ပါပျော်နေကြတာပါ"

"ဟင့်အင်း... မလုပ်ချင်တော့ဘူး... ဒါပေမယ့် မပူပါနဲ့... ငါမရှိရင် ဒီနေရာမှာ နောက်တစ်ယောက် အစားရောက်လာမှာပါ... မင်းတို့ဆရာရဲ့ မိန်းမတို့ဘာတို့ ဖြစ်ရင်ဖြစ်မှာပေါ့"

"မဖြစ်နိုင်တာ... ဟင်း ဟင်း"

"ဘာလို့ မဖြစ်နိုင်ရမှာလဲ... ရယ်မနေနဲ့... အတည်ပြောနေတာ"

"အစ်မ ပြောတာတစ်လွဲကြီး ဖြစ်နေတာကို... အစ်မ





စိတ်မဆိုးနဲ့နော်... ကျွန်တော် ပြောပြမယ်... အစ်ကိုက အစ်မကိုကြိုက်နေတာ"

'မောင်ထူး' က သူ့စိတ်ထင်ရာကို ပြောပြီး ဆိုင်ရှေ့သို့ ပြုံးဖြဲဖြဲနဲ့ ပြေးထွက်သွားလေသည်။ 'အရှင်း' မှာသာ မဖြစ်နိုင်တာလို့တွေးမိပြီး မျက်နှာရှုံ့ရှုံ့နဲ့ ကျန်နေခဲ့ရ၏။

ဒီအချိန်မှာပဲ သူ့အသံကို ကြားလိုက်ရလေသည်။

"'မောင်ထူး' ပန်းကန် နဲ့ သွားထည့်ကွာ... ပြီးရင် စားပွဲဆီယူလာခဲ့"

ပလပ်စတစ်အိတ်တစ်အိတ်ကို 'မောင်ထူး' လက်ထဲထည့်လိုက်တာပဲ တွေ့သည်။ သူ ဘာတွေ ဝယ်လာပြန်တာလည်း မသိ။ နေ့စဉ်နေ့တိုင်း စားစရာတစ်ခုမဟုတ် တစ်ခု ဝယ်ဝယ်လာနေတာ သူ့ရဲ့ ဝတ္တရားတစ်ခုလို ဖြစ်နေပါပြီ။

အစ ပထမပိုင်းတော့ 'အရှင်း' ကအားနာပြီး ငြင်းသေးပေမယ့် နောက်ကြာလာတဲ့အခါမှာတော့ မငြင်းဖြစ်တော့ချေ။

သူ့မျက်နှာက တွေ့နေကျ ပုံစံအတိုင်း ရှင်းသန့်ကြည်စင်ကာနေ၏။ သဘောကောင်း ဖော်ရွေသော အပြုံးကိုတော့ 'အရှင်း' နဲ့တွေ့တဲ့အခါတိုင်း သူ့မျက်နှာမှာတပ်ဆင်ထားတတ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ပုံစံက 'အရှင်း' ဘာပဲလုပ်လုပ် ခွင့်လွှတ်ကြည်ဖြူမယ် ဆိုတဲ့ သဘောအတိုင်းပင် ဖြစ်၏။

"ကျွန်တော် ဒီနေ့ရောက်တာ နောက်ကျသွားတယ်... မေမေ့ကို မနက် ဘုရားလိုက်ပို့ပေးနေရလို့လေ... ဘုရားက အပြန် ဈေးဝင်ပြီး 'အရှင်း' စားဖို့ ဒူရင်းသီးဝယ်လာခဲ့ပေးတာ... ယိုးဒယားသီးလို့ပြောတာပဲ... ချိုမချိုတော့ မသိဘူး... မွှေး တော့ မွှေးနေတာပဲ"

"ကျွန်မ ဒူရင်းသီး မကြိုက်ဘူး 'ကိုကျော်ဇော'"

"ဗျာ ဟိုတစ်နေ့ကပြောတော့ အသီးအနံ့တွေထဲမှာ 'အရှင်း' အကြိုက်ဆုံးက ဒူရင်းသီးဆို"

'အရှင်း' ပြောခဲ့ပါသည်။ 'မောင်ထူး' တို့နဲ့ စကားစပ်ရင်း ဘာရယ်မဟုတ် ပြောမိတာကို သူကြားကာ တကူးတက ဝယ်လာပေးပုံရသည်။

"ဟင့်အင်း မပြောမိပါဘူး... ကျွန်မ ဒူရင်းသီးအနံ့တောင် မခံနိုင်ဘူး"

"ဩော်..."

အဖြေရှာသောမျက်လုံးတွေဖြင့် သူ ကြည့်နေသဖြင့် 'အရှင်း' ခေါင်းငုံ့ပြီး စာရင်းဖိုင်ကိုဖွင့်ကာ လျှောက်ကြည့်နေ





လိုက်ပါသည်။ သူ ဝယ်လာသော ဒူရင်းသီးကို 'မောင်ထူး' လာ ချပေးတော့...

"မင်းတို့တွေပဲ စားလိုက်တော့ကွာ... သွား သွား ဟိုက ကောင်တွေပါ ကျွေးလိုက်"

"အစ်မ ကရော"

"ဟင့်အင်း မစားချင်ဘူး"

ခေါင်းကိုကုတ်ကာ အူကြောင်ကြောင်ပုံစံဖြင့် 'မောင်ထူး' ထွက်သွားခဲ့ပါသည်။ သူ စေတနာဖြင့် ဝယ်လာသောအရာကို 'အရှင်း' က မစားသဖြင့် သူ့ မျက်နှာက မကောင်းပါ။

နေ့ခင်းထမင်းစားချိန်ကျတော့ သူ ကားဖြင့် အပြင်ထွက် သွားတာကို တွေ့လိုက်ရပါသည်။ သူ ဒီနေ့အိမ်ကနေ ထမင်း ချိုင့်ယူမလာဘူးနဲ့တူသည်။

ခါတိုင်းရက်တွေတုန်းကတော့ သူ ထမင်းချိုင့်မပါ တဲ့အခါကျရင် 'အရှင်း' ကပဲ ခေါ်ကျွေးလိုက်ပါသည်။

'အရှင်း' က ထမင်းချိုင့်ထည့်တဲ့အခါ 'မောင်ထူး' တို့ကို ပါ ကျွေးလိုက်ချင်တာကြောင့် စေတနာပိုစွာဖြင့် အမြဲတမ်းလိုလို သုံးလေးယောက်စာ ထည့်ယူလာနေကျဖြစ်သည်။

သူကလည်း အားမနာဘဲ ဝင်စားနေကျပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့တော့ 'အရှင်း' ဘက်က ခါတိုင်းလို လှိုက်လှိုက်လှဲလှဲ မဆက်ဆံတဲ့အတွက် တမင်ပဲ သူ့ဖါသာ အပြင်ထွက်စားလိုက်တာပဲ ဖြစ်ရပါမည်။

'အရှင်း' တွေးထင်သလို တကယ်တမ်းတော့ မဟုတ်ခဲ့ချေ။

မကြာခင်အချိန်မှာပဲ အထုပ်တစ်ထုပ်ဆွဲကာ သူပြန်ရောက်ချလာလေသည်။ နောက်လက်တစ်ဘက်မှာ သူ့ထမင်းချိုင့်ကို ဆွဲလျက်သားပါ။

ဒါဆို တမင်သက်သက် အပြင်ထွက်ပြီး တစ်ခုခုကို ထွက်ဝယ်လိုက်တာပေါ့။ 'မောင်ထူး' က ခါတိုင်းလိုပဲ 'အရှင်း' တို့နှစ်ယောက်အတွက် ချိုင့်တွေဖွင့်ပြီး ထမင်းစားဖို့ကို ပြင်ဆင်ပေးနေလေသည်။

'အရှင်း' ရဲ့ ဟိုဘက်မှာ သံခေါက်စားပွဲလေးခင်းပြီး ထမင်းစားကြခြင်း ဖြစ်ပါသည်။

" 'အရှင်း' စားမယ်လေ… ဘဲကင်တောင် ကျွန်တော်သွားဝယ်လိုက်သေးတယ်… 'အရှင်း' ကြိုက်တယ်လို့ပြောတဲ့ဆိုင်ကပဲ"

'အရှင်း' ရင်မောစွာဖြင့် သက်ပြင်းချဖြစ်သွားရသည်။





သူ ဘာတွေလုပ်နေတာလဲ။

'အရှင်း' ကို ဘာကြောင့် ဒီလောက် ဂရုစိုက်နေရတာလဲ။

"ကျွန်မ ဗိုက်မဆာသေးဘူး 'ကိုကျော်ဇော' … ရှင်ဆာရင်စားနှင့်လိုက်ပါ"

သူက 'အရှင်း' အား မျက်မှောင်ကုပ်ပြီး စိုက်ကြည့်လာသည်။

"ခါတိုင်းလည်း ဒီအချိန်ပဲ စားနေကျလေ… ဘာဖြစ်လို့လဲ နေမကောင်းဘူးလား"

"ကောင်းပါတယ်… ရင်ပြည့်သလို ဖြစ်နေလို့ပါ"

"ဒါဆိုလည်း ကျွန်တော် နောက်မှပဲ 'အရှင်း' နဲ့အတူတူစားလိုက်တော့မယ်… ထမင်းဝိုင်းကို သိမ်းခိုင်းလိုက်တော့မယ်"

"ဟာ 'ကိုကျော်ဇော' စားနှင့်ပါ… ကျွန်မကို မစောင့်ပါနဲ့"

"ရပါတယ်… ကျွန်တော် ဝပ်ရှော့ဘက်သွားလိုက်အုံးမယ်… 'အရှင်း' စားတော့မယ်ဆိုမှ ကျွန်တော့်ကို 'မောင်ထူး' နဲ့ခေါ်ခိုင်းလိုက်ပေါ့"

ဖြုန်းကနဲဆို သူ ထထွက်သွားသဖြင့် 'အရှင်း' ဘာမှ မပြောလိုက်ရတော့ချေ။ သူ ပြောချင်ရာပြောပြီး ထထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



တဲ့အချိုးကို 'အရှင်း' ရင်ထဲ တင်းသလိုဖြစ်သွားရပါသည်။

သူ 'အရှင်း' ကို ဒီလိုမျိုး ဆက်ဆံစရာလား။ သူ့လုပ်ရပ်တွေမှားယွင်းနေလို့ 'အရှင်း' ဘက်က ဆက်ဆံရေးတွေကို ပြောင်းလွှဲပစ်ခဲ့ရတာပဲ မဟုတ်ဘူးလား။

သူနဲ့ပတ်သက်ရင် 'အရှင်း' မှာ ဘာအမှားမှ မရှိခဲ့ပါ။

ပြင်ထားတဲ့ ထမင်းဝိုင်းကို သိမ်းဖို့ပြင်နေသော 'မောင်ထူး' ကို တားလိုက်မိသည်။

"ငါစားမယ် 'မောင်ထူး'... မသိမ်းနဲ့တော့"

"ဟင် ဒါဆို အစ်ကို့ကို ကျွန်တော် သွားခေါ်လိုက်မယ်"

"မခေါ်နဲ့ မခေါ်နဲ့... တမင် တစ်ယောက်တည်းပဲ စားချင်လို့ သူ့ကို မဆာသေးဘူးလို့ ပြောလိုက်တာ"

"အစ်မက အစ်ကို့ကို စိတ်ဆိုးနေတယ်နဲ့တူတယ်"

"မဆိုးပါဘူး... သူနဲ့ မပတ်သက်ချင်တာပဲ ရှိတယ်"

"အစ်ကိုက သဘောကောင်းပါတယ်ဗျာ... အစ်မ ကိုဆိုပိုပြီးတော့တောင် သဘောကောင်းသေးတာ"

"တော်ပါတော့ 'မောင်ထူး' ရယ်... ငါ ထမင်းမြိန်မကျအောင်မလုပ်စမ်းပါနဲ့"

အလုပ်က ပြန်လာတဲ့အချိန်ထိ 'အရှင်း' နဲ့သူ စကားမ





ပြောဖြစ်ကြတော့ပါ။ သူ ဒီနေ့ နေ့လည်စာမစားဘူးဆိုတာကို 'အရှင်း' သိပါသည်။

သူ့ကိုမစောင့်ဘဲ 'အရှင်း' ထမင်းစားလိုက်တယ်ဆိုတာကို နောက်တစ်ခေါက် သူ ပြန်ရောက်လာတဲ့အခါကျတော့ 'မောင်ထူး' ပြောပြ၍ သိသွားပါသည်။

နားမလည်သောအကြည့်၊ ထိခိုက်နာကျင်သောအကြည့်တွေဖြင့် သူ ကြည့်နေတာကို သိပေမယ့် 'အရှင်း' မသိချင်ဟန်ဆောင်လိုက်ပါသည်။

'အရှင်း' မပြန်ခင် သူကစောပြီး အရင်ပြန်နှင့်တာကို တွေ့လိုက်ရပါသည်။

"အစ်မ စကားမပြောလို့နဲ့တူတယ်... အစ်ကို မျက်နှာက သိပ်မကြည်လင်ဘူး... ကျွန်တော်တို့ကို အလုပ်ရုံနဲ့ဆိုင် သေချာပိတ်ဖို့မှာပြီး အစ်ကိုက ပြန်သွားပြီ"

"ငါနဲ့မဆိုင်ပါဘူးဟယ်... သူ့ဖါသာ အရေးကြီးတဲ့ကိစ္စရှိလို့နေမှာပါ... နင်တို့ကလည်း ခက်ပါယ်...သူ့ပုံစံတစ်ခုခုဖြစ်တာနဲ့ ငါနဲ့ပဲ ဆိုင်သလိုလို အပြစ်လာတင်ချင်နေတယ်"

မပြောလည်တဲ့ အခြေအနေကို ပြန်တွေးမိတိုင်း 'အရှင်း' ရင်ထဲမှာလည်း နွမ်းလျပြီး စိတ်မကောင်းဖြစ်နေမိပါသည်။ ဒါ



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့်လည်း ဘာတတ်နိုင်မှာကျလို့။

အခြေအနေတွေကိုက ဒီအတိုင်းပဲ ဖြစ်လာခဲ့တာပဲ။ 'အရှင်း' ကားကို ဂရုတစိုက်မောင်းလာရင်း ဘုရင့်နောင်လမ်းမကြီးရဲ့ဘေးမှာ ရပ်ထားသော သူ့ကားကို သတိထားမိသွားရလေသည်။

ဖျတ်ကနဲ လှည့်ကြည့်လိုက်တော့ ကားပေါ်မှာ သူ တစ်ယောက်တည်း ထိုင်နေလေသည်။ 'အရှင်း' ရဲ့ကားနောက်ကို သူ့ရဲ့ကားလိုက်လာတယ်ဆိုတာ သိလိုက်တာကြောင့် အရှိန်ကိုလျှော့ရင်း လူရှင်းတဲ့ လမ်းဘေးတစ်နေရာမှာ ကားကိုရပ်လိုက်မိသွားရသည်။

'အရှင်း' ရပ်မပေးဘဲ ဆက်သွားနေရင် သူ့ပုံစံက အိမ်အထိလိုက်ချလာမယ့် အတိုင်းပါ။ မတော်တဆ 'လေးလေး' နဲ့ဆုံသွားလို့တောင် မဖြစ်ပါ။

'လေးလေး' ရဲ့ စူးစူးစမ်းစမ်း မေးလာမယ့်မေးခွန်းတွေကို 'အရှင်း' ကမဖြေရှင်းချင်ပါ။

ဘာမှမဟုတ်ဘဲနဲ့တောင်မှ သူနဲ့ ပတ်သက်ပြီး 'လေးလေး' ဘက်က သွေးတိုးစမ်း စကားတွေနဲ့ 'အရှင်း' အားစသလိုလို ခနဲ့နေကြမဟုတ်လား။





'အရှင်း' ကားပေါ်ကဆင်းကာ သူ့ကို စောင့်ကြိုနေလိုက်ပါသည်။ 'အရှင်း' ဆီ လျှောက်လာတဲ့ သူ့မျက်နှာက ရွှင်လန်းမှုရှိမနေပါ။

"ကျွန်မနောက်လိုက်ပြီး ဘာပြောစရာရှိလို့လဲ 'ကိုကျော်ဇော' "

"မေးစရာတွေရှိလို့ တမင် 'အရှင်း' ကိုစောင့်နေခဲ့တာ"

"မေးစရာရှိရင် အလုပ်မှာ တွေ့တုန်းက မေးလိုက်လည်းရတဲ့ဥစ္စာပဲ... တကူးတကကြီး စောင့်နေစရာ မလိုပါဘူး"

" 'အရှင်း' ပုံစံက ကျွန်တော်နဲ့ ဆက်ဆံတဲ့အခါမှာ ခါတိုင်းနဲ့မတူဘူး... တစ်မျိုးဖြစ်နေတယ်... 'အရှင်း' ကျွန်တော့်ကို စိတ်ဆိုးနေပုံရတယ်... ဘာလဲဆိုတာ ကျွန်တော့်ကို ပြောပြပါလား"

"ဟင့်အင်း ရှင်စိတ်ထင်လို့ ဖြစ်မှာပါ... ကျွန်မ ဘာမှမဖြစ်ဘူး"

"မညာပါနဲ့ 'အရှင်း' ရယ်... ကျွန်တော် သိတာပေါ့... ကျွန်တော်နဲ့ပတ်သက်ပြီး 'အရှင်း' တစ်ခုခုဖြစ်နေတယ်ဆိုတာ သေချာတယ်"

သူ့စကားသံတွေက တကယ့်ကို တိတိကျကျကြီး စွဲစွဲ



www.burmeseclassic.com

www.burmeseclassic.com



နေပါသည်။ 'အရှင်း' ဘာပဲဖြစ်ဖြစ် သူနဲ့ဘာဆိုင်တာမှတ်လို့။

'အရှင်း' နဲ့ သူနဲ့ကြားမှာ တစ်ယောက်နဲ့တစ်ယောက် အလုပ်သဘောအရ ပတ်သက်ဆက်ဆံကြဖို့က လိုရင်းမဟုတ်လား။

"ကျွန်မ ဘာပဲဖြစ်ဖြစ် ရှင် ဂရုတစိုက်နဲ့ မေးငေ့ ခရာလိုလို့လား 'ကိုကျော်ဇော'... ရှင် လုပ်နေတာနဲ့ ဘေးလူတွေကရှင်နဲ့ကျွန်မကို တစ်မျိုးမြင်နေလိမ့်မယ်"

"ကျွန်တော် ဘေးလူတွေကို ဂရုမစိုက်ဘူး 'အရှင်း'... ကျွန်တော် ဂရုစိုက်တာ 'အရှင်း' တစ်ယောက်တည်းကိုပဲ... 'အရှင်း' မျက်နှာကို ကျွန်တော်က အမြဲတမ်း အရိပ်လိုကြည့်နေတဲ့သူပါ... 'အရှင်း' နဲ့ ပြေပြေလည်လည် ဖြစ်နေတဲ့ အခြေအနေမျိုးကိုပဲ ကျွန်တော်ကလိုချင်တာ"

"ရှင် ဆက်မပြောနဲ့တော့...ရှင့်စကားတွေက သိပ်ကိုဘောင်ကျော်နေပြီ... လွန်လည်း သိပ်ကိုလွန်လာပြီ"

'အရှင်း' ရဲ့လေသံက တုန်ခါပြီး ငိုချင်သလို ဖြစ်လာရလေသည်။

သူ့ပုံစံက လျှော့မယ်ပုံမရှိဘဲ ရင်ထဲရှိတဲ့အတိုင်း ပြောချင်ရာကို ပြောချတော့မယ့်အတိုင်းပါပဲ။





"ကျွန်တော် ဘာလွန်သလဲ... ကျွန်တော် ပြောတဲ့စကားမှာ ဘာတွေများ အမှားပါနေသလဲ"

"မှားနေတယ် မှားနေတယ်... ရှင် ဂရုစိုက်သင့်တာကျွန်မ ကိုမဟုတ်ဘူး... ရှင့်ချစ်သူကို ရှင် ဂရုစိုက်ရမှာ...သူ့မျက်နှာကို ရှင် ဝ သသနဲ့ စိုက်ကြည့်နေရမှာရှင့်နားလည်ရဲ့လား... သစ္စာရှိစမ်းပါ... သိက္ခာရှိရှိ တည်တည်တံ့တံ့ ယောကျ်ားမျိုးဖြစ်အောင် ကြိုးစားစမ်းပါ 'ကိုကျော်ဇော' ရယ်"

"ဘာတွေ ပြောနေတာလဲ... 'အရှင်း' ပြောတဲ့ အဓိပ္ပါယ်ကို ကျွန်တော် နားမလည်ဘူး... တစ်လွဲကြီးတွေ ဖြစ်နေတယ်"

"ဟင်း ရှင်ကတော့ ဒီလောက်ပြောနေတာတောင်မှ သဘောမပေါက်နိုင်သေးဘူး... ဒီမှာ 'ကိုကျော်ဇော'... ရှင်နဲ့ရှင့်ရည်းစားနဲ့ အတူတွဲပြီး ဈေးဝယ်နေတာကို ကျွန်မ မျက်စိနဲ့သေချာမြင်တွေ့ပြီးသွားပြီ... ရှင့်အလုပ်က ကျွန်မနဲ့ ရှင့်ရည်းစားနဲ့မိတ်ဆက်ပေးဖို့ပဲ ကြိုးစား ဒါပဲ"

သူ ပြောလာမယ့်စကားတွေကို ဆက်နားမထောင်တော့ဘဲ ကားပေါ်တက်ပြီး 'အရှင်း' မြန်မြန်ပဲ မောင်းထွက်လာခဲ့လိုက်ပါသည်။တွေဝေစွာရပ်ကြည့်ပြီး ကျန်နေခဲ့တဲ့ သူ့ပုံစံကဘာအပြစ်မှမရှိတဲ့အတိုင်းပါပဲ။



www.burmeseclassic.com

၁၅

သူနဲ့ 'ဝဏ္ဏ' ဘီယာစတေရှင် တစ်ခုသို့ ရောက်နေကြပါသည်။ သူ့ဘက်က စကားမပြောမချင်း 'ဝဏ္ဏ' ကငြိမ်ငြိမ်သက်သက်ပင် ရှိနေလေသည်။

သူ့ပုံစံ အခြေအနေကိုကြည့်ပြီး သူ ပြောလာမယ့်စကားတွေကိုသာ စောင့်နားထောင်နေပုံရသည်။ ရင်ထဲမှာ 'အရှင်း'နဲ့ ပတ်သက်ပြီး မတင်မကျနဲ့ စိတ်ရှုပ်ရလွန်းတာကြောင့် ဘယ်က ဘယ်လိုစပြီး ရင်ဖွင့်ရမှန်း မသိတော့အောင်ပါ။

"ဟော့ကောင် ဘီယာတွေပဲ စွတ်မော့မနေနဲ့... အပြန်ကျ





မင်း ကားမောင်းရအုံးမှာ...ပြောစရာရှိတာပြောတော်ကြာမပြောရဘဲ မှောက်နေမယ်"

"ဒီလောက်ကလေးများ ငါက မှောက်စရာလားကွ... ဝီစကီမှမဟုတ်ဘဲ"

"ထားပါတော့ကွာ... အခု မင်းငါ့ကို ခေါ်လာတာ ပြောစရာရှိလို့ဆို... ပြောလေကွာ မင်းပြောတာကို စောင့်နေတာ ကြာလှပြီ"

"အေး ပြောဖို့ချိန်နေတာ... ဘယ်က စပြောရမှန်း မသိသေးလို့"

"မင်းမှာ ပြောစရာရှိတယ်ဆိုတာ 'ရှင်းသန့်ဖြူ' အကြောင်းပဲ မဟုတ်လား... တခြား ဘာအကြောင်းမှ မှ မရှိတဲ့ဘာ"

"ဟုတ်တယ်... 'အရှင်း' က ငါ့ကိုပေါ်တင်ကြီး ခွာနေတယ်ကွာ... နေရင်းထိုင်ရင်းနဲ့ ဘာဖြစ်မှန်း မသိပါဘူးပြောတာတွေလည်း စုံနေတာပဲ... ငါမှာ ရည်းစားရှိတယ်တဲ့... အဲ့ဒီရည်းစားနဲ့ သူနဲ့ မိတ်ဆက်ပေးရမယ်တဲ့ကွာ... ဘာတွေမှန်းကို မသိဘူး"

"မင်းက ဘယ်တုန်းက ရည်းစားရသွားရတာတုန်း... ငါ

www.burmeseclassic.com



တောင် မသိလိုက်ရပါလား"

"ဟာ ဘယ်က ရှိရမှာလဲ... ငါ့ရင်ထဲမှာ သူတစ်ယောက်တည်းပဲရှိတယ်ဆိုတာ မင်းလည်းသိသားနဲ့... ဘာတွေစိတ်ကူးပေါက်ပြီး စွပ်စွဲနေမှန်း မသိပါဘူး"

"ဘယ်က ဘယ်လိုစဖြစ်ကြတာလဲ"

"ငါလည်း မသိဘူး... ဒီမနက် အလုပ်စလာကတည်းက ငါ့ကိုမကြည့်တာ... မကြည့်တာထက် ဂရုမစိုက် အရေးမလုပ်တော့တာကွ"

"ဟင်း နေရင်းထိုင်ရင်း သူက ဘာထဖြစ်ရတာလဲ... မင်းရဲ့ရည်းစား ဆိုတာကရော ဘယ်သူ့ကို ပြောတာလဲ... မင်းမေးမကြည့်ဘူးလား"

"ဟုတ်မှ မဟုတ်တဲ့ဟာ... ငါက ဘာကိုသွားမေးရမှာလဲ... သူ ပြောတဲ့ပုံကလည်း အပိုင်ပဲ... ငါနဲ့ငါ့ချစ်သူနဲ့ ဈေးအတူတူတွဲဝယ်တာကအစ သူ မြင်တယ်တဲ့ကွာ... လူများ မှားမြင်တာလား မသိပါဘူး"

'ဝဏ္ဏ'က မျက်မှောင်ကုပ်ကာ လေးလေးနက်နက် ပုံးဖြင့်စဉ်းစားနေလေသည်။ သူ ကိုယ်တိုင်လည်း ခေါင်းတွေမွှေးထွက်မတတ်ကို စဉ်းစားနေခဲ့တာပဲ။





သူ့ဘက်ကများ ဘာများ အမှားလုပ်ခဲ့သလဲလို့။

'အရှင်း'မလာတဲ့ စနေ၊ တနင်္ဂနွေ နှစ်ရက်စလုံးမှာ သူဝပ် ရှော့မှာပဲ တစ်နေကုန် ရှိနေခဲ့ပါသည်။ သူမ ရှိတဲ့ရက်တွေကို မှန်းဆရင်းလွမ်းနေမိတာ 'မောင်ထူး'တို့ပင် အသိပါ။

သူ့ဘက်က အမြဲတမ်း အရိပ်တကြည့်ကြည့်နဲ့ ရှိနေခဲ့လို့ တမင် ဖိုလ်ကျပြီးတော့ပဲ ပြောလိုက်တာများလား။ အဲသလိုပြောတယ်ဆိုရင်လည်း ဘာဖြစ်လို့ မဟုတ်တဲ့စကားတွေနဲ့ စွပ်စွဲခဲ့ရသလဲ။

'အရှင်း' ပြောနေတဲ့ပုံစံက တကယ့်အမှန်အကန်တွေကို ပြောနေတဲ့ ဟန်ပန်အတိုင်းပါ။ဒေါသဖြစ် နာကျင်နေတဲ့'အရှင်း'ရဲ့ မျက်လုံးတွေက သက်သေခံနေခဲ့ပါသည်။

"သောကြာနေ့က သူ ပြန်တော့ အကောင်းပဲလား"

"ပုံမှန်အတိုင်းပါပဲ... ဘာမှ မဖြစ်ဘူး"

"ဒါဆို စနေ တနင်္ဂနွေ ကြားရက်မှာမှ သူ့စိတ်ကပြောင်းသွားတာကွ... မင်း အဲ့ဒီနှစ်ရက်မှာ ဘယ်သူနဲ့တွဲပြီး အပြင်ထွက်သေးလဲ... သေချာစဉ်းစားကြည့်ပါအုံး"

"မသွားပါဘူးကွာ... တနင်္ဂနွေတုန်းကတောင် မင်းတို့လင်မယားဝပ်ရှော့ကို ရောက်ကြသေးတဲ့ဟာ... မင်းတို့အား



www.burmeseclassic.com

www.burmeseclassic.com



ပြင်ဖို့ထားခဲ့လို့ ငါပဲ အိမ်ပြန်လိုက်ပို့ ပေးရသေးတယ်လေ"

"ငါတို့ကို ပို့ပြီးတော့ကော ဘယ်သွားသေးလဲ"

"ဘယ်မှ မသွားဘူး... ဘုရင့်နောင်ကိုပဲ ပြန်တာ"

"ဒီပုံဆို ဘာမှလည်း အမှားမရှိပါဘူးကွာ... စီးတီးမတ်မှာ လက်ဖွဲ့ဝင်ဝယ်တာလည်း ခဏကလေးပဲကို"

"ဟာ သိပြီ သိပြီ"

သူ့အသံက ဝမ်းသာအားရ အကျယ်ကြီး ထွက်သွားရလေသည်။ သေးသေးမွှားမွှား ကိစ္စကလေးကို 'အရှင်း' ကမြင်ဖြစ်အောင် မြင်လိုက်သေးတာပါလား။

အဖြေရသွားတဲ့အတွက် သူ့ မျက်နှာက ပြန်လည်လို့ရွှင်လန်းကာ လာရ၏။

"ဘာသိတာလဲကွာ... အော်လိုက်တာ အကျယ်ကြီးပဲ"

"သူ အထင်လွဲတဲ့ကိစ္စကိုကွာ... ငါ့ရည်းစား ဘယ်သူဆိုတာကို သိသွားပြီ"

"မြန်လှချည်လား... ဟုတ်ကော ဟုတ်ရဲ့လားကွာ"

"ဟုတ်ပါတယ်... 'အရှင်း' စကားထဲမှာ ဈေးအတူဝယ်တယ်ဆိုတာ ပါနေတာပဲ... သေချာပြီ"

"ဘယ်သူနဲ့ စွပ်စွဲတာလဲ... ငါ့ကိုလည်း ပြောပြလေကွာ"





"မင်းမိန်းမနဲ့ကွ... မင်းမိန်းမနဲ့ သိရဲ့လား... စီးတီးမတ်မှာ မင်းက တစ်ယောက်တည်း ကြည့်ချင်တာလျှောက်ကြည့်နေတော့ 'မချို' ခြင်းတောင်းကို အားနာပြီး ငါက ဆွဲပေးမိတယ်ကွာ... ဒါကလည်း ခဏကလေးပါ... ကံဆိုးချင်တော့ ကြုံဖန်ပြီး သူကမြင်ဖြစ်အောင် မြင်သွားတာပဲ ဖြစ်ရမယ်"

'ဝဏ္ဏ' မျက်နှာက အီလည်လည်နဲ့ မရယ်နိုင်အောင် ဖြစ်နေရှာသည်။

"အထင်လွဲစရာ ရှားလို့ကွာ... ငါ့မိန်းမနဲ့မှ တောက်... ရှင်းသန့်ဖြူ' တို့ကတော့ လုပ်ချလိုက်တော့မယ်"

"အဲဒါတွေထားလိုက်... မနက်ဖြန့်ကျရင် မင်းတို့မိသားစုတွေ ငါ့ ဝပ်ရှော့ကိုလာခဲ့ကြ"

"ဘာလုပ်ဖို့လဲ... ကြားရက်ဆိုတော့ ကိစ္စတွေများတယ်ကွ အားမှာမဟုတ်ဘူး... ကလေးတွေလည်း ကျောင်းဖွင့်တယ်လေကွာ"

"ကျောင်းချိန်က နေ့ခင်းပိုင်းကျမှပါကွာ... ကျောင်းမသွားခင် ခဏကလေး ဝင်လာခဲ့ကြပါကွာ... 'အရှင်း' မြင်အောင်လို့ပါ"

"မင်းကြောင့်တော့ ခက်ပါတယ်... သူ ထင်တာ ဟုတ်ရမ



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တဲ့ဟာကွာ... ရှင်းပြနေစရာ မလိုပါဘူး... နောက်သိတော့လည်း ပြီးသွားမှာပဲကို"

"နောက်သိသွားတဲ့အချိန်ထိကို ငါက စောင့်မနေနိုင်တော့လို့ပေါ့ 'ဝဏ္ဏ' ရ... လုပ်ပါကွာ ဒီကိစ္စကို မင်းမိန်းမကိုလည်းပြောပြမနေနဲ့... တစ်ခုခုကို အကြောင်းပြပြီး မင်းခေါ်လာခဲ့စမ်းပါ... ကူညီပါကွာ သူငယ်ချင်းရာ... တောင်းပန်ပါတယ်"

'ဝဏ္ဏ' က ကူညီဖို့အရေးကို ချက်ချင်း အဖြေမပေးသေးဘဲ ငြိမ်ငြိမ်သက်သက်ပင် အိုင်တင်ခံကာ နေ,နေသည်။ သူ့အတွက်ကတော့ 'အရှင်း' စိတ်ထဲ ကြည်လင်သွားဖို့က အဓိက အရေးကြီးနေတာကြောင့် နောက်ထပ်တစ်ခါ တောင်းပန်တဲ့လေသံနဲ့ ထပ်ပြောလိုက်မိသည်။

စိတ်ထဲကတော့ အဖြစ်သည်းနေသော 'ဝဏ္ဏ' ဆိုတဲ့ကောင်ကို နှာရင်းအုပ်ချင်နေရ၏။

" 'ဝဏ္ဏ' ဘယ်လိုလဲ... ကူညီမယ် မဟုတ်လားကွာ... ငါတောင်းပန်ပါတယ်... ခုကိစ္စကလည်း သေချာစဉ်းစားကြည့်ရင် မင်းတို့ကြောင့် ဖြစ်သွားရတာပါ"

"ဘာဆိုင်သလဲ"

"ဟ ဆိုင်တယ်လေကွာ... မင်းတို့ လင်မယားကို စော





နာခဲ့ ပြန်လိုက်ပို့ပေးလို့လေကွာ... ငါ့ဖါသာ ဝပ်ရှော့မှာ နေကျန်ခဲ့မယ်ဆို ဒီလိုမျိုးကိစ္စတွေ ဘာအကြောင်းနဲ့မှ ဖြစ်လာစရာမရှိဘူးလေ... ဟုတ်တယ် မဟုတ်လား"

"တော်ပြီကွာ... တော်ပြီ... အိမ်ပြန်တော့မယ် မနက်ဖြန် ငါတို့မိသားစုလာခဲ့ပေးမယ် ကျေနပ်ပြီလား... အလုပ်ကိုရှုပ်နေတာပဲ"

မြူးရွှင်သွားသောစိတ်တွေဖြင့် 'ဝဏ္ဏ' အား အိမ်အရင်ပြန်ပို့ပေးလိုက်သည်။ ပြီးတာနဲ့ လမ်းဘေးတစ်နေရာမှာ ကားကိုထိုးရပ်ပြီး 'အရှင်း' ရဲ့ ဟန်းဖုန်းကို ခေါ်ကြည့်လိုက်ပါသည်။

ဖုန်းပိတ်ထား၍ အိမ်ဖုန်းကို ထပ်ဆက်လိုက်မိသည်။ ဖုန်းကိုင်တဲ့သူက 'ဦးသာကောင်း' ဖြစ်နေလေသည်။

"အစ်ကိုကြီး ကျွန်တော် 'ကျော်ဇော' ပါ... 'အရှင်း' နဲ့ခဏစကားပြောချင်လို့ပါ"

"အရေးကြီးသလားကွ"

သူ့အတွက်ကတော့ အရေးကြီးနေပါသည်။ ဒါကြောင့်

"ဟုတ်ကဲ့ ခင်ဗျ... စာရင်းကိစ္စလေးတွေ ပြောစရာ ရှိလို့ပါ"

"ဒါဆို ခဏကိုင်ထားအုံးနော်"



www.burmeseclassic.com

www.burmeseclassic.com



ကော့ဒ်လက်ဖုန်းကို ကိုင်ထားတာကြောင့် 'ဦးသာကောင်း' ပြောသမျှစကားတိုင်းကို သူ အဝိုင်းသား အကုန်ကြားနေရလေသည်။

" 'အရှင်း' ဖုန်းလာနေတယ်ဟ... 'မောင်ကျော်ဇော' တဲ့"

"ဟာ မရှိဘူးလို့ပြောလိုက် 'လေးလေး' "

'အရှင်း' ရဲ့အသံက ဝိုးတဝါးနဲ့ ပီပီသသနဲ့ သိပ်မရှိလှချေ။

"မရှိဘူးလို့ ပြောလို့မရတော့ဘူး... ငါက ရှိတယ်ပြောထား ပြီးပြီ... ခဏကလေးပဲ ထွက်ခဲ့လိုက်... အရေးကြီးလို့တဲ့"

"သူနဲ့ 'အရှင်း' နဲ့ကြားထဲမှာ အရေးကြီးတဲ့ကိစ္စ ဘာမှ မရှိဘူး... အလကားလိမ်ပြောနေတာ... ဘယ်ထွက်သွားသလဲ မသိဘူးလို့သာ ပြောလိုက်ပါ 'လေးလေး' ရယ်"

"မပြောချင်ဘူးကွာ... ဒီမှာ စောင့်ခိုင်းထားတာ"

"မသိဘူး မသိဘူး... ဒီမှာ ဗိုက်ကနာနေတာ... အီးပါလို့ ဝသေးတာမဟုတ်ဘူး... ချက်ချင်းဘယ်လိုလုပ်ပြီး ထွက်လာလို့ ရမှာလဲ... ကောင်းအောင်ပဲ ကြည့်ပြောထားလိုက်"

"ခက်တော့တာပဲ... ငါက ခေါ်ပေးမယ်လို့ ပြောထားပြီး နေပြီ... မြန်မြန်ပြောလိုက် 'အရှင်း' ရာ... ပြီးမှ အိမ်သာထဲပြန်





ဝင်"

'ဦးသာကောင်း' ရဲ့ စကားကိုကြားပြီး 'ကျော်ဇော' ရယ်ချင်သွားရသည်။ 'အရှင်း' ကိုအားနာပြီး ဖုန်းချလိုက်တဲ့အခါ သူတို့ စိတ်ထဲ တစ်မျိုးထင်သွားရင်မကောင်း။

တကူးတက ခေါ်ပေးနေတဲ့ 'ဦးသာကောင်း' ကို အားနာပါသည်။ ဆက်ပြီး နားထောင်နေပြန်တော့လည်း 'အရှင်း' ရက်သွားမှာကို စိုးရိမ်နေမိပြန်ပါသေးသည်။

ရှည်ပြီး ဖုန်းဆက်လိုက်မိတာကိုက သူ့ရဲ့အမှားပါပဲ။

"ကဲ ကဲ ပြီးပြီ... ဘယ်မှာလဲ ဖုန်း"

"ဒီမှာလေ... ရော့"

"ဟမ် ဖုန်းကြီးဒီယူလာတော့ 'အရှင်း' တို့ပြောတာတွေ အကုန်ကြားကုန်ပြီပေါ့ 'လေးလေး' ရဲ့... ရက်ဖို့ကောင်းလိုက်တာ... 'အရှင်း' အိမ်သာတက်လို့ ကြာနေတယ်ဆိုတာ သူသိသွားလောက်ပြီ"

'အရှင်း' ရဲ့ အသံက ရက်ပြီး ငိုချင်သံပေါက်နေရလေသည်။

"အရေးကြီးတယ်ဆိုတာ ဘာလဲ 'ကိုကျော်ဇော'..."

"ဟို ဟို"



www.burmeseclassic.com

www.burmeseclassic.com



'အရှင်း' ရဲ့လေသံကိုကြားပြီး အားနာနေရတာကြောင့် သူ နှုတ်က ပြောလို့မထွက် ဖြစ်နေရသည်။ ဒီအချိန်မှာ ရှင်းပြရင်ပိုပြီးတော့ ဆိုးသွားနိုင်သည် မဟုတ်လား။

"ပြောလေ အရေးကြီးတဲ့ကိစ္စကို"

"ရပြီ... မနက်အလုပ်ကို လာမှပဲ ပြောတော့မယ်"

"ရှင် အူကြောင်ကြောင် မလုပ်နဲ့နော်... ကျွန်မ စိတ်တိုလာပြီသိလား"

ရက်စိတ်ကြောင့် ထင်ပါရဲ့။ 'အရှင်း' ရဲ့လေသံက မာထန်လို့ လာရသည်။

"ကျွန်တော့်ကြောင့် 'အရှင်း' အနှောင့်အယှက် ဖြစ်သွားလား မသိဘူး... ကျွန်တော် ဖုန်းချလိုက်တော့မယ်နော်"

"ရှင် ဘာတွေပြောနေတာလဲ"

"ဟို ဘာမှမဟုတ်ဘူး... 'အရှင်း' ကို လုပ်စရာရှိတာ ဆက်လုပ်ပါလို့ ပြောတာပါ"

ဟာ သွားပြီ။ ရောင်ယမ်းပြီး သူ့နှုတ်က ဘာတွေထွက်ကုန်ရမှန်းမသိတော့ပါ။ 'အရှင်း' ရဲ့ ဒေါသကို ကြောက်တာကြောင့် ဖုန်းခလုတ်ကို သူ အမြန်ပိတ်ပစ်လိုက်မိပါတော့သည်။





## ၁၆

'အရှင်း' တစ်ယောက်ရက်ပြီး အလုပ်မလာတော့ဘူးလို့ သူ ထင်ထားပေမယ့် ရောက်ချလာပါသည်။ 'အရှင်း' ရောက်လာတဲ့အတွက် 'ဝဏ္ဏ' တို့ကို သူ မျက်နှာပျက်ရမယ့်ဒုက္ခမှကင်းဝေးသွားရလေတော့သည်။

'အရှင်း' ရဲ့မျက်နှာက ပုံမှန်ပြန်ဖြစ်နေတာမို့ ရောချင်တဲ့စိတ်နဲ့ အသာကလေး ကပ်လာခဲ့လိုက်ပါသည်။

" 'အရှင်း' ကျွန်တော်ဒီနေ့ ထမင်းဂျိုင့် ပါမလာဘူးဗျ... 'အရှင်း' ဆီက ကပ်စားလို့ ရမလားမသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်... ခါတိုင်းလည်း ကျွေးနေကျပဲကို... 'ကိုကျော်ဇော' စားချင်တဲ့အချိန် 'မောင်ထူး' ကို ပြောလိုက်လေ"

"ကျွန်တော် ပြောတာက အရင်လိုပဲ 'အရှင်း' နဲ့အတူတူ စားလို့ရမလားလို့ ပြောတာ"

မျက်လုံးလှန်ကာ 'အရှင်း' က မကျေမနပ် ကြည့်လာပါသည်။ ပြီးတော့ စိတ်ပျက်သလို သက်ပြင်းရှည်ကြီး ချလိုက်ပါသေးသည်။

"စားမယ်လေ... ဒါပေမယ့် 'ကိုကျော်ဇော' ရည်းစားကို ပါခေါ်လာခဲ့... သူပါ,ပါရင် ကျွန်မတို့ အရင်လိုပဲအတူတူစားကြမယ်"

"တကယ် ပြောတာလား"

"တကယ်ပေါ့"

ပြုံးလိုက်သော 'အရှင်း' ရဲ့ အပြုံးက ထေ့ငေါ့မှုတွေ များစွာပါဝင်နေပါသည်။ တမင်သက်သက် သူ့ကို စိမ်ခေါ်လိုက်တာပါ။

"ရတယ်လေ...ကျွန်တော် သူ့ကို ဖုန်းဆက်ပြီးချိန်းလိုက်မယ် ပြီးရင် 'အရှင်း' နဲ့ မိတ်ဆက်ပေးမယ်... သူ ထမင်းစားတာ မစားတာတော့ ကျွန်တော့်ဘက်က အာမ,မခံနိုင်ဘူးဗျ...





သူ့သဘောပဲ အတင်းအကြပ် ပြောပိုင်ခွင့်မရှိဘူး"

"ရတယ်လေ... ရှင် မိတ်ဆက်ပေးမယ်ဆိုတာနဲ့တင် ကျွန်မ က ကျေနပ်နေပါပြီ"

ခပ်ပေါ့ပေါ့ပြောလိုက်သော 'အရှင်း' ရဲ့ ပုံစံက သူနဲ့ပတ်သက်ပြီး ဘာဆိုဘာမှ မခံစားရတဲ့အတိုင်းပဲ ဖြစ်၏။ သူ့ရဲ့ဂရုစိုက်မှု၊ အရေးပေး လိုက်လျောမှုတွေကို နည်းနည်းကလေးတောင် သာယာစိတ်မဝင်စားမိဘူးလား 'အရှင်း' ရယ်။

'မောင်ထူး' ကိုပင် သတင်းထူးတစ်ခုလို လိုက်ပြောပြနေသေးသည်။

"နင်တို့အစ်ကို သူ့ချစ်သူကို ခေါ်လာပြမယ်တဲ့ ...နင်တို့ ပြောတော့ မရှိဘူးဆို... လျှိုနေတာကို အကောင်းထင်နေတယ်.. နောက် ငါနဲ့သူနဲ့ကို တွဲမစကြနဲ့ကြားလား"

"မဖြစ်နိုင်တာ... ကျွန်တော်တော့ မထင်ပါဘူး... အစ်မကိုလိမ်ပြောတာပဲ ဖြစ်လိမ့်မယ်"

"ဩော် တကယ်ပြောနေတာ... မယုံရင်စောင့်ကြည့်ပေါ့"

'မောင်ထူး' တို့ စောင့်ကြည့်,မကြည့် မသိပေမယ့်'အရှင်း' ကတော့ တကယ့်ကို စောင့်ကြည့်နေလေသည်။ အလုပ်စားပွဲမှာပင် မထိုင်တော့ဘဲ ဆိုင်ပေါက်ဝထိထွက်ကာ အလုပ်မရှိအလုပ်



www.burmeseclassic.com

www.burmeseclassic.com



ရွာ ဟိုလျှောက်ဒီလျှောက် လုပ်နေပါသည်။

ဝပ်ရှော့ရှံဘက်က သူ ကြည့်နေတာကို သတိမထားမိဘဲ ခြံအတွင်းသို့ ဝင်လာတဲ့ကားတွေကိုသာ စူးစမ်းနေပါတော့သည်။

'ဝဏ္ဏ' တို့ကား ဝင်လာတာကိုတွေ့တော့ တစ်ချက်လှမ်းကြည့်ပြီး ဆိုင်ခန်းထဲ လျှောက်ဝင်သွားပါသည်။

"ကားရှေ့ဘက်ခြမ်းက အသံနည်းနည်း မြည်နေတယ်ကွာ... မြန်မြန် စစ်ပေးခိုင်ပါအုံး 'ကျော်ဇော' ရာ... ကလေးတွေကိုလည်း ကျောင်းအမီပို့ရအုံးမှာ"

'ဝဏ္ဏ' က သူ့မိန်းမ မမြင်အောင် မျက်စိမှိတ်ရင်း ပြောခြင်းဖြစ်သည်။

"ရတယ်လေ... မင်း ဟိုဘက်ကို မောင်းသွားလိုက်..'မချို' နဲ့ကလေးတွေက တိုက်ခန်းထဲမှာပဲ ထိုင်စောင့်နေလိုက်ပါ... ခဏကလေးပဲ သိပ်မကြာပါဘူး"

"ကျောင်းချိန်မီပါတယ်နော်"

"မီပါတယ်... ချက်ချင်း စစ်ပေးမှာပါ... လာ လာ"

'မချို' နဲ့ကလေးတွေရှေ့ကနေ သူ အရင်ဦးဆောင်ပြီး ထွက်ခဲ့လိုက်ပါသည်။ 'အရှင်း' က စားပွဲမှာထိုင်ရင်း ဝင်လာ





သောလူအုပ်စုကို အကဲခတ်ကာ ကြည့်နေခဲ့၏။

စည့်သည်တွေကို ပြုံးရွှင်စွာ ဆီးကြိုရမည့် 'အရှင်း' ရဲ့ မျက်နှာက ဆွေးဆွေးကြီးဖြစ်နေတာ အံ့သြဖို့တော့ကောင်းပါသည်။

တကယ်တမ်း ရင်ဆိုင်ရတော့မယ့် အခါကျတော့ သူမ ရင်မဆိုင်ချင်ဘူးနဲ့ တူပါသည်။

" 'မချို' ထိုင်... 'အရှင်း' နဲ့လည်း မိတ်ဆက်ပေးရအုံးမယ် နာမည်သာ ကြားကြားနေပြီး လူကို မမြင်သေးဘူးမဟုတ်လား... ကျွန်တော် ပြောပြောနေတဲ့ 'ရှင်းသန့်ဖြူ' ဆိုတာ သူပဲ"

'မချို' က သူနဲ့ပတ်သက်တဲ့သူ ဖြစ်တာကြောင့် ပြုံးတုံ့တုံ့ မျက်နှာထားနဲ့ အကဲခတ်သလို ကြည့်နေပါသည်။ပြန်ပြုံးပြသော 'အရှင်း' ရဲ့ အပြုံးက အသက်မပါလှချေ။

"နာမည်သာ ခဏခဏကြားဘူးတာ ညီမရဲ့... လူကိုတော့ ခုမှပဲ မြင်ဖူးတော့တယ်... တို့ယောကျ်ားကသာ ဒီကိုခဏခဏရောက်ဖြစ်နေတာ... တို့ကကျတော့ မရောက်ဖြစ်ဘူးလေ။ ကလေးတွေကိစ္စ အိမ်ကိစ္စတွေနဲ့ မအားပါဘူးကွယ်"

'အရှင်း' ပုံစံက ဇဝေဇဝါ ဖြစ်သွားပုံရသည်။ သူကတော့ ရယ်ချင်နေရတာကြောင့် ဘာမှဝင်မပြောဖြစ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဟို အစ်မ ယောကျ်ားကဘယ်သူလဲ"

"ဟယ် ဒီကို ခဏခဏ ဒီလောက်လာနေတဲ့ဟာ... မသိဘူးလား... 'ကိုဝဏ္ဏ' လေ"

"ရှင်"

'အရှင်း' က မျက်လုံးပြူးပြီး သူ့ကို လှမ်းကြည့်၏။

"သူ့ကိုယ်သူ လူပျိုလိုများ ညီမကို ပြောထားလို့လား... ဒီလူလာမှ တွေ့အုံးမယ်"

"မဟုတ်ပါဘူး... 'အရှင်း' က မထင်လိုက်လို့ပါ... 'ကိုဝဏ္ဏ' ကတော့ ပြောပါတယ်... သူ့မိန်းမက ချောတယ်လို့...ဒါပေမယ့် ဒီလောက်လှမယ်လို့မထင်ထားဘူးလေ... အစ်မက ကလေးအမေသာဆိုတယ် တကယ့်အပျိုအတိုင်းပဲ... အစ်မသာဖွင့်မပြောရင်အားလုံးက အပျိုလိုပဲထင်ကြမှာ"

'မချို' တစ်ယောက် သွားပင်မစေ့တော့ချေ။ 'အရှင်း' နဲ့စကားတွေတဝကြီးပြောပြီး ကျောင်းချိန်နီးမှ ပြန်ချသွားလေသည်။ ပြေပြေလည်လည် အခြေအနေမို့ သူ့စိတ်ထဲ ဝမ်းသာနေရသည်။

'ဝဏ္ဏ' တို့ပြန်သွားပြီး မိတ်ဆွေတစ်ယောက် ရောက်လာတာကြောင့် 'အရှင်း' ရဲ့အနားသို့ သူ ချက်ချင်း ပြန်မသွားနိုင်





သေးပေ။

ထမင်းစားချိန်ရောက်မှပဲ 'အရှင်း' ရှိရာဆီ သူ လာခဲ့လိုက်ပါသည်။ 'အရှင်း' က 'မောင်ထူး' နဲ့ အတူတူ ဝယ်သူတွေကိုရှင်းပြပြီး ဈေးကူရောင်းပေးနေသည်။

သူ့ကိုမြင်ပေမယ့် မသိဟန်ဆောင်ရှင်း အလုပ်ကိုပဲဆက်လုပ်နေလေသည်။ ထိုင်စောင့်နေရ မယ့်အတူတူ ထမင်းစားပွဲထုတ်ခင်းရင်း 'အရှင်း' လာတာနဲ့ အဆင်သင့်စားရအောင် ပြင်ထားပေးမိသည်။

'အရှင်း' က သူ ပြင်ထားတဲ့ ထမင်းစားပွဲဆီမလာဘဲ အလုပ်စားပွဲမှာပဲထိုင်ကာ ဘောက်ချာတွေကို ပြန်စစ်နေပါသည်။

"'အရှင်း' လာလေ... ထမင်းစားရအောင်... ကျွန်တော်ဗိုက်တအား ဆာနေပြီဗျ"

"ရှင်ဆာရင် စားနှင့်လေ... ကျွန်မ စာရင်းလေးတွေမပြီးသေးလို့ မစားသေးဘူး"

"စာရင်းတွေကို နောက်မှလုပ်ပါဗျာ... ဗိုက်ပြည့်ဖို့ကပိုအရေးကြီးပါတယ်... လာပါ"

'အရှင်း' က မကျေမနပ် မျက်လုံးလှန်ကြည့်ကာ ရှုအောင့်



www.burmeseclassic.com

www.burmeseclassic.com



အောင့်ပုံစံနဲ့ ထလာပါသည်။

"သြော် မေ့နေလိုက်တာ... ကျွန်တော့်ရည်းစားကို ဖုန်းဆက်ခေါ်လိုက်မှပဲ... 'အရှင်း' နဲ့ မိတ်ဆက်ပေးရအုံးမယ်လေ"

"တော်ပါ... ကျွန်မကို ရှင့်လှည့်စားတာပေါ့လေ ဟုတ်လား မဟုတ်ဘဲနဲ့ ဟုတ်သလိုလိုနဲ့ အိုင်တင်ခံနေတယ်"

"ဟောဗျာ... ချက်ချင်းရှင်းပြဖို့ဆိုတာ ဘာမှန်းမှ မသိတာ ဘယ်မိန်းမနဲ့မှလည်း နှစ်ယောက်တွဲ မသွားဘူးတော့စဉ်းစားရကြပ်နေတာပေါ့... အဲ့ဒီနေ့ကလည်း 'ဝဏ္ဏ' လည်းပါတယ်လေ သူ ခဏကလေး ထွက်သွားတဲ့အချိန်ကျမှ 'အရှင်း' ကမြင်သွားခဲ့တာကို"

"ဟုတ်ပါပြီ... ဟုတ်ပါပြီ... ထားလိုက်ပါတော့... ကျွန်မမှားတယ်ပဲ ထားလိုက်ပါတော့"

"မမှားပါဘူး... ကျွန်တော့်မှာ ရည်းစားတကယ်ရှိတာဗျ... 'အရှင်း' နဲ့ မိတ်ဆက်ပေးမယ်လေ... "

"ရှင် ဘယ်လိုဖြစ်နေတာလဲ 'ကိုကျော်ဇော'... ဒီကိစ္စမပြီးတော့ဘူးလား"

"ပြီးပါပြီ... ခဏကလေး ခုပဲ ဖုန်းဆက်လိုက်မယ်"

စားပွဲပေါ်မှာတင်ထားတဲ့ ဖုန်းကိုဖွင့်ပြီး ခလုတ်တွေကို





သူ နှိပ်ခေါ်လိုက်မိပါသည်။ ဖုန်းမြည်သံကလေးက 'အရှင်း' ရဲ့စားပွဲတစ်ဝိုက်မှ ထွက်ပေါ်နေပါသည်။

'အရှင်း' က အထာမပေါက်နိုင်ဘဲ ပိုက်ဆံအိတ်ထဲမှာ ထည့်ထားသော သူ့ဟန်းဖုန်းကို အပြေးကိုင်လေသည်။ ပေါ်နေတဲ့ နံပါတ်ကိုတောင် သေချာကြည့်မနေမိ။

"ဟယ်လို..."

"ရည်းစားလား... ကိုယ်နဲ့အတူတူ ထမင်းစားရအောင်လေကွာ... ကိုယ်စောင့်နေတယ်"

"ဟင်"

ဖြုန်းကနဲလှည့်ကြည့်လာသော 'အရှင်း' ရဲ့ မျက်နှာကနီရဲပြီး နှုတ်ခမ်းကိုပါ စူထားလေသည်။

"ရှင်တော်တော် အူမြူးပြီးပေါ်နေပါလား 'ကိုကျော်ဇော' ရဲ့ ကျွန်မကို ရှင်ဘာအောင်းမေ့နေလို့လဲ..သိက္ခာမရှိတဲ့အလုပ်တွေမလုပ်နဲ့... ကျွန်မ မကြိုက်ဘူး... ရှင် အနေအထိုင် အပြောအဆိုတွေမတတ်လို့ ဒီအလုပ်က လူတွေအားလုံးက ကျွန်မကို ရှင့်ရဲ့ အတွာထင်နေတာ"

"ဘာ အတွာလဲ"

"မသိဘူး"



www.burmeseclassic.com

" 'အရှင်း' မျက်နှာကလည်းဗျာ... ပုပ်ပွနေတာ လန့်စရာ ကောင်းကောင်းတယ်... ဇက္ကန့် ကျွန်တော့်ကို ထမင်းကျွေးရတာ စေတနာ မရှိဘူးနဲ့တူတယ်... 'အရှင်း' မကျွေးချင်ဘူးဆိုရင်လည်း မစားတော့ပါဘူး... ကျွန်တော့်ဖါသာ အပြင်မှာပဲ သွားဝယ်စားလိုက်တော့မယ်"

"စားချင်စား မစားချင်ရှင်နေ... အိုင်တင်ခံတဲ့ စကားတွေ မပြောနဲ့... ရှင့်ကို အမြင်ကတ်နေပြီဆိုတာတော့ သိထား"

ဒေါသထွက်စိတ်တိုနေတဲ့ 'အရှင်း' ရဲ့ ပုံစံက သူ့အမြင်မှာတော့ သိပ်ချစ်ဖို့ကောင်းနေရပါသည်။ ဒီမိန်းမနဲ့သူနဲ့ ချစ်သူတွေ မြန်မြန်ဖြစ်သွားချင်လှပါပြီ။

သူနဲ့ပတ်သက်ပြီး ဂရုစိုက်သလိုလို၊ ဂရုမစိုက်သလိုလို အမူအယာတွေ အပြောအဆိုတွေကို ကြည့်၍ သူ့မှာ အသည်းယားနေရသည်။

ချစ်ခင်စိတ်နဲ့ 'အရှင်း' အား သူ အကြာကြီး စိုက်ကြည့်နေမိပါသည်။

"ဘာကြည့်နေတာလဲ... ထမင်းစားမယ်ဆို စားလေ"

" 'အရှင်း' မျက်နှာကို မြင်နေရရင် ကျွန်တော့်ရင်ထဲမှာ အလိုလို ရင်ပြည့်နေသလိုပဲ"





"ရှင် ဘာဖြစ်နေတာလဲ... စကားကောင်းကို မပြောဘူး"

"မှန်တာတွေ ပြောနေတာပါ 'အရှင်း' ရယ်... ကျွန်တော် 'အရှင်း' ကိုချစ်နေမိပါပြီ... ချစ်နေတာကလည်း အခုမှ မဟုတ်ပါဘူး... လေယာဉ်ကွင်းမှာ 'အရှင်း' ရဲ့ 'လေးလေး' ကိုလာကြိုကတည်းက ချစ်မိသွားရတာပါ... 'အရှင်း' နဲ့တွေ့ချင်လွန်းလို့ ကျွန်တော့်မှာ နည်းမျိုးစုံနဲ့ ချဉ်းကပ်ကြိုးစားခဲ့ရတာပါဗျာ... ကျွန်တော့် အချစ်ကိုယုံပါ"

'အရှင်း' ကကြောင်အစွာ သူ့ကိုကြည့်ပြီး ငြိမ်သက်နေလေသည်။ သူ တကယ်ပြောတာ ဟုတ်မဟုတ်ဆိုတာကို စဉ်းစားချင့်ချိန်နေပုံရသည်။

ဝူးဝူးဝါးဝါးနဲ့ ဒေါသထမဖြစ်သွားတာကိုပဲ သူ့မှာ ပြန်ပြီး ကျေးဇူးတင်နေရလေသည်။

"ကျွန်တော့်ကို အဖြေပြန်ပေးပါနော် 'အရှင်း'... ကျွန်တော်ချစ်သလို 'အရှင်း' ကျွန်တော့်ကို ပြန်ချစ်မယ် မဟုတ်လား"

'အရှင်း' ရဲ့ လက်ကို ခပ်ဖွဖွကလေး သူ ဆုပ်ကိုင်ကာမေးလိုက်မိခြင်းဖြစ်သည်။ လက်ကိုကိုင်လိုက်မှ 'အရှင်း' က သတိပြန်ဝင်သွားပုံရပြီး ဆုပ်ကိုင်ထားတဲ့ သူ့လက်ထဲကနေ ရုန်း

www.burmeseclassic.com



ထွက်လိုက်လေသည်။

"အို ပြွယ်လိုက်တာ... ရည်းစားစကားလည်း ပြောသေး လက်ကိုလည်း ကိုင်သေးတယ်... ရှင်တော်တော် လက်ရဲဇက်ရဲ နိုင်လှချည်လား... အတွေ့အကြုံ တော်တော်များခဲ့တယ်နဲ့တူ တယ်... ရှင် ပတ်သက်ခဲ့ဖူးတဲ့ မိန်းမတွေနဲ့ ကျွန်မနဲ့ လုံးဝမတူ ဘူးဆိုတာတော့ ရှင်သိထားပါ"

"ဟာ ဘယ်မိန်းမနဲ့မှ မပတ်သက်ခဲ့ဖူးပါဘူး 'အရှင်း' ရာ... ကျွန်တော့်ဘဝမှာ ဒီအသက်အရွယ်ထိ 'အရှင်း' တစ် ယောက်တည်းကိုပဲ ချစ်ခဲ့ဖူးသေးတာပါ... မယုံရင် ကျွန်တော့် အမေကို 'အရှင်း' ဆီ ခေါ်လာခဲ့ပါ့မယ်... မေမေနဲ့တွေ့မှ 'အ ရှင်း' သိချင်တာကိုမေးကြည့်"

"ဘာဖြစ်လို့ မေးကြည့်ရမှာလဲ...ဘယ်သူ့ကိုမှခေါ်မလာ နဲ့တော့"

"ဒါဆို ကျွန်တော့်အချစ်ကို 'အရှင်း' စဉ်းစားပေးပါ... 'အရှင်း' ရဲ့အဖြေကို ကျွန်တော်ကြားချင်တယ်"

"အခုပဲ ပြောလိုက်မယ်"

"ဟာ မပြောနဲ့ရတယ်... အေးအေးဆေးဆေး စဉ်းစားပါ အုံးပြီးမှပြောပြ"





"ပြီးရောလေ... ကျွန်မ စဉ်းစားမယ်...ဒီအတောအတွင်း တော့ ရှင် အနေအထိုင်ဆင်ခြင်ပါ... ပြောချင်ရာပြောလုပ်ချင်ရာ လျှောက်မလုပ်နဲ့... ကျွန်မနဲ့ပတ်သက်ပြီး အလုပ်သမားတွေ ရှေ့မှာ ခပ်တည်တည်ပဲနေ... ကျွန်မ ရှင်နဲ့ပတ်သက်တဲ့သတင်း တွေကို သေချာစုံစမ်းကြည့်အုံးမယ်"

"စုံစမ်းနေရင် ခက်နေမှာပေါ့ 'အရှင်း' ရာ... ကျွန်တော်နဲ့ ပတ်သက်တာမှန်သမျှ ကျွန်တော့်ကိုပဲ မေး"

"ရှင့်ကိုမေးရင် အကောင်းတွေကြီးပဲ ဖြေမှာပေါ့... မေး လို့ဖြစ်မလား"

"ပြီးရော ပြီးရော... ကဲ ထမင်းစားတော့မယ်... ကျေးဇူး ပြုပြီး 'အရှင်း' ကို ကျွန်တော့်ကို တစ်လုတ်လောက် ခွံကျွေး ပါလား"

"ပြောနေရင်းနဲ့ကို လုပ်လာပြန်ပြီ တွေ့လား... ခွံတော့မ ကျွေးဘူး... ဝါးပြီးတော့ပဲ ကျွေးလိုက်မယ်... စားမလားပြော"

'အရှင်း' ရဲ့လေသံက မာသလိုဖြစ်နေပေမယ့် မျက်နှာ ထားကတော့ နူးညံ့ချိုသာမှုတွေ ရှိနေရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



# ၁၃

"ရော့ 'အရှင်း' အတွက် မေမေ လက်ဆောင်ထည့်ပေးလိုက်တာ"

ကြိုးဆွဲပါသော လက်ကိုင်းနဲ့စက္ကူအိတ်တစ်အိတ် 'အရှင်း' ရှေ့မှာ ရောက်လို့လာသည်။ အားနာရလွန်းတာကြောင့် 'အရှင်း' စိတ်ပျက်စွာဖြင့် ခေါင်းကိုခါလိုက်မိသည်။

သူ့ကြောင့်တော့ ခက်ပါတယ်။ တစ်ပတ်မှာ သုံးရက်လောက် သူ့အမေဆိုင်က ပိတ်စတွေဖြတ်,ဖြတ်ပြီး ယူလာတာ ဘယ်လောက်တောင် များနေပြီမှန်းမသိ။





'အရှင်း' အလွန် အားနာရပါသည်။ ဘယ်လိုပဲ ပြောပြော၊ ဘယ်လိုပဲ ငြင်းငြင်း၊ ဇွတ်တရွတ်လုပ်ချင်ရာ လုပ်တတ်သော သူ့ စရိုက်ကို အမြင်ကတ်ပြီး မုန်းပင် မုန်းချင်လာရတော့သည်။

ခုလည်း သေချာမှာထားရဲ့နဲ့ သူ လုပ်ချင်ရာလုပ်ချ လာပြန်ပါပြီ။

"ဘာလက်ဆောင်မှ မယူချင်တော့ဘူး 'ကိုကျော်ဇော' ရာ... 'အရှင်း' ဒီလောက် ပြောထားရက်နဲ့ လုပ်ချင်ရာလုပ်,လုပ်လာတယ် တွေ့လား... ဘယ်တော့မှ ပြောစကားနားမထောင်ဘူး ဒီအထုပ်ကြီးပြန်ယူသွား... 'အရှင်း' လုံးဝလက်မခံဘူး"

"ကျွန်တော် ပေးတာမှ မဟုတ်ဘဲ 'အရှင်း' ရာ... မေမေ အတင်းထည့်ပေးလိုက်တာဆိုတော့ ဘယ်လိုငြင်းရမလဲ... 'အရှင်း' မယူချင်ဘူးဆိုရင် မေမေ့ဆိုင်ကို ဖုန်းဆက်ပြီးပြောလိုက်... ကျွန်တော်အခုပဲ ဖုန်းဆက်ပေးမယ်"

သူ တကယ်ပဲ ဖုန်းဆက်တော့မယ့်ဟန်ဖြင့် လှည့်ကာ ထွက်သွား၏။ လူကြီးတစ်ယောက် စေတနာနဲ့ပေးတာကိုတော့ 'အရှင်း' က မငြင်းပယ်ချင်ပါ။

ရိုင်းတယ်လို့ ထင်သွားရင်မကောင်း။ သူ အပိုလူပါပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြောမှာကိုလည်း စိုးရိမ်မိပြန်သေးသည်။

"ရှင် အဲ့ဒီလို ပေး,ပေးနေတာ အရေးမကြီးဘူး… ကျွန်မဘက်က ရှင်လိုချင်တာ ပြန်မပေးနိုင်ရင် အားနာစရာ ဖြစ်ကုန်လိမ့်မယ် မိတ်ဆွေတွေလိုပဲ ပုံမှန်ဆက်ဆံနေတာကမှအကောင်းဆုံးဖြစ်လိမ့်မယ်… ပြီးတော့ ကျွန်မနဲ့ပတ်သက်ပြီး ရှင့်ဘက်က မျှော်လင့်ချက် သိပ်မထားစေချင်ဘူး… မိဘတွေကိုလည်း အသိမပေးသင့်သေးဘူး… ဘာမှ မဟုတ်ဘဲနဲ့ ကျွန်မ နေရထိုင်ရတာ ခက်တာပေါ့"

"ကျွန်တော့်ဘက်က 'အရှင်း' တစ်ယောက်တည်းကိုပဲ သစ္စာရှိရှိနဲ့ ချစ်မှာကျိန်းသေနေပြီဆိုတော့ ဘယ်သူ့ကိုမဆို ဖွင့်ပြောရဲတယ်… မေမေ့ကိုလည်း ပြောတာပဲ… 'အရှင်း' ရဲ့ 'လေးလေး' ကို လည်းပြောတာပဲ… အားလုံးကလည်း သဘောတူတယ်… 'အရှင်း' ရဲ့ သဘောတစ်ခုတည်းကိုပဲ စောင့်နေကြတာ"

" 'လေးလေး' လည်း သိတယ် ဟုတ်လား"

"သိတာပေါ့… 'အရှင်း' ဒီမှာ အလုပ်မဝင်ခင် ကတည်းကသိတာ… ကျွန်တော့်ဘက်က သေချာနေမှတော့ အစောကြီးဝန်ခံထားလိုက်တယ်… အေးရောပေါ့"





"ဟွန်း ဒါကြောင့် ဒီအလုပ်မှာ ခွင့်ပေးတာဖြစ်မှာ"

'လေးလေး' နဲ့ 'အရှင်း' ခုတလော ဘာကြောင့်မှန်းမသိဘဲ စကားမပြောဖြစ်ကြချေ။ 'မာရီ' ကိစ္စနဲ့ပတ်သက်ပြီး 'အရှင်း' ဘက်က ဘာစကားမှ မပြောချင်သလို၊ 'လေးလေး' ဘက်ကလည်း စကားစရမှာ ခက်နေပုံရှိသည်။

ဘာလိုလိုနဲ့ 'မာရီ' လာမယ့်ရက်ပင် နီးကပ်နေပါပြီ။ ဘယ်ရက်ဆိုတာ အတိအကျမသိပေမယ့် ဒီရက်ပိုင်းအတွင်းမှာပဲ ရောက်လာတော့မယ်ဆိုတာကို 'အရှင်း' ရိပ်မိနေပါပြီ။

'မာရီ' နဲ့ 'အရှင်း' မဆုံတွေ့ချင်ပါ။ 'လေးလေး' နဲ့သဘောမတူလို့လည်း မဟုတ်။ 'အရှင်း' ရင်ထဲမှာ တစ်မျိုးကြီးခံစားနေရတာပဲသိသည်။

'လေးလေး' ကိစ္စနဲ့ပတ်သက်ပြီး ခေါင်းရှုပ်နေရတာကြောင့် သူနဲ့ပတ်သက်တဲ့ ကြည်နူးရင်ခုန်မှုကိုပင် ဦးစားမပေးနိုင်သေးပါ။ 'အရှင်း' ဘက်က သူ့ကိုချစ်တယ်လို့ အဖြေပေးလိုက်၊ နောက်တစ်နေ့ 'လေးလေး' နားထဲ ရောက်သွားမှာကျိန်းသေနေပါပြီ။

အဲ့ဒီအခါကျမှ 'အရှင်း' ကို စိတ်ချသွားရပြီဆိုပြီး 'မာရီ' နောက်ကို ကောက်ကောက်ပါအောင် လိုက်သွားမှခက်ရည်။



www.burmeseclassic.com

www.burmeseclassic.com



'အရှင်း' ရင်ထဲ 'လေးလေး' အပေါ် သနားစိတ်၊ စေတနာထားစိတ်လေး ဝင်သလိုရှိပေမယ့် တစ်ကိုယ်ကောင်းဆန်တဲ့ အတ္တစိတ်ကလေးလည်း ရှိနေပြန်ပါသေးသည်။

အချိန်တန်တော့လည်း 'အရှင်း' ကိုယ်တိုင် အိမ်ထောင်ပြုမှာပါပဲ။

ကိုယ်နှစ်သက်တဲ့သူ ချစ်တဲ့သူကလည်း ကိုယ်နဲ့ထပ်တူ မေတ္တာပြန်ရှိနေတာကြောင့် 'အရှင်း' ရဲ့ဘဝခရီးလမ်းက ချောမွေ့ဖြောင့်ဖြူးနေရလေသည်။

သူ့ကိုချစ်တာ သေချာပေမယ့် မိန်းကလေးပီပီ အိုင်တင်ခံဖို့လိုသေးတာ မဟုတ်လား။ လေးငါးလလောက် အချိန်ဆွဲပြီးမှ အဖြေပြန်ပေးဖို့ 'အရှင်း' က ဆုံးဖြတ်ပြီးသားပါ။

ချစ်သူတွေဖြစ်သွားပြီး သိပ်မကြာခင် လက်ထပ်ဖို့ကိုလည်း 'အရှင်း' ကကြိုတွေးထားသည်။ ကိုယ်တွေရဲ့ အသက်အရွယ်တွေက အချိန်ဆွဲလို့ ကောင်းတဲ့အရွယ်တွေမှ မဟုတ်တော့တာ။

ကိုယ့်အတွေးနဲ့ ကိုယ်ကတော့ ဟုတ်နေပါပြီ။ ဒါပေမယ့် လက်တွေ့မှာတော့ သူ့ရှေ့ရောက်ရင် လိုအပ်တာထက်ကို ခပ်တင်းတင်းကလေး ဆက်ဆံပြမိသည်။





သူနဲ့တွေ့ရင် ဆိုးချင်တာရယ်၊ အနိုင်လိုချင်တာရယ်၊ ကိုယ့်ရဲ့အနွံ့တာကို ဘယ်လောက်ထိ ခံနိုင်သလဲဆိုတာကို စမ်းသပ်တဲ့သဘောလည်း ပါ,ပါသေးသည်။

သူ့ရဲ့ဂရုစိုက်မှု၊ သူ့ရဲ့ အရေးထားမှုတွေကို နှစ်သက်ကြည်နူးတာမှန်ပေမယ့် အချစ်လွန်ပြီး သဝန်တိုတတ်လွန်းသော သူ့ရဲ့ အဖြစ်သည်းမှုတွေကိုတော့ အမြင်ကတ်မိပါသည်။

'အရှင်း' အနေနဲ့လည်း စိတ်ထဲကျဉ်းကြပ်၍ နေရတာ မလွတ်လပ်တော့ပါ။ ချစ်တယ်ဆိုတဲ့စကား သူ့နှုတ်က ပြောပြီးတဲ့နောက်မှာမှ သူ့လုပ်ရပ်တွေက ပေါ်တင်ကြီး ဆိုးဝါးလွန်းလာတာသာဖြစ်သည်။

ဝပ်ရှော့ဘက်မှာ နေတာနည်းလာပြီး၊ 'အရှင်း' ရှိနေတဲ့ဆိုင်ဘက်မှာပဲ သူ လာပြီး တရစ်ဝဲဝဲလုပ်နေတာ အလုပ်တစ်ခုလုံးက လူတွေလည်း သိကုန်ကြပါပြီ။

အတည်အတံ့ သူ့ဘက်ကဖြစ်နေတာမို့ လူတွေသိသွားတာကို 'အရှင်း' က ဂရုမစိုက်ပေမယ့် လုပ်ငန်းပိုင်းမှာ ထိခိုက်လာတဲ့အခါကျတော့ 'အရှင်း' က သူ့ကိုနားချရပါသည်။

လုပ်ငန်းက သူ ပိုင်ဆိုင်တဲ့လုပ်ငန်းဖြစ်ပေမယ့် 'အရှင်း' က ကိုယ့်လုပ်ငန်းလိုပင် သဘောထားပြီး စိုးရိမ်ပူပန်စွာ



www.burmeseclassic.com

www.burmeseclassic.com



ပြောမိသည်။

"ရှင် ဒီမှာကြီးပဲ လာ,လာ နေ,နေတာ အရေးမကြီးဘူး... ဝပ်ရှော့ပိုင်းဘက်မှာ လစ်ဟင်းကုန်လိမ့်မယ်နော် 'ကိုကျော်အေး' ကိုယ်တာဝန်ယူရတဲ့ လုပ်ငန်းပိုင်းကို သေချာစိစစ်ပြီး ဂရုစိုက်စမ်းပါရှင်... ဒီပစ္စည်းရောင်းတဲ့ဘက်က ကျွန်မ ရှိနေပြုရတယ်"

" 'အရှင်း' တို့ဘက်က အရောင်းပိုင်းကို လာကူညီတာမှ မဟုတ်ဘဲ... 'အရှင်း' ရဲ့ အနားမှာနေချင်လို့ တမင်လာနေတာ... ဝပ်ရှော့ဘက်အပိုင်းက စိတ်ချရပါတယ်... ငွေရေးကြေးရေးပိုင်းအတွက်လည်း ပူစရာမရှိဘူး... ဘောက်ချာနဲ့လုပ်တာပဲဟာ"

"အဲ့ဒီလို ပေါ့ပေါ့လေးတွေးလို့ ရမလား... ကောင်လေးတွေက လာပြင်တဲ့သူနဲ့ညှိပြီး ဈေးလျှော့ပေးဘာပေးနဲ့ ဘောက်ချာမရေးပေးဘူးဆို ဘယ်လိုလုပ်မလဲ"

သူ ဘာမှမပြောဘဲ ငြိမ်သက်၍သာ နေ,နေသည်။

"ဒီကို မလာရဘူး မဟုတ်ဘူး... လာပါ ဒါပေမယ့် အ‌ချိန်ကန့်သတ်ချက်တော့ ထား,ထားလေ... နေ့လည်ထမင်းစားချိန်လာပြီးရင် နေ့ခင်းလက်ဘက်ရည်သောက်ဖို့ တစ်ခေါက်လာ... ပြန်ရင် အတူတူပဲ ပြန်ကျတာပဲ မဟုတ်လား... ဒါ





တောင် ညဆိုင်းကို လူယုံနဲ့လွှဲထားတာနော်... ပစ္စည်းတွေယူသုံးတာကတော့ စိတ်ပူစရာမရှိဘူး... စာရင်းအတိအကျ ရှိတယ် ရေဆေး ဆီထိုး ကားပြင်တာတွေကျတော့ သူတို့ပြောသမျှကိုပဲ ယုံရမှာ"

"ပူ့... ရင်မောစရာတွေ မပြောပါနဲ့ 'အရှင်း' ရာ... 'အရှင်း' နဲ့ပတ်သက်ပြီး ကျွန်တော့်ရင်ထဲ မှာ မောနေဆဲပဲ"

"ရင်မောရအောင် 'အရှင်း' က ဘာလုပ်နေလို့လဲ... ရှင့်ရှေ့မှာပဲ အေးအေးဆေးဆေး နေ,နေတာပဲ မဟုတ်လား"

"ဒါကတော့ ဟုတ်ပါတယ်...ဒါပေမယ့် သေချာတဲ့အဖြေရမှမရသေးတာကွာ... အဖြေမရမချင်း ကျွန်တော်ရင်ထဲမှာ ပူပင်နေရတယ်...စိတ်မောနေရတယ်... နောက်တစ်ယောက်ပြိုင်ဘက်ပေါ် မလာဘူးလို့ မပြောနိုင်ဘူးလေ"

သူ့စကားက ရယ်စရာကောင်းနေရတာမို့ 'အရှင်း' က အသံထွက်အောင်ပင် ရယ်မိသွားရသည်။ဖြူစိမ့်နေသောအသားအရည်နဲ့လိုက်ဖက်အောင် ဒီနေ့ 'အရှင်း' က လိမ္မော်ရောင်ရင်ကွဲတွင်းစက်ကလေးကို စကပ်ထမိန်အနက်ကလေးနဲ့ တွဲဝတ်ထားပါသည်။

ဆံပင်က ပုံမသွင်းတာကြာပြီမို့ ပခုံးကျော်ကျော်ရှည်ကာ



www.burmeseclassic.com

www.burmeseclassic.com



'အရှင်း' ကစုစည်းထားလိုက်သည်။ ကျန်ရှိနေသေးတဲ့ အနားအ
ကောက်တွေက ပုံကျစွာလှုပ်နေပါသေးသည်။

"အလုပ်ပြင်တာကတော့ မိန်းမသားတို့သဘာဝမို့ လှချင်
လို့ကိုပြင်တာပါ။ သူ့ရှေ့မှာ တစ်နေကုန်နီးပါးနေရမှာမို့ ခါ
တိုင်းတွေထက် ပိုအသေးစိတ် ပြင်နေမိတာကို 'အရှင်း' တစ်
ယောက်တည်းပဲ သိပါသည်။

ဒီလို ရှိုးထုတ်နေရတာတွေကလည်း ဘယ်ယောကျ်ား
တစ်ယောက်အတွက်မှ မဟုတ်။ 'ကျော်ဇော' ဆိုတဲ့ သူ့အတွက်
ပါပဲ။ ဒါကို နားမလည်ဘဲ သူ့ဖါသာသူ စိတ်မချဖြစ်နေတာ
'အရှင်း' လည်းမတတ်နိုင်ပါ။

"သိပ်သဘောကျနေတယ် ဟုတ်လား... ခါတိုင်းနဲ့ကို
မတူဘူး... အလုပ်ကိုလာတာ ရှိုးစမိုးတွေ သိပ်ထုတ်လွန်း
တယ်... သူ အဲ့ဒီလို လုပ်လွန်းလို့ ကားလာပြင်တဲ့သူတွေက
အကြောင်းမရှိအကြောင်းရှာ ဒီဆိုင်ဘက်ကိုပဲ လာ,လာနေတာ
ပေါ့"

သူ့ရဲ့ သဝန်တိုမှုက ဗရမ်းဗတာ နိုင်လှလေသည်။

"လာတော့ကောင်းတာပေါ့... သူတို့များများလာလေ
ပစ္စည်း များများရောင်းရလေပဲပေါ့ ရှင့်အတွက်ပိုပြီးတော့တောင်





တွက် ချောကိုက်ပါသေးတယ်... ကားပြင်ခလည်း ရတယ်...
ပစ္စည်းလည်း ရောင်းရတယ်လေ"

"မလိုချင်ပါဘူး... 'အရှင်း' အလုပ်က ငွေကိုင်နဲ့စာ
ရင်းကိုင်လေ... ပစ္စည်းရောင်းတဲ့ဘက်မှာ မပါဘူး... 'မောင်ထူး'
တစ်ယောက်တည်း မနိုင်မှာစိုးလို့တောင် နောက်တစ်ယောက်
ထပ်ထည့်ပေးထားသေးတယ်... 'အရှင်း' ဝင်ကူညီနေစရာကို
မလိုဘူး"

"မလိုပေမယ့် လိုအပ်တာ ဘာညာတော့ နည်းနည်းပါး
ပါးဝင်ပြောပေးရတာပေါ့... 'မောင်ထူး' တို့က စကားပြောရင်
ဘယ်တော့မဆို ယတိပြတ်ကြီး... ဘယ်တော့မှအလျှော့အတင်း
ဆိုတာ မရှိဘူး... ဝယ်တဲ့သူကတော့ ဈေးဆစ်ကြမှာချည်းပဲ...
ကိုယ့်ဘက်က သူတို့စိတ်ကြိုက် နည်းနည်းပါးပါး ဈေးညှိပြီး
ပေးလိုက်တော့လည်း ကိုယ့်ပစ္စည်း ရောင်းထွက်သွားတာပဲပေါ့"

"ရောင်းမထွက်ရင်လည်းနေ... 'အရှင်း' ဝင်မပါနဲ့ လာ
ဝယ်တဲ့သူတွေက ယောကျ်ားတွေကြီးပဲ"

ရှင်းပြကာမှ တစ်ဆင့်ပြီးတစ်ဆင့် သူက ပိုတိုးလာ
ပါသည်။

"ယောကျ်ားတွေကြီးပဲဆိုတော့ ဘာဖြစ်သလဲ...နဂိုက



www.burmeseclassic.com

www.burmeseclassic.com



တည်းကယောကျ်ားအများစု ရှိနေမှန်းသိရက်နဲ့ ရှင်ခန့်ခဲ့တာပဲ… ခုမှတော့အပိုလုပ်ပြီး ပြောမနေနဲ့တော့”

“ပြောရမှာပဲ… ကျွန်တော် မကြိုက်ဘူးဆို ‘အရှင်း’ ဘက်က ဆင်ခြင်လိုက်ပေါ့”

“အို ဘာဆိုင်လို့လဲ… ကျွန်မကို မချုပ်ချယ်နဲ့နော်… လုံးဝမကြိုက်ဘူး”

သူက စိတ်တိုသလို ပုံစံမျိုးဖြင့် မျက်လုံးကြီးစွေကာ ကြည့်နေလေသည်။

“ကဲ ဒီကိုရောက်နေတာ ကြာလှပြီ သွားတော့လေ… ထမင်းစားချိန်ကျမှပဲ ပြန်လာခဲ့… ဒီနေ့ ကျွန်မစောစောပြန်မယ်နော်… ‘လေးလေး’ က ကိစ္စရှိတယ်တဲ့… သူ လာကြိုပေးမယ်လို့ ပြောတယ်”

“ဘယ်ကို သွားကြမှာလဲ”

“မသွားဘူး… အိမ်ကိုပဲပြန်မှာပါ”

“ဒါဆို ကျွန်တော်ပဲ ပြန်လိုက်ပို့ပေးမယ်… အစ်ကိုကြီးကို ကြိုခိုင်းမနေနဲ့တော့”

“ရတယ်လေ”

သူ စိတ်ကျေနပ်အောင်လို့ ‘အရှင်း’ က သူ့စကားကိုနား





ထောင်ပေးလိုက်ပါသည်။ ညနေပိုင်း ‘လေးလေး’ နဲ့ရှင်ဆိုင်ရမယ့်ကိစ္စကို ကြိုသိချင်နေမိ၏။အကြောင်းကိစ္စ အရေးမကြီးဘဲနဲ့တော့ အလုပ်ကနေတကူးတက ကြိုစောပြီး ပြန်လာခိုင်းမယ်မထင်။‘မာရီ’ များရောက်လာလို့ မိတ်ဆက်ပေးချင်၍ ခေါ်တာလားမသိပါ။



www.burmeseclassic.com

www.burmeseclassic.com



## ၁၈

အိမ်ပြန်လာရာ လမ်းတလျှောက်လုံး 'အရှင်း' ရဲ့ မျက်နှာက မကြည်မလင် ဖြစ်ကာနေ၏။ ဘာကိစ္စမှန်း မသိပေမယ့် ရင်ထဲမှာ ရှုပ်ယှက်ခတ်ပြီး နေလို့မကောင်းတာကို 'အရှင်း' တစ်ယောက်တည်းပဲ သိနေပါသည်။

"အစ်ကိုကြီးက 'အရှင်း' ကို ဆူမှာမို့လို့လား... 'အရှင်း' တို့နှစ်ယောက်ကြားမှာ ဘာပြဿနာတွေ ရှိနေလို့လဲ... ဖွင့်ပြောသင့်တာဆိုရင် ကျွန်တော့်ကို ဖွင့်ပြောပြီး တိုင်ပင်လို့ရပါတယ် 'အရှင်း' ရယ်... ကျွန်တော့်ဘက်က အတတ်နိုင်ဆုံး





အကူအညီပေးပါ့မယ်"

'အရှင်း' ရင်မောစွာဖြင့် သက်ပြင်းချဖြစ်သွားရသည်။

"'လေးလေး' ရဲ့ ကိုယ်ရေးကိုယ်တာပါ... 'အရှင်း' နဲ့ မပတ်သက်ပါဘူး... ဒါပေမယ့် 'အရှင်း' ရဲ့ဆန္ဒက အရေးကြီးနေတယ်လို့များ 'လေးလေး' စိတ်ထဲ ထင်နေသလားမသိပါဘူး... 'အရှင်း' ဘက်က ကန့်ကွက်ဖို့မရှိပါဘူး... 'လေးလေး' တစ်ယောက် ဒီနိုင်ငံကနေ ပြန်ထွက်သွားမှာကိုပဲ စိုးရိမ်နေတာ"

"တစ်ခုခု အရေးအကြောင်းရှိရင် ကျွန်တော့်ဆီ ဖုန်းဆက်လိုက်နော် 'အရှင်း'... ကျွန်တော် ဖုန်းဖွင့်ထားမယ်"

'အရှင်း' အိမ်ကို ပြန်ရောက်တော့ 'လေးလေး' ပြန်ရောက်မလာသေးပါ။ လန်းဆန်းသွားအောင် ရေချိုးလိုက်ပါသည်။ ရေချိုးပြီး အောက်ထပ်ကိုပြန်ဆင်းလာတော့ ဧည့်ခန်းမှာ 'လေးလေး' နဲ့အတူ ဧည့်သည်တစ်ယောက်ကိုပါ တွေ့လိုက်ရလေသည်။

စာချုပ်စာတမ်းတွေနဲ့ ဘာအလုပ်တွေ ရှုပ်နေကြမှန်းမသိပါ။

"သမီး ရေချိုးနေတယ်ဆိုလို့ 'လေးလေး' က မခေါ်နိုင်းသေးတာ... ထိုင် ဒါ ရှေ့နေကြီး 'ဦးရဲခေါင်' တဲ့... ကိစ္စလေးတွေ



www.burmeseclassic.com

www.burmeseclassic.com



ရှိလို့ 'လေးလေး' ခေါ်လာခဲ့တာ"

ရှေ့နေပါ ခေါ်ရတယ်ဆိုတော့ 'လေးလေး' ရဲ့ ကိစ္စကဥပဒေနဲ့ သက်ဆိုင်နေပုံရသည်။ 'အရှင်း' ကတော့ဘာမှနားမလည်၍ 'လေးလေး' ပြောလာမယ့် စကားတွေကိုသာ စောင့်နားထောင်နေမိပါသည်။

'အရှင်း' ကိုကြည့်လာသော 'လေးလေး' ရဲ့ အကြည့်က မဝံ့မရဲနဲ့ အားနာနေပုံရသည်။ ပြောမယ့်စကားကိုလည်း ချိန်ဆနေပုံရသည်။

"ပြောစရာရှိတာကို ပွင့်ပွင့်လင်းလင်း ပြောလို့ရပါတယ်... 'လေးလေး' က 'အရှင်း' ကို အားနာနေတာလား... 'လေးလေး' ဖြစ်ချင်တာကို ပြောပါ"

"'လေးလေး' ပြောတာကို သမီးစိတ်ထဲ တစ်မျိုးမြင်သွားမှာလည်း စိုးတယ်... 'လေးလေး' က စေတနာနဲ့ ဒီလိုကိစ္စတွေကို စီစဉ်ရတာပါ... သမီးစိတ်ထဲ ရှင်းရှင်းလင်းလင်း သဘောပေါက်သွားဖို့က အဓိက အရေးကြီးနေတယ်"

"ပြောပါ 'လေးလေး'... 'အရှင်း' အပေါ်မှာ ဘယ်ကိစ္စမဆို 'လေးလေး' စေတနာထားပြီး လုပ်မယ်လို့ပဲ ယုံကြည်ပါတယ်... အထင်လွဲတဲ့ ကိစ္စမျိုးတွေ 'အရှင်း' ဘက်က ဖြစ်မှာ





မဟုတ်ပါဘူး"

"အင်း 'လေးလေး' ပြောချင်တာက သမီးကို အမွေခွဲပေးမလို့ပါ... သမီး ရသင့်ရထိုက်တာမှန်သမျှအပြင် 'လေးလေး' ပိုင်ဆိုင်တဲ့ ပစ္စည်းတချို့ကိုပါ သမီးနာမည်လွှဲပေးချင်တာ"

'အရှင်း' စိတ်ထဲ အံ့ဩရလွန်းတာမို့ ဘာစကားမှ ပြန်မပြောနိုင်ခဲ့ပါ။ အမွေခွဲတယ်ဆိုတာ ဘာသဘောပါလဲ။

ဒီဦးလေးနဲ့ ဒီတူမ နှစ်ယောက်တည်း ရှိတဲ့ဘဝမှာ အမွေဆိုတာမျိုးက ခွဲခြမ်းစိတ်ဖြာဖို့ လိုတဲ့အရာလား။ 'လေးလေး' ဘယ်လို အကြံဉာဏ်မျိုးတွေနဲ့ ဒီကိစ္စကို စီစဉ်ရတာလည်းမသိ။

'အရှင်း' ကတော့ အဓိပ္ပါယ်မရှိတဲ့ လုပ်ရပ်လို့သာ ထင်မိသည်။

"ဘာဖြစ်လို့လဲ... 'လေးလေး' ဆီကနေ အမွေလိုချင်တယ်ဆိုပြီး 'အရှင်း' ကတောင်းခဲ့ဘူးလို့လား... 'လေးလေး' လုပ်နေတာတွေ 'အရှင်း' နားမလည်တော့ဘူး"

"နားလည်အောင် 'လေးလေး' ရှင်းပြမှာပါ... 'လေးလေး' တို့တူဝရီးနှစ်ယောက်တည်း နေရင်တော့ အကြောင်းမဟုတ်ပေမယ့် သူစိမ်းတွေဖက်လာတဲ့အခါမှာ မလိုလားအပ်တဲ့ ပြဿနာတွေ မတက်စေချင်ဘူး သမီးရယ်... ကြိုတင်ပြီး ရှင်းလင်း



www.burmeseclassic.com

www.burmeseclassic.com



လင်းလုပ်ထားလိုက်တော့ သမီးဘဝအတွက် စိတ်ချရတာပေါ့ ကွယ်... 'လေးလေး' ပြောတာကို သဘောပေါက်လား"

"ဟင့်အင်း မပေါက်ဘူး... သူစိမ်းဖက်တယ်ဆိုတဲ့ကိစ္စက 'လေးလေး' ဘာကိုဆိုလိုတာလဲ...'အရှင်း' နားလည်အောင်သေချာ ပြောပြ... 'လေးလေး' ဆိုလိုတဲ့သဘောက 'ကိုကျော်ဇော' နဲ့တွဲနေတဲ့ကိစ္စကို ကြည့်ပြီးပြောတာလား... ရတယ် 'လေးလေး' မကျေနပ်ဘူးဆိုရင် 'အရှင်း' သူနဲ့မတွဲတော့ဘူး... သူ့အလုပ်ကလည်းထွက်လိုက်မယ်... သူနဲ့ 'အရှင်း' နဲ့ဘာမှဖြစ်ကြသေးတာ မဟုတ်ဘူး... 'အရှင်း' ဘက်မှာ ပတ်သက်နေတဲ့ ဘာသူစိမ်းမှမရှိတော့ရင် ဒီအမွေကိစ္စကို 'လေးလေး' လုပ်စရာမလိုတော့ဘူးပေါ့... ဟုတ်တယ် မဟုတ်လား"

'အရှင်း' ရဲ့ စကားသံတွေက တုန်ခါပြီး ကျယ်လောင်နေပါသည်။ အမွေခွဲတယ်ဆိုကတည်းက ကိုယ့်ဘဝနဲ့ကိုယ် လျှောက်လှမ်းတော့ဆိုတဲ့ သဘောမျိုးဖြစ်မနေပေဘူးလား။

'လေးလေး' ကိုယ်လွတ်ရုန်းချင်လို့သာ ဒီလိုကိစ္စမျိုးကိုစီစဉ်နေတာပေါ့။ 'အရှင်း' ဘက်က ဘာပစ္စည်းဥစ္စာကိုမှလည်း မက်မောလိုချင်စိတ် မဖြစ်ခဲ့ပါ။

စိတ်ချမ်းချမ်းသာသာနဲ့ နေရရင်ပဲ 'အရှင်း' ကျေနပ်နေမိ





ပါပြီ။

"'မောင်ကျော်ဇော' နဲ့ တွဲလို့ ဒီကိစ္စကို 'လေးလေး' စီစဉ်တာမဟုတ်ဘူး... နဂိုကတည်းက 'လေးလေး' မှာ ရည်ရွယ်ချက်ရှိပြီးသား... 'လေးလေး' ဘဝကိုလည်း 'လေးလေး' ဖါသာလျှောက်ရအုံးမှာလေ"

မျက်ရည်ဝဲသောအကြည့်ဖြင့် 'အရှင်း' ငြိမ်သက်စွာပင် 'လေးလေး' ကို ငေးနေလိုက်ပါသည်။

"အခု 'လေးလေး' ဆက်လုပ်မယ့်အလုပ်တွေက 'လေးလေး' တစ်ယောက်တည်းရဲ့ အရှင်းအနှီး မဟုတ်တော့ဘူး... 'မာရီ' ရဲ့ အရှင်းအနှီးတွေပါ,ပါလာပြီ... 'လေးလေး' တို့ မြန်မာတွေကကိုယ့်ဆွေမျိုးဘာညာဆိုပြီး ထည့်မတွက်ကျပေမယ့် 'မာရီ' တို့ကျတော့ ချစ်ခင်တာနဲ့ စီးပွားရေးကို မရောကျတော့ဘူး... လုပ်ငန်းဖြစ်ထွန်း အောင်မြင်လာတာနဲ့အမျှ 'လေးလေး' ရဲ့ ကိုယ်ပိုင်ပစ္စည်းတွေကိုပါ သူ့ရှယ်ယာလို့ထင်လာရင် မခက်ပေဘူးလား... အဲ့ဒီလိုမျိုးတွေ 'လေးလေး' က အဖြစ်မခံနိုင်ဘူး... ဒီတော့ ရှေ့နေကြီးနဲ့ ဒီကိစ္စကို စီစဉ်ရတာပဲ"

"ဘာအမွေကိုမှ 'အရှင်း' မလိုချင်ဘူး... ပစ္စည်းဥစ္စာတွေကိုလည်း 'အရှင်း' ကတွက်ချက်ပြီး မက်မနေဘူး... 'လေး



www.burmeseclassic.com

www.burmeseclassic.com



လေး' ရဲ့ 'မာရီ' လိုချင်တယ်ဆိုရင်လည်း အကုန်လုံးပေးလိုက်ရ
တယ်... 'အရှင်း' ဖါသာ အဆောင်မှာ သွားနေမယ်"

"'လေးလေး' ပြောတာကို သမီးကသဘောမပေါက်သေး
ဘူးလားကွယ်... 'မာရီ' ကလိုချင်လို့ ဒီအမွေကိစ္စကို လုပ်နေရ
တာမဟုတ်ဘူး... သမီးအတွက် 'လေးလေး' က စေတနာနဲ့ကြို
စီစဉ်ပေးထားတာ... နောက်ပိုင်း 'လေးလေး' ပိုင်ဆိုင်လာရမယ့်
စည်းစိမ်ဥစ္စာတွေကလည်း သမီးအတွက်ပဲဖြစ်မှာပါ...

ခုလောလောဆယ်က ဒီခြံ ဒီတိုက်ကော ဘဏ်ကရှိတဲ့
ငွေနဲ့ ကျန်ခဲ့တဲ့အတွင်းပစ္စည်းအားလုံးကို သမီးနာမည်နဲ့လွှဲပေး
ချင်တာ 'လေးလေး' ပြောတာကို မငြင်းနဲ့"

'လေးလေး' ပြောတဲ့ပိုင်ဆိုင်ခွင့်တွေသည် ဖေဖေနဲ့ 'လေး
လေး' နဲ့ နှစ်ဦးပိုင်အမွေပစ္စည်းတွေပါ။ ဒါတွေအားလုံးကို
'အရှင်း' တစ်ယောက်တည်း နာမည်နဲ့ လွှဲပေးမယ်ဆိုတော့
'အရှင်း' ဘက်က တရားပါ့မလား။

'လေးလေး' ရဲ့ လုပ်ငန်းတွေထဲ ထည့်ဖို့ အရင်းအနှီးက
ရော ဘယ်မှာလဲ။

" 'အရှင်း' နာမည်နဲ့ အကုန်လွှဲပေးတော့ 'လေးလေး'
ရဲ့ပိုင်ဆိုင်မှုက ဘာရှိတော့မှာလဲ... အလုပ်,လုပ်ဖို့ ရင်းနှီးရမယ့်





ငွေကကော ဘယ်ကရမှာလဲ"

"ဒါတွေအတွက် သမီးဘာမှ တွေးပူမနေနဲ့... 'လေး
လေး' ဖါသာ အားလုံးဖန်တီးနိုင်တယ်... သမီးသာ 'လေးလေး'
ပြောတာကို သဘောတူလက်ခံတယ်ဆိုရင် စာချုပ်မှာလက်မှတ်
ထိုးနော်"

" 'လေးလေး' က ဒီအိမ်မှာ မနေတော့ဘူးလား"

"နေမှာပေါ့ကွာ... ဒီမှာ မနေလို့ ဘယ်မှာသွားနေရမှာ
လဲ"

'လေးလေး' ကျေနပ်အောင်လို့ စာချုပ်တွေမှာ 'အရှင်း'
လက်မှတ်ထိုးပေးလိုက်ပါသည်။ ရှေ့နေကြီး ပြန်သွားတဲ့အခါ
ကျတော့မှ မေးစရာရှိတာ မေးခွန်းတွေကို ဆက်မေးရပါတော့
သည်။

" 'လေးလေး' ရဲ့ 'မာရီ' က ဒီကိုလာတော့မှာလဲ"

"အင်း သဘက်ခါရောက်မယ်... ဒီကိစ္စတွေနောက်မှ
ပြော... လက်ဝတ်လက်စားတွေ သိမ်းထားလိုက်အုံး... သမီး
မေမေ့ရဲ့ပစ္စည်းတွေလည်းပါတယ်"

မုန့်ဘူးအသေးစားလေးနဲ့ ထည့်ထားသော လက်ဝတ်
လက်စားတွေကို 'အရှင်း' လက်ထဲလာအပ်လေသည်။ ဒီပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရှိတယ်ဆိုတာကိုတောင် 'အရှင်း' မသိခဲ့ပါ။

ဖေဖေကလည်း မပြောခဲ့။ လက်ဝတ်လက်စား ရတနာပစ္စည်းတွေနဲ့ပတ်သက်လို့ ဖေဖေဝယ်ပေးထားသော 'အရှင်း' ရဲ့ ကိုယ်ပိုင်ပစ္စည်းတွေသာ ရှိပါသည်။

အခုမှ 'လေးလေး' က ထုတ်ပေးတာဖြစ်၏။

"ဒီပစ္စည်းတွေ သိမ်းထားရတာ တာဝန်ကြီးတယ်... 'အရှင်း' သိမ်းမထားချင်ဘူး... 'လေးလေး' ပဲ သိမ်းထားပေးပါ"

" 'လေးလေး' သိမ်းပေးထားတာ ကြာခဲ့ပြီပဲကွယ်... သမီးဖါသာပဲ သိမ်းထားလိုက်ပါတော့"

" 'မာရီ' နဲ့ကိစ္စကို ဆက်ပြောပါ 'လေးလေး'... 'အရှင်း' ကို အားမနာပါနဲ့"

"ဘာပြောရမှာလဲ"

"'မာရီ' ဒီကိုလာတာ အလည်သက်သက်ပဲလား... ဒါမှမဟုတ်အကြောင်းကိစ္စ တစ်ခုခုရှိလို့လား"

"အလုပ်ကိစ္စနဲ့လည်း ပါတယ်... 'လေးလေး' နဲ့ပတ်သက်တဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စလည်း ပါ,ပါတယ်"

" 'လေးလေး' ပတ်သက်တဲ့ ကိစ္စကိုပဲ 'အရှင်း' က သိချင်





တာ"

မျက်နှာချင်းဆိုင် ဆုံတွေ့နေမှတော့ သိချင်နေတဲ့ကိစ္စကို 'အရှင်း' က ပွင့်လင်းစွာပဲ မေးကြည့်လိုက်ပါသည်။ ဒီအခြေအနေမှာမှ မမေးရင် ဘယ်အချိန်ကျမှ 'အရှင်း' က မေးရမှာလဲ။

ကိစ္စတွေအားလုံး စီစဉ်ပြီးတော့မှ ဖြန်းကနဲ သိလိုက်ရတဲ့ အဖြစ်မျိုးကိုလည်း လက်မခံနိုင်ပါ။ 'လေးလေး' ပုံစံက ပြောရမှာကို နှုတ်တွန့်နေပုံရပါသည်။

"ပြောရခက်နေလို့လား 'လေးလေး'..."

"မဟုတ်ပါဘူး... သမီး စိတ်မကောင်းဖြစ်သွားမှာ စိုးလို့ပါ"

" 'လေးလေး' နဲ့ 'မာရီ' နဲ့ လက်ထပ်ဖြစ်ကြလိမ့်မယ်"

"ထင်တော့ ထင်သားပဲ... လက်ထပ်ပြီးရင် နေထိုင်ဖို့အစီအစဉ်ကို 'လေးလေး' က ဘယ်လိုစိတ်ကူးထားသလဲ"

"မသိသေးဘူး... ပြီးမှ သေချာညှိနှိုင်းရမှာပဲ... ဟိုကို 'လေးလေး' မလိုက်ဖြစ်တာတော့ သေချာတယ်... 'မာရီ' 'လေးလေး' နဲ့အတူ ဒီမှာပဲနေရမှာပေါ့"

"ဒီအိမ်မှာပဲလား"

"ဒါကတော့ သမီးရဲ့သဘောပါ... 'လေးလေး' ကတော့



www.burmeseclassic.com

သမီးနဲ့ အနီးကပ်နေချင်တာပေါ့... 'မာရီ' ရှိတော့လည်း တိုင်ပင်ဖော်တိုင်ပင်ဖက်ရတာပေါ့လေ... ဒီလိုမှ အဆင်မပြေရင် 'လေးလေး' တို့ ကွန်ဒိုတိုက်ခန်းတစ်ခန်း ဝယ်နေလိုက်မယ်"

'လေးလေး' ရဲ့ ဆုံးဖြတ်ချက်က ခိုင်မာနေပြီမို့ 'အရှင်း' ဘာကိုမှ ဝင်မပြောချင်တော့ပါ။ ဝမ်းနည်းစွာဖြင့် ဝေ့ ဖွက်လာခဲ့လိုက်ပါသည်။





၁၉

'အရှင်း' ရဲ့စိတ်ထဲမှာ 'လေးလေး' ကိစ္စနဲ့ပတ်သက်ပြီး မကျေလည်သလို ဖြစ်နေတာမို့ မျက်နှာထားကလည်း ကြည်လင်မှု ရှိမနေခဲ့ပါ။

ဘယ်သူနဲ့မှလည်း ဟက်ဟက်ပက်ပက် စကားမပြောချင်ပါ။ တွေးချင်ရာလျှောက်တွေးနေရတာကမှ 'အရှင်း'အတွက် ပိုပြီး အဓိပ္ပါယ်ရှိနေပါအုံးမည်။

အိမ်မှာနေရင် 'လေးလေး' နဲ့ ရင်ဆိုင်နေရမှာစိုး၍ အလုပ်သို့လာခဲ့မိခြင်းဖြစ်သည်။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ခါတိုင်းရက်တွေတုန်းကတော့ အလုပ်သွားအလုပ်ပြန်ကို 'ကိုကျော်ဇော' ကားနဲ့အတူ လိုက်ခဲ့ပေမယ့် ဒီနေ့တော့သူ့ကို လာမကြိုခိုင်းတော့ဘဲ ကိုယ့်ကားကို မောင်းလာခဲ့လိုက်ပါသည်။

အလုပ်ကစောစောဆင်းပြီး တစ်နေရာရာမှာ သွားထိုင်နေမိဖို့ ဆုံးဖြတ်ထားပါသည်။

"'အရှင်း' နေကောင်းရဲ့လား"

သူ မေးတာကို ခေါင်းပဲညိတ်ပြလိုက်မိသည်။

"အခက်အခဲတွေရှိရင် ကျွန်တော့်ကို တိုင်ပင်ပါ 'အရှင်း' ရယ်... တစ်ယောက်တည်း စဉ်းစားနေရင် ပိုပင်ပန်းယုံပဲရှိမှာပေါ့"

"ဘာမှ မဖြစ်ပါဘူး... 'အရှင်း' တစ်ယောက်တည်း အေးအေးဆေးဆေးနေချင်တယ် 'ကိုကျော်ဇော' ရယ်"

"ကျွန်တော် 'အရှင်း' အနားမှာရှိနေတော့'အရှင်း'အတွက် အနှောင့်အယှက်ဖြစ်နေလို့လား"

သူ့ရဲ့ အလိုက်ကန်းဆိုးမသိ မေးလိုက်သောမေးခွန်းကြောင့် အရွဲ့တိုက်ချင်စိတ် 'အရှင်း' ရင်ထဲ ဝင်ရောက်လို့လာရတော့သည်။ အမြဲတမ်း အရိပ်လိုလိုက်ကြည့်ပြီး ပူပန်စပ်စုနေ





တတ်သော သူ့ရဲ့အချစ်ကို လက်ဖျားခါချင်လာရသည်။

နေရာတကာ 'အရှင်း' နဲ့ပတ်သက်တဲ့ကိစ္စတွေ မှန်သမျှသူ သိချင်နေတာ ကောင်းတဲ့အလုပ်လား။

လူတစ်ယောက်မှာ သူ့အတွေးနဲ့သူ လွတ်လပ်ခွင့်တွေ၊ လို့ဝှက်ချက်တွေတော့ ရှိအုံးမှာပေါ့။ 'အရှင်း' သူ့ကို နှစ်သက်ပေမယ့် သူနဲ့ ပတ်သက်တဲ့ကိစ္စမှန်သမျှတိုင်းကို စိတ်ဝင်တစားနဲ့ မစပ်စုတတ်ပါ။

သူကတော့ လွန်လွန်းပါသည်။ နှင်ထုတ် နေတာတောင်မှ ထွက်မသွား။ 'အရှင်း' ရဲ့ မျက်နှာက မာထန်ပြီးရှုပုပ်လို့လာရတော့သည်။

နဂိုကတည်းကလည်း ပေါက်ကွဲချင်နေတာပါ။ဘယ်သူ့ကိုမဲရမလဲလို့ ရှာမယ်ရှာနေဆဲ သူ ရောက်လာခဲ့တာ။

"'အရှင်း' မျက်နှာက ဘာဖြစ်သွားရတာလဲ... ကျွန်တော့်ကို မကျေနပ်ဘူးလား"

"ဟုတ်တယ် မကျေနပ်ဘူး... နေရာတကာ လိုက်,လိုက်ပါနေလို့ မုန်းတောင်မုန်းနေပြီ သိရဲ့လား"

"ကျွန်တော်ကတော့ 'အရှင်း' ကိုချစ်တယ်... "

"မချစ်နဲ့... ရှင့်အချစ်ကို လန့်တယ်... အသက်ရှုကြပ်



www.burmeseclassic.com

www.burmeseclassic.com



နေတာပဲ... လွတ်လွတ်လပ်လပ်ကို မရှိတော့ဘူး... ရှင် သိထားဖို့က ကျွန်မနဲ့ရှင်နဲ့ ချစ်သူတွေ မဟုတ်ကြသေးဘူးဆိုတာပဲ... ကျွန်မ ကြိုက်တဲ့သူကို ရွေးချယ်ပိုင်ခွင့်ရှိတယ်... အဲဒီအတွက် ကျွန်မရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စတွေမှာ ရှင် ဝင်,ဝင်မပါ,ပါနဲ့"

ပျက်ယွင်းသွားသော သူ့ မျက်နှာကိုကြည့်ပြီး 'အရှင်း' သနားသွားရသည်။

ကိုယ်ပြောတာ လွန်သွားတယ်ဆိုတာသိပေမယ့် ပြန်တောင်းပန်ဖို့ စိတ်ကူးတော့ ရှိမနေခဲ့ပါ။

" 'အရှင်း' ချစ်ရမယ့်သူကို တွေ့နေပြီလား"

"တွေ့နေပြီ... တွေ့နေပြီ"

"တကယ်ပြောတာလား"

"ဟုတ်တယ် တကယ်ပြောတာ"

ခြေလှမ်းကျဲနဲ့ သူ ပြန်လည်ထွက်သွားမှပဲ 'အရှင်း' စိတ်ကိုလျှော့ချလိုက်မိပါတော့သည်။ သူ နာကြည်းစိတ်ဆိုးသွားတယ်ဆိုရင်လည်း မတတ်နိုင်။

'အရှင်း' ကတော့ မှန်တဲ့အတိုင်း ပြောလိုက်တာပါပဲ။ သူ အမိပ္ပါယ် ကောက်လွဲသွားရင်တော့လည်း မတတ်နိုင်။ 'အရှင်း' ရင်ထဲမှာ ချစ်နေရသူက သူတစ်ယောက်တည်းပဲ ရှိနေခဲ့





တာမဟုတ်လား။

စိတ်ကိုလျှော့ချနေရင်း ကိုယ့်ရှေ့မှာ လူတစ်ယောက်လာရပ်တာကြောင့် မော့ကြည့်လိုက်မိသည်။

"ဟယ် 'သူရ' ဘယ်ကိုလာတာလဲ..."

'သူရ' ဆိုတာ 'လဲ့လဲ့' ရဲ့ မောင်ဝမ်းကွဲလေးပါ။

'လဲ့လဲ့' တို့အိမ်မှာပဲ နေပါသည်။ 'အရှင်း' တို့သူငယ်ချင်း တစ်အုပ်စုလုံးကို ကျောင်းတက်စဉ်ကာလ တလျှောက်လုံး အပို့အကြို လုပ်ပေးခဲ့တဲ့သူ ဖြစ်လေသည်။

'အရှင်း' တို့ အုပ်စုအနိုင်ကျင့်တာပဲ သူ့ရည်းစားနဲ့လည်း ပြတ်သွားရလေသည်။ နောက်တော့ 'သူရ' သင်္ဘောလိုက်သွားခဲ့လေသည်။

'အရှင်း' တို့နဲ့ အဆက်အသွယ်ပြတ်သွားတာ သုံးလေးနှစ်ပင် မကတော့ပါ။

"အစ်မဆီလာတာ... 'မလဲ့' လိပ်စာပေးလိုက်လို့ ရောက်ချလာရတာ... အစ်မဆီက အကူအညီ တောင်းစရာရှိလို့"

"ငါ့ဆီက... ဘာလဲပြော"

"ကျွန်တော့်ကိစ္စ မပြောခင် 'မလဲ့' အကြောင်း အရင်ပြောပြမယ်... 'မလဲ့' လေကားပေါ်က ခြေချော်ကျလို့ ခြေထောက်



www.burmeseclassic.com

www.burmeseclassic.com



ကျိုးနေတယ်... အခု ကျောက်ပတ်တီး ကိုင်ထားရတယ်"

"ဟယ် ဖြစ်မှဖြစ်ရလေ... သူငါ့ဆီ ဘာလို့ဖုန်းဆက်ပြီးမ ပြောသလဲ... တောင်ကြီးက ပြန်လာပြီးကတည်းက သူနဲ့ငါ တစ်ခါပဲ ဖုန်းပြောဖြစ်တာ... အလုပ်လိပ်စာပြောပြထားလို့ တော်သေးတာပေါ့"

"အစ်မ အခု အလုပ်ကထွက်လို့ရမလား... 'မလဲ့' ဆီ သွားမယ်လေ... ဟိုရောက်မှ ကိစ္စရပ်တွေအကုန်လုံးကို ပြောပြမယ်"

'အရှင်း' သဘောတူလိုက်မိပါသည်။ အစကတည်းက ဒီနေ့ အလုပ်စောဆင်းမယ်လို့ ဆုံးဖြတ်ထားခဲ့တာပဲ မဟုတ်လား။

"လိုက်ခဲ့မယ်လေ... 'သူရ' နင့်မှာကားပါလား"

"မပါဘူး... တက်စီနဲ့လာတာ"

"ဒါဆို ငါ့ကားကို နင်ပဲမောင်းတော့... လမ်းကြောင်းတွေကော မှတ်မိသေးရဲ့လား"

"ကျွမ်းပါတယ်ဗျာ... ကျွန်တော် ကားမောင်းကျွမ်းတာကို အစ်မ သိပါတယ်"

"အေးပါ အေးပါ"





ကားသော့ကို 'သူရ' လက်ထဲထည့်ကာ 'အရှင်း' ကတော့ 'ကိုကျော်ဇော' ရှိရာဆီ လာခဲ့လိုက်ပါသည်။ အလုပ်စောဆင်းတဲ့ ကိစ္စကို အလုပ်ရှင်ဖြစ်တဲ့ သူ့ဆီမှာ ခွင့်တောင်းရမှာ 'အရှင်း' ရဲ့ တာဝန်ဝတ္တရားတစ်ခုပါ။

သူ့မျက်နှာက ခါတိုင်းလို ကြည်လင်မနေပါ။ မှုန်မှိုင်းမှိုင်း မျက်နှာထားနဲ့ပင် ကြည့်နေလေသည်။

"ကျွန်မ ဒီနေ့ အလုပ်ကစောပြန်ချင်တယ် 'ကိုကျော်ဇော'"

"ပြန်လာအုံးမှာလား"

"ဟင့်အင်း မလာတော့ဘူး"

"ကားပါလာလား"

"ပါတယ်လေ... ဟိုမှာ"

'အရှင်း' က ကားကိုလက်ညှိုးလှမ်းထိုးပြလိုက်တော့ သူ့အကြည့်က ကားဆီရောက်သွားပြီး ချက်ချင်းမျက်နှာက ပျက်ယွင်းသွားရလေသည်။

'သူရ' ကိုတွေ့ပြီး သူ ဘယ်လို တွေးထင်သွားသည်မသိ။

"ချိန်းထားတာနဲ့ တူတယ်"

မကျေမနပ်နဲ့ တမင်မေးလိုက်သော သူ့ရဲ့လေသံကြောင့်



www.burmeseclassic.com

www.burmeseclassic.com



'အရှင်း' ရင်ထဲ တင်းသွားရကာ...

"ဟုပ်တယ် ချိန်းထားတာ... ကဲ ကျွန်မ သွားတော့မယ်"

ပြောပြီးတာနဲ့ 'အရှင်း' ထွက်လာခဲ့လိုက်ပါသည်။ သူ့လေသံနဲ့ မျက်နှာထားကို ကြည့်တာနဲ့တင် သူ့ရင်ထဲကခံစားချက်ကို 'အရှင်း' နားလည်လို့ရနေသည်။

သူ့ရဲ့ အချစ်က အတ္တကကြီးလွန်းလှပါသည်။

ဘယ်ယောကျ်ားသားနဲ့မှ 'အရှင်း' တွဲသွားလာခွင့် မရှိတော့ဘူးလား။ 'အရှင်း' မှာ မိတ်ဆွေအပေါင်းအသင်းကိစ္စ၊ အလုပ်ကိစ္စတွေလည်း ရှိနိုင်သေးသည်ဆိုတာကို သူ တွေးဆပေးရမှာပေါ့။

"အစ်မ လူနဲ့ရန်ဖြစ်လာတာလား... ကျွန်တော် လာခေါ်တာကို မကြည့်ဘူးနဲ့တူတယ်"

"ဘယ်က လူရမှာလည်း 'သူရ' ရယ်... အလုပ်ရှင်ပါ... လိုက်စစ်ဆေးနေလို့ စိတ်တိုလာတာ"

"'မလဲ့' ပြောတဲ့သူပဲ ဖြစ်ရမယ်... အဲ့ဒီအစ်ကိုနာမည်က 'ကျော်ဇော' မဟုတ်လား"

"ဟုတ်တယ်... 'လဲ့လဲ့' က ဘာပြောလို့လဲ"





"ဪ် အစ်မစွံတော့မယ်တဲ့... သိပ်မကြာခင် 'ကိုကျော်ဇော' နဲ့ လက်ထပ်တော့မှာတဲ့လေ"

"အဲ့ဒီ 'လဲ့လဲ့' တစ်ယောက်က တော်တော်ရှည်တယ်... ခြေထောက်မကျိုးဘဲ ပါးစပ်ပြဲသွားမှရကောင်းမှာ... ဒါမှ သူ့ပါးစပ်ကို ဆရာဝန်က ပလာစတာနဲ့ ပိတ်လိုက်မှာ"

'အရှင်း' ရဲ့ စကားကို 'သူရ' က တဟားဟားအော်ရယ်နေလေသည်။

'အရှင်း' ရဲ့မျက်နှာလည်း ပြုံးလို့လာရသည်။

ခြံထဲက မထွက်ခင်ကလေး သူ့ကိုကြည့်မိတော့ သူ့ရဲ့ မျက်နှာထားက ကြောက်စရာကောင်းလောက်အောင် တင်းမာနေလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၂၀

'သူရ' ရဲ့ မင်္ဂလာကိစ္စက 'လဲ့လဲ့' တို့တာဝန်ဖြစ်ပေမယ့် ဘာမှမဆိုင်ဘဲနဲ့ 'အရှင်း' ရဲ့ ခေါင်းပေါ်သို့ ပုံကျလို့ လာရလေသည်။ 'သူရ' လက်ထပ်မယ့် ကောင်မလေးကို 'လဲ့လဲ့' တို့ဆွေမျိုးအသိုင်းက သဘောမတူကြချေ။

'သူရ' မှာ မိဘမရှိတော့တာကြောင့် အုပ်ထိန်းသူဖြစ်တဲ့ 'လဲ့လဲ့' ရဲ့အဖေနဲ့အမေက လူကြီးနေရာတာဝန်ယူပေးရမှာ ဖြစ်သည်။ ခက်နေတာက 'လဲ့လဲ့' ရဲ့ အဖေနဲ့အမေကလည်း သဘောမတူကြပါ။





'သူရ' အတွက် ဆွေမျိုးတစ်စုလုံးက သတို့သမီးလောင်း ရှာထားပြီးနေပါပြီ။ 'သူရ' ဘက်က အင်းမလုပ်အဲမလုပ်နဲ့မို့ သဘောတူသည်မှတ်ကာ မိန်းကလေးရှင်မိဘတွေဆီကိုပါ နားဖောက်ပြီးသွားကြပါပြီ။

'သူရ' ပြန်ရောက်လာတော့ ဒီက မင်္ဂလာကိစ္စတွေကို ကြားပြီး အကြောက်အကန် ဇွတ်ငြင်းပါတော့သည်။ သူ့မှာချစ်သူ ရှိနေပါပြီတဲ့။

ကောင်မလေးအသိုင်းအဝိုင်းကို စုံစမ်းကြည့်တော့ ငွေကြေးမပြည့်စုံတဲ့အပြင် စားသောက်ဆိုင်မှာ သီချင်းဆိုတာပါ ကြားပြီး ဆွေမျိုးတစ်စုလုံးက ခါးခါးသီးသီး ဖြစ်ကုန်ကြတော့သည်။

'လဲ့လဲ့' ကတော့ 'သူရ' သဘောမလိုက်ခင်ကတည်းက ချစ်ခဲ့တဲ့ချစ်သူမို့ သူများချစ်ခြင်းကို ခွဲတဲ့အထဲမှာ မပါဝင်ချေ။ ကောင်မလေးရဲ့ အကျင့်စာရိတ္တနဲ့ 'သူရ' အပေါ်ထားတဲ့ ချစ်ခြင်းကိုနားလည်ပါသည်။

'သူရ' ဆိုတဲ့ကောင်ကလည်း သူ့ချစ်သူမှချစ်သူ အသည်းအသန်ဖြစ်နေတဲ့အတွက် လက်ထပ်ဖို့ကိုပဲ ဇွတ်အတင်း စီစဉ်နေပါတော့သည်။ ကောင်မလေးဘက်ကို လိုက်တောင်း



www.burmeseclassic.com

www.burmeseclassic.com



ရမ်းဖို့အတွက်က လူကြီးနေရာလိုနေပါသည်။

ပထမတော့ 'လဲ့လဲ့' တို့လင်မယားက ဦးဆောင်ပြီးလုပ်ပေးမယ်ပြောပြီး အနားနီးကာမှ 'လဲ့လဲ့' ယောကျ်ားအလုပ်ကိစ္စနဲ့ စင်္ကာပူကိုထွက်သွားရသလို ကျန်နေခဲ့တဲ့ 'လဲ့လဲ့' လည်း လေ့ကားပေါ်က ပြုတ်ကျပြီး ခြေထောက်ကျိုးသွားရလေသည်။

'သူရ' အတွက် လူကြီးနေရာဝင်ပေးမယ့်သူ ရှာလို့မရဖြစ်နေသည်။ သူ့ဆွေမျိုးတွေတစ်အုပ်စုလုံးကို ဒီကိစ္စနဲ့ပတ်သက်ပြီး ဘယ်သူမှ အသိမပေးရဲချေ။

လေသံတောင် မဟရဲပါ။ အစီအစဉ်မဖြစ်မြောက်ဘဲပျက်သွားမှာကို အကြီးအကျယ် စိုးရိမ်နေပါသည်။ နောက်ဆုံးတော့ 'လဲ့လဲ့' ရဲ့ အကြံပေးမှုဖြင့် 'အရှင်း' ဆီရောက်လို့လာရလေတော့သည်။

'လေးလေး' ကိုပဲ 'သူရ' ရဲ့ အုပ်ထိန်းသူအဖြစ် နေရာပေးပြီး တောင်းရမ်းခိုင်းဖို့ပါပဲ။ ကောင်မလေးဘက်က အမေတစ်ယောက်တည်းပဲရှိတော့တာမို့ လူကြီးစုံရာနဲ့ ပတ်ဝန်းကျင်သိအောင် တောင်းရမ်းရင်ပဲ ကျေနပ်ပါသည်ဟု ပြောပြီးပါပြီ။

'အရှင်း' ရင်ဆိုင်ရမှာက 'လေးလေး' တစ်ယောက်တည်းကိုပါ။ ဘယ်လိုလေသံမျိုးနဲ့ ခွင့်တောင်းပေးရမလဲ မသိ။





ကိုယ့်မှာလည်းကိုယ့်သောကနဲ့ ကိုယ့်ပဲမဟုတ်လား။

"ဖြစ်မှာလား 'အရှင်း' ရယ်... 'သူရ' မျက်နှာကိုလည်း ကြည့်အုံး... သေတော့မယ့်အတိုင်း ဖြစ်နေပြီ"

"ဖြစ်အောင်လုပ်ပေးရမှာ ပေါ့ဟာ... ငါ ကြံပါအုံးမယ်... 'လေးလေး' နဲ့ငါနဲ့လည်း သိပ်အဆင်ပြေတာမဟုတ်ဘူး... 'မာရီ' နဲ့ယူမှာကို ငါက သဘောမတူချင်ဘူး"

"ဒါကတော့ နင်သက်သက် တစ်ကိုယ်ကောင်းဆန်နေတာပါ 'အရှင်း' ရာ... 'လေးလေး' က နင့်ကိုမတိုင်ပင်ဘဲ သူ့သဘောအတိုင်း လုပ်သွားလို့လည်းရတာပဲ... နင့်ကိုချစ်လွန်းလို့ သူ့ကိစ္စမှန်သမျှတိုင်းကို တစ်လုံးမကျန် ဖွင့်ဟပြီးတိုင်ပင်နေတာပေါ့... နင် ကြည်ဖြူပေးလိုက်စမ်းပါဟာ... ဒါမှ အားလုံးပျော်ရမှာ"

"ငါမှ မပျော်ဘဲ"

"ဘာ နင်မပျော်တာလဲ... နင့်မှာလည်း နင့်ကိစ္စနဲ့နင်အားရတယ်ကို မရှိပါဘူးနော်... စနေ ၄ နာရီခွဲတောင် နားရက်မယူဘဲအလုပ်ကိုသွားသွား နေတယ်ဆိုတာပါ သတင်းအတိအကျရထားပြီးပြီ"

"မဟုတ်ဘဲနဲ့..."



www.burmeseclassic.com

"အမယ်လေး မပိရိဘဲနဲ့ လာလိမ်မနေနဲ့... မျက်နှာက ဖြင့် ပြုံးစိစိနဲ့... 'ကိုကျော်ဇော' မျက်နှာကို တစ်နေ့မတွေ့ရရင် မနေနိုင်ဘူးမဟုတ်လား"

"တော်ပါဟယ်... သူ့အကြောင်း မပြောနဲ့... အလကား နေအလကား သဝန်တိုနေတာပဲ... ပစ္စည်းလာဝယ်တဲ့သူတွေနဲ့ လည်း နေရင်းထိုင်ရင်း စိတ်မချဘူး... ခုတောင်မှ 'သူရ' နဲ့ငါ့ကို အထင်လွဲနေပြန်ပြီ... "

သူ့ပုံစံကို ပြန်မြင်ယောင်မိပြီး 'အရှင်း' မျက်နှာကတင်း သွားရသည်။

"ဒါကတော့ နင့်ဆီက အဖြေကို တိတိကျကျမရသေး တော့ စိတ်ပူမှာပေါ့ဟယ်... နင်တခြားတစ်ယောက်ကို ချစ်လိုက် မှာကို စိုးရိမ်နေတာပေါ့... အဖြေပေးလိုက်တော့လေဟာ"

"မပေးချင်ပါဘူး... အမြင်ကိုကတ်တယ်"

"ဟင် ဒါဆို မချစ်ဘူးပေါ့ဟုတ်လား"

'အရှင်း' ကပြုံးတော့ 'လဲ့လဲ့' နဲ့ 'သူရ' က ရယ်ကြလေ သည်။ 'အရှင်း' လည်း လိုက်ရယ်ရင်း ...

"ချစ်တာပေါ့... ဒါပေမယ့် ငါ့သိက္ခာကို မယုံကြည်တာ ကိုတော့ မုန်းတယ်"





"ဒါကိုတော့ သူ့ကို အပြစ်လို့မမြင်ပါနဲ့ဟယ်... ကိုယ် ချစ်တဲ့သူက သဘာဝပဲဟဲ့... ငါ့ 'ကိုကြီး' ဆို ဘယ်လိုလုပ်မ လဲ...ငါ ဘယ်ယောကျ်ားတစ်ယောက်ကိုမှ မျက်လုံးစွေကြည့် တာတောင် မကြိုက်ဘူး...ငါ့ကို အရမ်း အရမ်းချစ်တော့ သဝန် တိုတာလေ"

"အမယ်လေး... သူကတစ်မျိုး... နေရင်းထိုင်ရင်း အမှတ် ဝင်ယူနေတယ်... နန့်လို့ ခြေကျိုးတာတောင် အမှတ်မရှိသေး ဘူး"

'လဲ့လဲ့' က သူ့ခြေထောက်မှာစည်းထားသော ကျောက် ပတ်တီးကို ကိုင်ကြည့်ရင်း...

"ဒီ ခြေထောက်ကျိုးနေလို့ နင်လည်း သက်သာတယ် မှတ်ပါ 'အရှင်း' ရယ်... နင်မို့ဆိုရင်တော့လား 'ကိုကျော်ဇော' ဆိုတဲ့လူဆီကိုသွားပြီး နင့်ရင်ထဲကအကြောင်းတွေကို ပြေးပြော လိုက်တယ် မှတ်ထား"

'အရှင်း' က အမြင်ကတ်စွာဖြင့် 'လဲ့လဲ့' ရဲ့ ကျောက်ပတ် တီးကြီးကို လက်သီးနဲ့ထုချပစ်လိုက်ပါသည်။ လုပ်တာကနည်း နည်း အော်တာကများများဖြစ်သည်။

"ဟဲ့ ဟဲ့ ဟဲ့ ... သေပါပြီ... သေပါပြီ... နင့်ကိုတော့

www.burmeseclassic.com



တကယ်လန့်ပါတယ် 'အရှင်း' ရာ”

“နင်ဘာလို့ မဟုတ်တာပြောလဲ... ”

“အေး မပြောတော့ဘူး... 'သူရ' ကိစ္စကိုပဲ ပြောတော့မယ်”

'သူရ' က သူ့ဘက်က အစီအစဉ်တွေကို ပြောပြပါသည်။

လက်ထပ်ပြီးရင် သူ ဝယ်ထားတဲ့ တိုက်ခန်းမှာ နေမှာဖြစ်ကြောင်း မင်္ဂလာပွဲကို အကျဉ်းရုံး ရုံးတက်လက်မှတ်ထိုးပြီး ဘုန်းကြီးကျောင်းမှာပဲ ဆွမ်းကျွေးမှာဖြစ်ကြောင်း၊ ကောင်မလေးရဲ့အမေကိုပါ သူတို့တိုက်ခန်းမှာပဲ အတူလာနေဖို့ ခေါ်ထားမှာဖြစ်ကြောင်း စုံလင်ကာနေ၏။

'အရှင်း' ဒီအကြောင်းတွေကို 'လေးလေး' အားကြိုပြောထားနိုင်အောင်လို့ပါ။

“ကောင်မလေးကို သွားတောင်းရမ်းမှာ ဘယ်နေ့လဲ”

“ခုလာမယ့် တနင်္ဂနွေ”

“ကြားထဲမှာ လေးရက်တောင်လိုသေးတာပဲ... အချိန်တော့ရပါတယ်... မနက်ဖြန် 'လေးလေး' ရဲ့ ရည်းစားရောက်လာမှာ... ငါနဲ့ အဆင်ပြေမပြေ ကြည့်ရအုံးမယ်”





“အဆင်မပြေရင် ကျွန်တော့်ကိစ္စ မဖြစ်တော့ဘူးပေါ့”

'သူရ' ရဲ့ စိုးရိမ်မကင်းလေသံက 'အရှင်း' အား ပြဿနာမဖြစ်စေလိုတဲ့ သဘောပင်။ 'အရှင်း' ဘက်ကလည်း ကိစ္စအားလုံးကို ပြေပြေလည်လည်ပဲ ဖြစ်စေချင်ပါသည်။

မမြင်ရသေးတဲ့ 'မာရီ' ရဲ့ ဆက်ဆံရေးကိုပဲ စောင့်ကြည့်နေတာသာ ဖြစ်၏။

“စိတ်မပူပါနဲ့ 'သူရ' ရယ်... နင့်ကိစ္စဖြစ်မြောက်အောင် ငါ တာဝန်ယူပေးပါမယ်... တစ်ခုတော့ ရှိတယ်နော်... ငါတို့က စေတနာနဲ့ ဝင်ကူညီပေးတာကို နင့်ဆွေမျိုးတွေက ဘယ်လိုလုပ်မလဲ... အဲ့ဒီအခါကျရင် 'လေးလေး' စိတ်ထဲ ငါ့ကို တစ်မျိုးမြင်သွားလိမ့်မယ်”

“အဲ့ဒါကိုတော့ မပူနဲ့... အိမ်ကလူတွေက ဘားသူစိမ်းကိုတော့ ရန်ရှာမှာမဟုတ်ဘူး... ကျွန်တော်ကိုပဲ ပြောမှာ”

'လဲ့လဲ့' ကပါ ဝင်ပြီးအာမခံလေသည်။

“ဟုတ်တယ်... ငါ့ဆွေမျိုးတွေအကြောင်း ငါသိပါတယ် 'အရှင်း' ရယ်... နင်တို့ဘာစိတ်အနှောင့်အယှက်မှ မဖြစ်စေရဘူး”

“ပြီးရောလေ...”



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ကုန်နီးပါး 'လွဲလွဲ' တို့အိမ်မှာပဲ 'အရှင်း' အချိန်ဖြုန်းနေမိပါသည်။ ညမိုးချုပ်မှ အိမ်သို့ပြန်လာခဲ့လိုက်သည်။

'လေးလေး' က 'အရှင်း' အလာကို ကြိုစောင့်နေပုံရသည်။

"ဘယ်တွေ လျှောက်သွားနေတာလဲ 'အရှင်း'... မနက်စောစောကတည်းက အလုပ်ကနေ ထွက်သွားတာဆို"

သူ ဖုန်းဆက်ပြီး 'လေးလေး' ဆီ တိုင်တန်းလိုက်ပြီနဲ့တူသည်။ အဲ့ဒါတွေကို အမြင်ကတ်တာ။ ဘာမဟုတ်တဲ့ကိစ္စအသေးအဖွဲလေးကို 'လေးလေး' အား အသိပေးစရာလား။

ဆိုင်သလိုလို ပိုင်သလိုလိုနဲ့ ဆရာကြီးအသွင်လုပ်တတ်တဲ့ သူ့ရဲ့လုပ်ရပ်ကို မုန်းချင်လာရသည်။

"မေးနေတယ်လေဟာ... ငါမေးတာကို မဖြေချင်တဲ့သဘောလား"

"မဟုတ်ပါဘူး... ပြောမှာပေါ့... 'ကျော်ဇော' ဆိုတဲ့လူအကြောင်းကို စဉ်းစားရင်း ဒေါသဖြစ်နေလို့... 'လေးလေး' လေသံကလည်း မာလိုက်တာ... 'အရှင်း' ကပဲ မဟုတ်တာတွေလုပ်နေတဲ့ သူ ကျနေတာပဲ"

"စိုးရိမ်နေလို့ပါဟာ... ဟန်းဖုန်းကိုဆက်တော့လည်းပိတ်ထားတယ်... မိုးကလည်း တဖြည်းဖြည်းချုပ်လာပြီလေ... ဘယ်လိုက်လို့ဘယ်ရှာရမှန်းမသိ ဖြစ်နေတာနဲ့ စိတ်ကတိုလာရရော... 'မောင်ကျော်ဇော' ဖုန်းဆက်တာလည်း ခဏခဏပဲ... သူလည်း တော်တော် စိတ်ပူပန်နေပုံရတယ်"

"သူ့အကြောင်း မပြောနဲ့ 'လေးလေး'... 'အရှင်း'မကြားချင်ဘူး... နေရာတကာ လိုက်ပါနေတယ်... 'အရှင်း' သွားနေတာ 'လွဲလွဲ' တို့အိမ်မှာ... မယုံရင် 'လေးလေး' ခုဖုန်းဆက်မေးကြည့်"

'အရှင်း' က 'လွဲလွဲ' နေသော အိမ်လိပ်စာအသစ်ကဒ်ပြားလေးကို ထုတ်ပေးလိုက်မိပါသည်။

"မေးနေစရာ မလိုပါဘူးဟာ... 'လေးလေး' တူမကို 'လေးလေး' ယုံပါတယ်... ဒါနဲ့ ယောကျ်ားတစ်ယောက် လာခေါ်တယ်ဆိုတာ ဘယ်သူလဲ"

"ကြည့် ရှိသမျှအကုန်ပြောပြီး တိုင်ထားတယ်... "

"တိုင်တယ်သဘော မဟုတ်ပါဘူး 'အရှင်း' ရယ်... ရိုးရိုးသားသားပဲ ပြောပြတာပါ"

" 'လွဲလွဲ' မောင်လေး 'သူရ' လေ 'လေးလေး' ရဲ့... 'အရှင်း' တို့ ကျောင်းတက်တုန်းက လိုက်ပို့လိုက်ကြိုလုပ်ပေးတဲ့







www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးလေ"

"ဩော် 'လဲ့လဲ့' တို့အိမ်မှာပဲနေတဲ့ ကောင်လေးကို ပြောတာမဟုတ်လား"

"ဟုတ်တယ်... သူ့ကိစ္စလေးတွေပြောပြနေတာနဲ့ ကြာသွားတာ... သူမိန်းမတောင်းဖို့ကိစ္စ 'အရှင်း' ကို အကူအညီတောင်းနေတာ... 'လေးလေး' က လူကြီးနေရာဝင်ပြီး လိုက်တောင်းရမ်းပေးဖို့ပေါ့... ကောင်မလေးဘက်က ဆင်းရဲတော့ 'လဲ့လဲ့' တို့ဆွေမျိုး တွေအကုန်လုံးက သဘောမတူဘူးလေ... 'သူရ' ကလည်း သူ့ချစ်သူမှ သူ့ချစ်သူဖြစ်နေတာ... ခုလာမယ့် တနင်္ဂနွေနေ့ကျရင် ကောင်မလေးအိမ်မှာ လိုက်တောင်းရမ်းပေးရမယ်"

'လေးလေး' က စဉ်းစားနေလေသည်။

"မလုပ်ပေးချင်ဘူးလား 'လေးလေး' ရဲ့"

"သူ့ဆွေမျိုးတွေဘက်က တစ်မျိုးမြင်ရင်ကော"

"'လဲ့လဲ့' က သူတာဝန်ယူတယ်တဲ့"

"ပြီးရောလေ... ဒါဆို 'မာရီ' ကိုပါ ခေါ်သွားလိုက်မယ်... လူစုံတက်စုံ ပိုဖြစ်သွားတာပေါ့"

'အရှင်း' က မျက်နှာကို မဲ့လိုက်ရင်း...





"သဘောပဲ ... 'လေးလေး' သဘောပဲ"



www.burmeseclassic.com

www.burmeseclassic.com



## ၂၁

'မာရီ' ရောက်နေတဲ့ကိစ္စရယ် 'သူရ' ကိစ္စရယ်ပါ ပေါင်းပြီး 'အရှင်း' က အလုပ်သို့ မသွားပါ။ အလုပ်မသွားတဲ့ အကြောင်းအရင်းကိုတော့ သူ့ဆီတိုက်ရိုက် ဖုန်းဆက်မပြောဘဲ 'မောင်ထူး' ဆီကိုသာ ဖုန်းဆက်ပြီး ပြောလိုက်ပါသည်။

"အစ်ကို ရှိတယ်လေ အစ်မ... ကျွန်တော် လှမ်းခေါ်လိုက်ရမလား... ခဏလေးစောင့်နော်"

"ဟဲ့ ဘြော် ရှည်လိုက်တာ 'မောင်ထူး' ရယ်... သူနဲ့ဖုန်းပြောချင်မှတော့ သူ့ဖုန်းကိုပဲ ငါဆက်လိုက်တော့မှာပေါ့... 





သူနဲ့မပြောချင်လို့ ဒီဆိုင်ဖုန်းကို ငါဆက်လိုက်တာလေ... နင်ပဲ ပြောပြလိုက်တော့... လေးငါးရက်လောက် ငါ မလာသေးဘူးလို့"

"ဟင် လေးငါးရက်တောင် ဟုတ်လား... အကြာကြီးပဲ အစ်မကလည်း"

"ငါ့မှာကိစ္စတွေ ရှိနေလို့ပါ... သူ့ကိုသာ သေသေချာချာ ပြောပြလိုက်... ဒီလေးငါးရက် မလာလို့ မကျေနပ်လို့ အလုပ်ဖြုတ်ပစ်တယ်ဆိုရင်လည်း ငါ့ဘက်က လက်ခံပါတယ်လို့... ကြားလား အဲ့ဒီအတိုင်းသာ ပြော"

"အစ်မ ကြည့်ရတာ အစ်ကိုနဲ့ ရန်ဖြစ်ထားတယ်နဲ့ တူတယ်"

"မဖြစ်ပါဘူး... ကဲ ကဲ ဒါပဲ... ငါပြောတဲ့ အတိုင်း ပြောလိုက်နော်"

ဖုန်းနဲ့ပြောပြီးတာနဲ့ 'လေးလေး' ကို နှုတ်ဆက်ကာ 'လဲ့လဲ့' တို့ဆီ ထွက်ခဲ့လိုက်ပါသည်။ 'မာရီ' နဲ့ပတ်သက်ပြီး ကူညီလုပ်ကိုင်ပေးစရာ 'အရှင်း' မှာ သိပ်မရှိလှပေ။

'မာရီ' ရဲ့ အဖော်က 'လေးလေး' ဖြစ်နေတာမို့ 'အရှင်း' က ဘေးလူအနေနဲ့ သက်သာနေပါသည်။ နိုင်ငံခြားသူ ဖြစ်ပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် အသားညိုသဖြင့် မြန်မာမနဲ့ဆင်လှပါသည်။

'လေးလေး' နဲ့ နေ စဉ်ကာလက မြန်မာစကားကို 'လေးလေး' ကသင်ထားပေးခဲ့သဖြင့် ကျွမ်းကျွမ်းကျင်ကျင်ကို ပြောနိုင်ပါသည်။ 'အရှင်း' နဲ့ ဆုံတဲ့အခါမှာလည်း များသောအားဖြင့် မြန်မာလိုသာပြောပါသည်။

'အရှင်း' နဲ့ ဆက်ဆံပုံ၊ စကားပြောပုံတွေက ယဉ်ကျေးသိမ့်မွေ့ကာ နူးညံ့ညင်သာလှလေသည်။ 'မာရီ' က 'လေးလေး' နဲ့သူ့ကို 'အရှင်း' က သဘောမတူမှာကို စိုးရိမ်နေပုံရသည်။

'လေးလေး' ရဲ့ နေရာပေးအလေးထားမှုကြောင့် 'မာရီ' ရဲ့အမြင်မှာ 'အရှင်း' ကအသာစီးကလေးနဲ့ နေပြခွင့်ရသွားခဲ့ပါသည်။ အဲ့ဒီအတွက် 'လေးလေး' အား အချစ်ပိုစွာ ကျေးဇူးတင်ရသလို သူ ဖြစ်ချင်တဲ့ဆန္ဒတစ်ခု ပြည့်ဝဖို့အတွက်လည်း 'အရှင်း' က ကြည်ဖြူလိုက်လျောစွာ နေပေးလိုက်ပါသည်။

'မာရီ' နဲ့လက်ထပ်ဖို့ကို ကျေကျေနပ်နပ်ကြီးကို သဘောတူပေးသလို 'မာရီ' နဲ့ဆက်ဆံတဲ့အခါမှာလည်း 'အရှင်း' ဘက်က ဆွေမျိုးသားချင်းတစ်ယောက်လိုကို နွေးနွေးထွေးထွေး ဆက်ဆံပေးတဲ့အတွက် 'လေးလေး' မှာ ဝမ်းသာနေရှာသည်။

ခုဆို 'အရှင်း' တို့ အိမ်တွင်းရေး အခြေအနေကအဖက်ဖက်မှ ပြည့်စုံသော မိသားစုဘဝကလေး ဖြစ်နေပါပြီ။

'လဲ့လဲ့' တို့အိမ်ကိုရောက်တော့ 'သူရ' က အပြင်ထွက်ဖို့ အဆင်သင့်ဖြစ်နေပုံနဲ့ ထိုင်စောင့်နေသည်။

"နင်လာတာနဲ့ အတော်ပဲ 'အရှင်း' ရယ်… ဒီမှာ ငါ့ကိုကျီကျနေတယ်… လက်စွပ်ဝယ်မလို့တဲ့ဟ… သူနဲ့အဖော်လိုက်သွားပေးလိုက်စမ်းပါဟယ်"

"လက်စွပ်ဝယ်တာများ ကိုယ့်ဖါသာ သွားဝယ်ပေါ့ 'သူရ' ရယ်… နင်ကလည်း မိန်းမတောင်ယူတော့မယ် နေရာတကာ ငါတို့ကိုကြီးပဲ အားကိုးနေတာ မကောင်းပါဘူး… နင့်စိတ်ကြိုက်ပဲရှာပြီးဝယ်လိုက်စမ်းပါ"

'သူရ' က မျက်နှာငယ်ဖြင့် ခေါင်းကုတ်နေလေသည်။

သူ့ရဲ့ ဘာကိစ္စလေးပဲဖြစ်ဖြစ် 'အရှင်း' တို့ မပါရင်မပြီးရပါ။ သူ့ကောင်မလေးနဲ့လည်း နှစ်ယောက်အတူတူတွဲပြီး အပြင်မထွက်ရဲသေးပါ။ ကိစ္စတွေ မပြီးမြောက်ခင် သူ့ဆွေမျိုးတွေထဲက တစ်ယောက်ယောက်မြင်သွားမှာကို စိုးရိမ်ပြီး အနေအထိုင်ဆင့်ခြင်ကာ နေကြလေသည်။

"ငါ့ခြေထောက်ကလည်း ဘယ်တော့မှ ပြန်ကောင်းမလဲ မသိပါဘူးဟာ… ဒီကျောက်ပတ်တီးကြီး မဖြည်ရမချင်း သွားရ







www.burmeseclassic.com

www.burmeseclassic.com



လာရတာလည်း အခက်... အကုန်ကို ခက်ခဲနေတာပဲ"

"အမယ်လေး... ဒီကျောက်ပတ်တီးကြောင့် နင် အနားရနေတာပေါ့ 'လဲ့လဲ့' ရယ်... နင် လိုက်လုပ်ပေးရမယ့် ကိစ္စတွေငါပဲ အခု အကုန်လိုက်လုပ်ပေးနေရတယ်လေ..."

"လုပ်လက်စနဲ့ အခုလည်း လိုက်ကူညီပြီး ဝယ်ပေးလိုက်စမ်းပါ 'အရှင်း' ရယ်... သူ့ရဲ့မျက်နှာကိုလည်း ကြည့်အုံး... ငါတို့မပါတာနဲ့ သေတော့မယ့်အတိုင်း ဖြစ်နေတာ"

"သေပေါ့..."

ပါးစပ်က ပြောလိုက်ပေမယ့် စိတ်ထဲကတော့ လိုက်ကူညီဖို့ ဆုံးဖြတ်ပြီးနေပါပြီ။ လက်စွပ်ဝယ်ရန်ရယ်၊ တခြားလိုအပ်တဲ့ ပစ္စည်းပစ္စယတွေဝယ်ရန်အတွက်ပါ ဗိုလ်ချုပ်ဈေးသို့ လာခဲ့လိုက်ပါသည်။

ကိုယ့်ကိစ္စနဲ့ကိုယ်မို့ ဘေးပတ်ဝန်းကျင်ကိုလည်း 'အရှင်း' က စိတ်မဝင်စားမိပါ။ 'သူရ' နဲ့အတူ ဝယ်စရာရှိတာတွေ ဝယ်လို့အပြီး ကားပေါ်ရောက်တဲ့အချိန်မှ ဖုန်းကမြည်လာလေသည်။

ဖုန်းမှာပေါ်နေတဲ့ နံပါတ်က 'အရှင်း' မသိသေးသော နံပါတ်တစ်ခု ဖြစ်နေပါသည်။ 'သူရ' က ကားမောင်းနေတာမို့





'အရှင်း' ဘက်ကို စိတ်မဝင်စားနိုင်ချေ။

"ဟယ်လို..."

"သိပ်ပျော်နေသလား 'အရှင်း'"

သူ့အသံကို ကြားလိုက်ရတာကြောင့် 'အရှင်း' လန့်သွားမိသည်။ ဘယ်နေရာကနေ သူ ဆက်နေတာလည်းမသိ။

"ရှင် ဘယ်ကနေ ဆက်နေတာလဲ 'ကိုကျော်ဇော'"

"ဒါတွေက အရေးမကြီးပါဘူး... ကျွန်တော် မေးတာကိုပဲ ဖြေပါ"

သူ့ရဲ့လေသံက ဆရာကြီးလေသံမျိုး ဖြစ်၍နေ၏။

"ရှင်နဲ့ဘာဆိုင်လို့ မေးရတာလဲ"

"သိချင်လို့ပေါ့ကွ"

"သိချင်ရအောင် ကျွန်မ ဘာလုပ်နေတယ်... ဘယ်နေရာမှာရှိတယ်ဆိုတာကို ရှင် မြင်လို့လား"

"မြင်တာပေါ့... လူတစ်ယောက်နဲ့ ပျော်မြူးပြီးလျှောက်သွားနေတာကို တွေ့တယ် ... ကျွန်တော့်ကို မလိမ်နဲ့"

"ဟုတ်တယ် ဘာဖြစ်လဲ... ကျွန်မ ပျော်နေတယ်"

စိတ်တိုစွာနဲ့ ပြန်အော်ပြီး ဖုန်းခလုတ်ကို ပိတ်ပစ်လိုက်သည်။ ရေရာသေချာစွာ မသိဘဲနဲ့ သူ့စိတ်ထင်ရာတွေနဲ့ ရမ်း



www.burmeseclassic.com

www.burmeseclassic.com



သမ်းပြီးပြောနေတာ ကောင်းတဲ့အလုပ်လားလေ။ အလုပ်မှာမနေဘဲ သူ ကကော ဘာလို့အပြင်လျှောက်ထွက်နေရသလဲ။

'အရှင်း' မရှိတာနဲ့ သူလည်း ကဲချင်လို့ လျှောက်လစ်နေတာပဲနေမှာပေါ့။

"ဘယ်သူ့ဆီကလည်း အစ်မ"

"အလုပ်ကလူပါဟယ်... ငါတို့ကိုမြင်ပြီး စိတ်ထင်ရာတွေ လျှောက်ပြောနေတယ်"

"သြော် ကြည့်ရတာ ကျွန်တော်နဲ့ တွဲသွားလို့ သဝန်တိုနေတာဖြစ်ရမယ်... ရှင်းပြလိုက်တာ မဟုတ်ဘူး... အစ်မကလည်း"

"ဘာလို့ရှင်းပြရမှာလဲ... ကိုယ်က မဟုတ်တာ လု..နေတာ မဟုတ်ဘူး... နေပစေ ပစ်ထားလိုက်မယ်"

ပြောနေရင်းတန်းလန်း သူ့ဆီက ဖုန်းဝင်လာပြန်သည်။

"ဘာလဲ ... ဘာလုပ်ဖို့ ခဏခဏဆက်နေရတာလဲ"

"မေးစရာရှိလို့ပေါ့ကွ... အဲ့ဒီကောင်နဲ့ မင်းနဲ့ကဘာလဲ"

ကြည့်စမ်း။ နေရင်းထိုင်ရင်း သူ့လေသံတွေက မာထန်ကာ 'အရှင်း' အား ရန်လိုနေပါသည်။ သူ့မှာ ဒီလိုအော်ဟစ်ဖို့ ဘာအခွင့်အရေးများ ရှိနေသလဲ။ 'အရှင်း' စိတ်ထဲ ဝမ်းနည်း





စိတ်နဲ့အတူ ဒေါသကပါ ဝင်ရောက်လို့လာရသည်။

"ဘာဖြစ်ဖြစ် ရှင် မေးစရာလိုလို့လား"

"လိုတယ်ကွ... မင်းကို ငါက ချစ်နေတာလေကွာ"

"ရှင်က ချစ်နေတာပဲ... ကျွန်မက ချစ်နေတာမှမဟုတ်တာ"

"ချစ်ချစ် မချစ်ချစ် ငါမေးတာကိုဖြေ"

"ဖြေမယ် အဲ့ဒါ ကျွန်မချစ်သူ ... ကျွန်မ သိပ်ချစ်ရတဲ့သူ... ရှင်းပြီလား... အတူတွဲပြီး ဗိုလ်ချုပ်ဈေးကို ဘာလာလုပ်သလဲပြောရအုံးမလား... လက်ထပ်ဖို့အတွက် လက်စွပ်လာဝယ်ကြတာလေ ရှင့်ကိုပါ ဖိတ်စာပို့ပေးလိုက်အုံးမယ် သိရဲ့လား"

"မင်း တကယ်ပြောနေတာလား 'အရှင်း'"

"တကယ်ပြောတာပေါ့"

"မင်းကွာ..."

သူ့ရဲ့ ညီးတွားသံက တကယ့်ကို မချိမဆန့်ပါပဲ။

"ဆက်ပြောအုံးမယ်... ရှင့်အလုပ်ကနေပါ ကျွန်မထွက်တော့မယ်... နောက် ရှင် ကျွန်မနဲ့မပတ်သက်ပါနဲ့တော့... ဒါပါပဲ"

'အရှင်း' ဖုန်းခလုတ်တင်မက ပါဝါခလုတ်ကိုပါ ပိတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ပိတ်ပစ်လိုက်မိပါသည်။ သူ့ရဲ့မာကျောသော စကားသံတွေကို 'အရှင်း' ရင်ထဲ ခံစားလို့မရဖြစ်နေပါသည်။ အမြဲတမ်း သူ့ရဲ့ အလိုလိုက်မှု ယုယချစ်ခင်မှုတွေကိုသာ ခံစားနေခဲ့ရတာ မဟုတ်လား။

အခု သူ 'အရှင်း' ကို အော်နေတာ စွပ်စွဲနေတာတွေဟာ အရင်ကလိုမျိုး မချစ်ချင်တော့လို့ဘဲ ဖြစ်ပါလိမ့်မည်။





## ၂၂

'သူရ' ရဲ့ မိန်းမတောင်းရမ်းတဲ့ကိစ္စ ပြီးစီးလို့ အဝတ်အစားပင် မလဲရသေး ပြဿနာက 'အရှင်း' ထံတည့်တည့်ကြီးဝင်ချလာလေသည်။

အိမ်ကို ဝှန်းဒိုင်းကျဲပြီး သူ ရောက်ချလာတဲ့အချိန်မှာ 'လေးလေး' တို့မရှိကြချေ။ 'မာရီ့' ကို ဟော်တယ်ပြန်ပို့ပေးနေချိန်ဖြစ်သည်။ ကားတံခါးပိတ်သံပြင်းပြင်းကြောင့် အလန့်တကြားနဲ့ အိမ်ရှေ့ထွက်ကြည့်တဲ့အခါ သူ ဖြစ်နေပါသည်။

အခြေအနေ ဟန်ပုံမရသော သူ့ပုံစံအမူအယာတွေ



www.burmeseclassic.com

www.burmeseclassic.com

ကြောင့် 'အရှင်း' က ဘာစကားမှမပြောဘဲ မျက်မှောင်ကုပ်၍သာ စိုက်ကြည့်နေမိသည်။

" 'အရှင်း' မင်းနဲ့ ငါနဲ့ စာရင်းအပြတ်ရှင်းကြမယ်"

"ဘာစာရင်းရှင်းမှာလဲ… ရှင်နဲ့ ကျွန်မကြားမှာ စာရင်းရှင်းရအောင် ဘာကိစ္စမှ ရှုပ်မထားဘူး"

"မရှုပ်ထားပေမယ့် သံယောဇဉ်တွေတော့ ရှိကြတယ်လေကွာ"

"ရှင့်မှာ ရှိပေမယ့် ကျွန်မမှာမှ မရှိဘဲ"

အိမ်ပေါက်ဝကြီးမှာ ဖြစ်နေတာကြောင့် 'အရှင်း' က အိမ်ထဲဝင်ခဲ့လိုက်ပါသည်။ သူကိုတော့ ဝင်ပါဆိုပြီး ခေါ်မနေတော့ပါ။မခေါ်လည်းဘဲ သူ လိုက်ချလာမယ်ဆိုတာကိုသိနေပြီးသားပဲဟာ။

မူးလာပုံရသော သူ့ကို အမူးပြေအောင်လို့ တစ်ခုခုတိုက်လိုက်မှ ဖြစ်မည်။

"အစ်ကိုကြီး ရှိလား"

မူးတဲ့သူကလည်း အကင်းပါးသားပင်။ 'လေးလေး' ရှိမရှိကို စုံစမ်းနေသေး၏။

"မရှိဘူး… ရှင် ဘာလုပ်မလို့လဲ… 'လေးလေး' နဲ့တွေ့





ချင်ရင် ညနေမှပြန်လာခဲ့"

"မတွေ့ချင်ပါဘူး… မင်းနဲ့ပဲ တွေ့ချင်တာ"

သူ့ရဲ့အသံကျယ်ကျယ်ကြောင့် 'မိညို' ပြေးထွက်လာသည်။ 'အရှင်း' ကို မျက်စပစ်ကာ အရိပ်အခြေကို မေးရင်းအကဲခတ်ကာကြည့်နေ၏။ 'အရှင်း' ဘာမှ မဖြစ်သလို ခေါင်းခါပြရင်း 'မိညို' ကို ခပ်တိုးတိုး လှမ်းပြောလိုက်သည်။

"သံပုရာသီး သုံးလေးလုံးလောက်ညှစ် ရေနည်းနည်းထည့်ပြီး ဖန်ခွက်နဲ့ထည့်ခဲ့ သွား… မြန်မြန်လုပ်လာခဲ့နော်"

'မိညို' ပြေးထွက်သွားတော့မှ 'အရှင်း' က သူနဲ့မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်ချလိုက်ပါသည်။ သူ့မျက်နှာကို စိုက်ကြည့်ပြီးအကဲခတ်နေမိသည်။ သူကလည်း 'အရှင်း' ကို ရီဝေစွာဖြင့် ခပ်ငေးငေးစိုက်ကြည့်နေပါသည်။

သူ့အကြည့်တွေက ဆွေးလျသလိုရှိပေမယ့် 'အရှင်း' ရဲ့အကြည့်ကတော့ စိတ်ပျက်မှုတွေ ပါဝင်နေရလေသည်။ သူ အရက် မသောက်တတ်မှန်းကို 'အရှင်း' သိသည်။ အခု မူးလာတာသည်လည်း ဘီယာမူးလာတာသာ ဖြစ်ရမည်။

နေ့ခင်းကြောင်တောင် ဘီယာသောက်ပြီး မူးနေသည့်သူ့ကို ထုရိုက်ပစ်ချင်မိသည်။ သူ့ကိုယ့်သူ မူးရင် 'အရှင်း' နဲ့



www.burmeseclassic.com

www.burmeseclassic.com



စကားပြောတဲ့အခါ ပိုရဲရင့်မည်ဟု မှတ်ထင်ထားပုံရသည်။

"ကဲ လာရင်းကိစ္စကိုပြော... အိမ်ကိုလာတဲ့ပုံကလည်း အိမ်ရှင်ကို ဂရုမစိုက်ဘဲ စော်ကားနေသလိုပဲ... ကြည့်ရတာတစ်စက်ကလေးမှ အချိုးမပြေဘူး"

"ဒီလို ဖြစ်အောင် မင်းလုပ်ခဲ့တာလေ"

"တွေ့လား... စကားပြောတာလည်း မဆင်ခြင်ဘူး... ကျွန်မ ဘာလုပ်လို့လဲ... ပြောနေတဲ့ပုံက ကိုယ်ကပဲ သူ့ကိုဖျက်စီးနေသလိုလို"

"ဟုတ်နေတာပဲ... လူကို အရူးလုပ်သွားတာ ဖျက်စီးတာမဟုတ်လို့ ဘာဖြစ်ရမှာလဲ... ဒီလောက် ဂရုတစိုက်နဲ့ ချစ်နေတဲ့သူကို မင်းဘာလို့ သစ်စိမ်းချိုးချိုးသွားသလဲ... မချစ်နိုင်ဘူးဆိုရင်လည်း အစကတည်းက မျှော်လင့်ချက်တွေ မပေးထားနဲ့ပေါ့"

"ကျွန်မဘက်က ရေလာမြောင်းပေး ဘာမှလုပ်မထားဘူး... ရှင့်ဟာရှင် ဖွတ်ကြီးစိတ်ကူးယဉ်နေတာ... အတူတွဲသွားတွဲလာဆိုတာကလည်း လူမှုရေးအရအားနာလို့ ...ကျန်တဲ့ကိစ္စဘာမှမရှိဘူး"

"မယုံဘူး"





"မယုံရင်နေပေါ့..."

"မင်းလိမ်ပြောတာ 'အရှင်း'... မင်းကိုယ်မင်းညာနေတာ"

သူ စွပ်စွဲလိုက်တဲ့စကားက မှန်နေပေမယ့် 'အရှင်း' ကခပ်တည်တည်ပဲ မျက်နှာထားကို တင်းထားလိုက်မိပါသည်။ သူ ဘာပဲပြောပြော 'အရှင်း' ကတော့ ငြင်းမှာပါပဲ။

မဟုတ်ဘဲနဲ့ လူတစ်ယောက်ကို ရမ်းသမ်းစွပ်စွဲတတ်တဲ့ သူ့ရဲ့ အကျင့်စရိုက်ကို မုန်းတီးမိပါသည်။

'မိညို' လာချပေးသော အအေးခွက်ကို သူ့ ရှေ့တိုးပေးရင်း...

"ရှင် အမူးပြေအောင် သံပုရာရည်သောက်လိုက် ရော့... ကုန်အောင်သောက်နော်"

'အရှင်း' ပြောတဲ့စကားကို သူက ခေါင်းခါသည်။

"မသောက်ချင်ဘူး... မင်းနဲ့ပဲ စကားတွေပြောချင်တယ်... 'အရှင်း' မင်းငါ့ကို စိတ်ဆင်းရဲအောင် ဘာလို့လုပ်ရတာလဲ"

"ရှင် တော်တော်ရစ်တဲ့သူပဲ... ရှင် မူးနေရင် ကျွန်မဘာစကားမှ မပြောချင်တော့ဘူး... ရှင် ပြန်ရင်ကောင်းမယ်နဲ့တူတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူကပေပြီး ဆက်ထိုင်နေပါသည်။ အမြဲတမ်း သေသပ် ကျော့ရှင်းနေတဲ့ သူ့စရိုက်ပုံစံနဲ့ ဆန့်ကျင်စွာ လုပ်ချင်ရာ လျှောက်လုပ်နေသော သူ့ရဲ့ အမူအယာတွေက 'အရှင်း'ရဲ့စိတ်ကို ခံပြင်းစေပါသည်။

တမင်သက်သက် 'အရှင်း' ဆီလာပြီး အရက်ခွဲတာနဲ့ တူမနေပေဘူးလား။

"ကဲ ပါးစပ်နဲ့ပြောလို့မှ မပြန်ရင် မောင်းထုတ်ရတော့မှာပဲ ကျွန်မမှာ ကိစ္စတွေရှိသေးတယ်... ရှင်နဲ့အချိန်မဖြုန်းနိုင်တော့ဘူး ရှင်အခု ပြန်မလား မပြန်ဘူးလား"

"မပြန်ဘူးကွာ"

"ကျွန်မ အကြောင်းသိစေရမယ်"

'အရှင်း' သည် သူ့အနားကို ခပ်မြန်မြန်ပဲ အပြေးလာလိုက်ကာ သူ့လက်မောင်းကို ကိုင်ဆွဲပြီး အိမ်ပြင်ဆွဲထုတ်ဖို့ပြင်မိသည်။

သူက ထိုင်ရာကမထဘဲ သူ့လက်မောင်းကို အတင်းကာရောဆွဲနေသည့် 'အရှင်း' ရဲ့လက်ကို ပုတ်ခါထုတ်လေသည်။

"ရှင့်ကို ပြန်သွားလို့ ပြောနေတယ်နော် 'ကိုကျော်ဇော'... မရှက်တတ်ဘူးလား... သူများအိမ်မှာ လက်မခံဘဲ လာနေ၊





နေတယ် လာ ခုလိုက်ခဲ့"

'အရှင်း' ကဆွဲလေ သူ ကရုန်းလေ ဖြစ်နေပါသည်။ 'အရှင်း'ကလည်း အလျှော့မပေးဘဲ ပေကတ်ကတ်လုပ်နေတဲ့ သူ့ကိုမုန်းလာရတာကြောင့် ဇွတ်ကိုလုပ်နေမိပါသည်။

"မင်း ဘာလို့ဒီလို ကြမ်းရမ်းနေချင်ရတာလဲ 'အရှင်း'... မင်းအကောင် နဲ့တုန်းကတော့ ဒီလိုပုံစံမျိုး ဖြစ်နေသလား ပြော"

"ဘယ်ဖြစ်မလဲ... ကျွန်မက သူ့ကိုသိပ်ချစ်တော့ ကြင်ကြင်နာနာပဲ ဆက်ဆံတာပေါ့... ရှင်နဲ့မှ မတူဘဲ"

"သွား..."

'အရှင်း' ကို ဆောင့်တွန်းထုတ်ပြီး အော်လိုက်တာကြောင့် လူကအနည်းငယ် အနောက်သို့ ယိုင်ထွက်သွားရလေသည်။ မူးနေ တဲ့ သူတစ်ယောက်ကို 'အရှင်း' အရှုံးမပေးချင်ပါ။ သူ့အမူးကိုပြေ အောင် လုပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်ဖြင့် စားပွဲမှာတင်ထားတဲ့ သံ ပုရာရည်ခွက်ကို ကောက်ယူလိုက်ကာ သူ့ပါးစပ်ထဲအတင်းထိုးထည့်ရင်း...

"သောက် သောက် မူးပြီးရမ်းချင်နေတဲ့သူ... ဒီအရည်ကို ကုန်အောင်ကိုတိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ..."

သူ့အသံဆက်ထွက်လို့ မရအောင်ပင် 'အရှင်း' က ဖန်ခွက်ကို သူ့ပါးစပ်ထဲ အတင်းထိုးထည့်ပစ်လိုက်သည်။ သံပုရာရည်ချဉ်ချဉ်တွေက ပါးစပ်ထဲဝင်ယုံတင်မက တချို့ ဘေးဘက်ကိုဖိတ်စင်လွင့်ကျကုန်ရတော့သည်။

သူ့မျက်နှာ ရှုံ့တွသွားသည်မှာ မြင်လို့ပင်မကောင်းပါ။

"မင်း သိပ်ကိုလွန်လာပြီနော် 'အရှင်း'..."

"ကျွန်မလွန်တယ်ဆိုတာ ရှင့်လောက်မဆိုးသေးပါဘူး... သူများအိမ်လာပြီး မစော်ကားတတ်ဘူး..."

သူ 'အရှင်း' ကို စိုက်ကြည့်နေတဲ့ပုံက တစ်ခုခုကို လုပ်ဖို့ စဉ်းစားနေတဲ့ အတိုင်းပါပဲ။ သူ ရှေ့တိုးလာတော့ 'အရှင်း' ရဲ့ ခြေလှမ်းက အလိုလိုအနောက်သို့ ဆုတ်သွားရလေသည်။ ခုန က ရဲရဲရင့်ရင့်ဖြစ်နေသော 'အရှင်း' ရဲ့ စိတ်ဓာတ်တွေ ဘယ်ချောင်သို့ လွင့်သွား ပြီလဲ မသိတော့။

"ရှင် ဘာလုပ်ဖို့လဲ"

'အရှင်း' မေးတာကို သူကမဖြေဘဲ ပြုံးလိုက်လေသည်။

"ပါးကွဲသွားမယ်နော်... ရှင် ရှေ့တိုးမလာနဲ့"

ပြောလိုက်မှ သူက ဖြုန်းကနဲရှေ့သို့တိုးလာကာ 'အရှင်း'





အား ခပ်တင်းတင်းလှမ်းဖက်လိုက်လေသည်။ ပြီးတော့ 'အရှင်း' ရဲ့ပါးကို ခပ်ကြမ်းကြမ်း ဖိနမ်းပစ်လိုက်ပါသည်။ လူကရှက်စိတ်နဲ့ မွှန်ထူသွားပြီး ဘယ်ကအင်အားတွေ ဝင်ရောက်လာသလဲ မသိပါ။

သူ့ကိုလွင့်သွားအောင် တွန်းထုတ်ပစ်လိုက်ရင်း သူ့ပါးကို ဘယ်ပြန်ညာပြန် ရိုက်ချမိသွားရသည်။

" 'အရှင်း'... 'အရှင်း' "

ခေါ်လိုက်သံက 'လေးလေး' ရဲ့ ခေါ်သံပါ။

'အရှင်း' နဲ့သူနဲ့ကြားသို့ 'လေးလေး' ဝင်ရောက်ကာရပ်ရင်းဖြစ်နေတဲ့ အခြေအနေကို ထိန်းသိမ်းလိုက်လေသည်။

"ဘာဖြစ်နေတာလဲ... 'မောင်ကျော်ဇော' ကို သမီးဘယ်လို လုပ်လိုက်တာလဲ... ရိုင်းလိုက်တာ သမီးရယ်... ယောကျ်ားတစ်ယောက်ကို ဒီလိုပဲ ဆက်ဆံစရာလား... ခက်တော့တာပဲ"

'အရှင်း' က တုန်ရီထိတ်လန့်သော စိတ်ဖြင့် ဘာစကားမှ ပြန်မပြောဘဲ ခေါင်းငုံ့ကာ ငြိမ်သက်နေမိပါသည်။ မျက်ရည်ကလည်းကျနေပါသည်။ သူ့မျက်နှာကိုတော့ မကြည့်ချင်တော့ပါ။

" ခုဖြစ်တဲ့ကိစ္စမှာ 'အရှင်း' မှာ ဘာအပြစ်မှ မရှိဘူး အစ်ကိုကြီး... ကျွန်တော် ရိုင်းသွားတာပါ... 'အရှင်း' ပြောတဲ့



www.burmeseclassic.com

www.burmeseclassic.com



စကားတွေကို မခံချင်တာရယ် သူ့ရဲ့လုပ်ရပ်တွေကို အသည်းယားလာတာရယ်ပေါင်းပြီး သူ့ကို ကျွန်တော်...”

“ရှင် ဘာမှ ဆက်မပြောနဲ့တော့ ‘ကိုကျော်ဇော’... ပြန်တော့ ခုချက်ချင်းကို ပြန်လိုက်တော့”

“ ‘အရှင်း’...”

သူ ‘အရှင်း’ ကို စိုက်ကြည့်နေပါသည်။ ပြီးတော့ ချာကနဲနေအောင် လှည့်ထွက်သွားပါတော့သည်။





## ၂၃

ဖြစ်သွားခဲ့တဲ့ အခြေအနေတွေအားလုံးကို ‘အရှင်း’ ကပြည့်ပြည့်စုံစုံပင် ‘လေးလေး’ သိအောင် ပြောပြနေမိပါသည်။ ‘အရှင်း’ ရဲ့ရင်ထဲမှာ စိတ်မကောင်းဖြစ်နေမိပါသည်။ သူ တမင်အရွဲ့တိုက်ပြီး ‘အရှင်း’ ကို လုပ်သွားခဲ့တယ်ဆိုတာ ‘အရှင်း’ သဘောပေါက်ပါသည်။

ဒါပေမယ့် ရုတ်တရက်ဆိုတော့ ဘယ်သူက ဒေါသကို ထိန်းသိမ်းထားနိုင်တော့မှာလဲ။

“သမီးက ဘာလို့မဟုတ်တာတွေသွားပြောရတာလဲ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ကွယ်... သူက စိတ်ပူလို့ မေးနေရင် ကိုယ့်ဘက်က အဖြစ်မှန်ကို ရှင်းပြလိုက်ရင် ပြီးနေတဲ့ဟာကို... 'မောင်ကျော်ဒေး' သမီးကို ဘယ်လောက်စွဲလန်းတယ်ဆိုတာ 'လေးလေး' သိတာပေါ့...ပြီးတော့ သမီးရင်ထဲမှာလည်း သူ့ကို သံယောဇဉ် မရှိတာလည်း မဟုတ်ဘူး ကိုယ်သံယောဇဉ်ရှိတဲ့သူကို ဘာလို့အချိန်ဆွဲပြီး စိတ်ဆင်းရဲမှုတွေ ပေးနေရတာလဲ"

'အရှင်း' နှုတ်က ဘာစကားမှ ပြန်မပြောနိုင်တော့ပါ။ ခြံထဲကနေကြမ်းတမ်းစွာ မောင်းထွက်သွားတဲ့ သူ ကားမောင်းပုံကို ပြန်မြင်ယောင်မိပြီး ခုမှ စိတ်ပူပန်ရမှန်းသိတော့သည်။

'အရှင်း' စိတ်ထဲမှာ သူ့အတွက် ပူပင်နေတုန်းရှိသေးသည် ဖုန်းမြည်သံကျယ်ကျယ်က လူကိုအထိတ်တလန့် ဖြစ်သွားစေပါသည်။ 'လေးလေး' က ဖုန်းထကိုင်လိုက်သည်။

"ခင်ဗျာ ... ဩော် ဟုတ်ပါတယ်... ဘာကိစ္စရှိလို့လဲ မသိဘူး..."

"........."

"အေး အေး ခုပဲကိုယ်တို့ လိုက်လာခဲ့ပေးပါ့မယ်"

'လေးလေး' မျက်နှာက ထန်းသိမ်းမရအောင် ပျက်ယွင်းလို့နေပါသည်။





" 'လေးလေး' ဘယ်သူဆက်တာလဲ... ဘာဖြစ်လို့လဲ"

" 'မောင်ကျော်ဒေး' သူငယ်ချင်း 'မောင်ဝဏ္ဏ' ဆက်တာ... 'မောင်ကျော်ဒေး' ကားတိုက်မိလို့တဲ့ ... အခု ဆေးရုံရောက်နေတယ်... 'လေးလေး' လိုက်သွားလိုက်အုံးမယ်"

"ဟင် ဒါဆို 'အရှင်း' လည်း လိုက်မှာပေါ့ 'လေးလေး' ရဲ့"

"ဘာလို့ လိုက်မှာလဲကွယ်... ဆေးရုံရောက်မှ ပြဿနာဖြစ်တာမျိုးကို 'လေးလေး' လက်မခံနိုင်ဘူး... ဟိုမှာက နာရေးဖြစ်နေတာ..."

"ပြဿနာတက်စရာမှ မရှိဘဲ... သူ့ကို 'အရှင်း' စိုးရိမ်တယ် 'လေးလေး' ခေါ်ချင်ခေါ် မခေါ်ချင်နေ 'အရှင်း' ဖါသာပဲ သွားတော့မယ်"

"ဟဲ့ နေအုံးလေ... ခက်တော့တာပဲ"

'လေးလေး' က ကားကို ဂရုတစိုက် မောင်းနေပေမယ့် 'အရှင်း' ကတော့စိုးရိမ်စိတ်နဲ့ ဝမ်းပမ်းတနည်းကို ငိုနေမိပါသည်။ သူသာတစ်ခုခု ဖြစ်သွားလို့ကတော့ 'အရှင်း' ဘယ်လိုနည်းနဲ့မှ ဖြေဆည်နိုင်မယ် မထင်တော့ချေ။

'အရှင်း' တစ်ယောက်တည်း ကြေကွဲစွာ ရှုးပြီးကျန်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



အောင်လို့ မထားခဲ့ပါနဲ့ 'ကိုကျော်ဇော' ရယ်...။

"ဘာလို့ ငိုနေရတာလဲ 'အရှင်း' ရာ... ဟိုကအခြေအနေကိုလည်း ဘာဆိုဘာမှ သိရသေးတာမှ မဟုတ်တဲ့ဟာ... နင်ငိုနေတာနဲ့ ငါတောင် စိတ်ညစ်လာပြီ... ကိုယ့်စိတ်ကိုယ် မထိန်းနိုင်ရင်မသွားတော့ဘူး... လှည့်ပြန်တော့မယ်"

"အို 'လေးလေး' စကားက ဘာကြီးလဲ... သူက ဘာဖြစ်မှာကျနေတာပဲ... ငိုတာကတော့ ဝမ်းနည်းလို့ငိုတာပေါ့... ကိုယ်ချစ်တဲ့သူ တစ်ယောက်လုံး ဆေးရုံရောက်နေတဲ့ကိစ္စ 'အရှင်း' က မငိုလို့ ရယ်နေရမှာလား"

"ခုတော့ ချစ်သွားပြီလား"

"ခုမှ ချစ်တာမဟုတ်ဘူး... ဟိုးအရင်ကတည်းက ချစ်နေတာ 'ကိုကျော်ဇော' က 'အရှင်း' ရဲ့ဘဝအတွက် ဘုရားကဖန်ဆင်းပေးလိုက်တဲ့ ချစ်သူပဲ... သူကလွဲပြီး 'အရှင်း' ဘယ်သူကိုမှ မချစ်ဘူး"

'လေးလေး' ရဲ့ကား ဆေးရုံဝင်းထဲရောက်လာပြီဆိုတာနဲ့ 'အရှင်း' က စိတ်လောကြီးစွာဖြင့် တံခါးကိုဖွင့်ဆင်းဖို့ပြင်သည်။

"ဟဲ့ ဟဲ့... ဘယ်လိုဖြစ်နေတာလဲ 'အရှင်း' ရာ... နောက်တစ်ယောက် ဆေးရုံထပ်ရောက်နေပါအုံးမယ်... ကားရပ်မှ





ဆင်းစမ်းပါ"

ဆေးရုံအဝင်ဝမှာ 'ကိုဝဏ္ဏ' က ထွက်စောင့်ပြီး ကြိုနေလေသည်။

"'ကိုဝဏ္ဏ' ... သူ့ အခြေအနေဘယ်လိုလဲဟင်... သူ အခု ဘယ်မှာလဲ"

'ကိုဝဏ္ဏ' က မျက်နှာပျက်စွာဖြင့် ခေါင်းကိုခါပြလေသည်။

"သူ့အမေကို ငါစောင့်ပေးနေတာ... စိတ်မကောင်းဘူးဟာ သုံးထပ် အခန်းနံပါတ် ၃၀၅ မှာရှိတယ်..."

မျက်ရည်တွေဖြိုင်ဖြိုင်ကျပြီး 'အရှင်း' လှေကားထစ်တွေကို ပြေးတက်လာခဲ့လိုက်ပါသည်။ သူ့ရှိနေတဲ့အခန်းတံခါးက ပွင့်နေပါသည်။

ကုတင်ပေါ်မှာ မျက်စိမှိတ်ပြီး သူက ငြိမ်သက်နေပါသည်။

'အရှင်း' သူ့ကို အပြေးပင် သွားဖက်လိုက်ပြီး ကြေကွဲစွာ ပြောလိုက်မိပါသည်။

"ရှင် မသေရဘူး 'ကိုကျော်ဇော'... ရှင့်ကို ကျွန်မချစ်တယ် ရှင် ကျွန်မကို တစ်ယောက်တည်း ဒီအတိုင်းထားသွားမ



www.burmeseclassic.com

www.burmeseclassic.com

လို့လား ကျွန်မ ပြောတဲ့ ချစ်တယ်ဆိုတဲ့စကားကို နားထောင် မသွားတော့ဘူးလား 'ကိုကျော်ဇော' ရယ်"

'အရှင်း' က ရှိုက်ကြီးတငင်ပင် အကျယ်ကြီးအော်ငိုပစ်လိုက်ပါသည်။ ခဏနေတော့ 'အရှင်း' ရဲ့ နားထဲမှာ ဗိုးတဝါး အသံတစ်သံကို ကြားလိုက်ရပါသည်။

"ငိုနေရတာ မမောသေးဘူးလား 'အရှင်း' ရယ်"

"ဟင်..."

ဗြုန်းကနဲ သူ့မျက်နှာကို မော့ကြည့်ဖြစ်သွားရသည်။

'အရှင်း' ကို ပြုံးပြနေတဲ့ သူ့အပြုံးက လတ်ဆတ်လို့နေပါသည်။ သူ ဘာမှ မဖြစ်ဘူးပေါ့။

"ရှင် မသေဘူးနော်..."

သူက ခေါင်းကိုခါယမ်းပြရင်း...

"'အရှင်း' ရဲ့အချစ်ကိုမရဘဲ လူ့လောကထဲကနေ ကျွန်တော် ဘယ်ထွက်သွားနိုင်မလဲဗျာ... ကျွန်တော် သေတယ်လို့ 'အရှင်း' ကို ဘယ်သူပြောသလဲ"

"'ကိုဝဏ္ဏ'..."

"ငါ မပြောပါဘူး 'အရှင်း' ရာ... အခြေအနေမကောင်းဘူးလို့ပဲ ပြောတာပါ... ဒါကလည်း နှင့်စိတ်ကြောင့် ရှုးကြောင်





ကြောင် ဖြစ်ချင်နေလို့ ပြောလိုက်တာ... ကားတိုက်တာက နည်းနည်းကလေး... ငါ့အလုပ်အဝင်ဝက အုတ်ဘောင်ကို တိုက်မိတာ... ဖြစ်တာကနည်းနည်းလေး...နဖူးဘုထွက်သွားယုံလောက်ပဲရှိတာ... နင့် စိတ်ကို စမ်းချင်တယ်ဆိုပြီး ဆေးရုံကို အတင်းတက်နေတာ"

'အရှင်း' က မျက်စောင်းထိုးကာ သူ့ကိုကြည့်လိုက်တော့...

"ချစ်လို့ပါ 'အရှင်း' ရယ်... မျှော်လင့်ချက်မရှိတော့ဘူး အောင်းမေ့ပြီး နောက်ဆုံးကျည်ဆံအနေနဲ့ ပစ်လိုက်တာပါ"

'အရှင်း' က ဘာမှပြန်မပြောမနေတော့ဘဲ အပြုံးမျက်နှာဖြင့် သူ့လက်ကိုသာ ခပ်တင်းတင်း ဆုပ်ကိုင်ထားလိုက် မိပါတော့သည်။

[illegible]

[illegible]

ဝေဝေအောင်



www.burmeseclassic.com